ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ကျောင်းသုံးစာအုပ်

# ပထဝီဝင်

## အဋ္ဌမတန်း



၂၀၂၂ - ၂၀၂၃

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၁ | **သဘာဝပထဝီဝင်** | |
| ၁. ၁ | သမုဒ္ဒရာရေဆားငန်ခြင်း | ၃ |
| ၁. ၂ | သမုဒ္ဒရာရေ၏ အပူချိန် | ၅ |
| ၁. ၃ | ဒီရေ | ၇ |
| ၁. ၄ | သမုဒ္ဒရာရေစီးကြောင်းများ | ၁၀ |
| ၁. ၅ | သမုဒ္ဒရာကြမ်းပြင်နှင့်သမုဒ္ဒရာရေအနက်ဇုန်များ | ၁၄ |
| အခန်း ၂ | **လူမှုရေးပထဝီဝင် (မြန်မာနိုင်ငံ၏လူမှုရေးပထဝီဝင်)** | |
| ၂. ၁ | ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် နေထိုင်သောတိုင်းရင်းသားများ၏ | |
| | စီးပွားရေးနှင့်ကုန်သွယ်ရေး | ၁၈ |
| အခန်း ၃ | **ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်** | |
| ၃. ၁ | ရေအရင်းအမြစ် | ၄၈ |
| ၃. ၂ | ရေအသုံးပြုမှု | ၅၃ |
| ၃. ၃ | ရေထုညစ်ညမ်းခြင်း | ၅၅ |
| ၃. ၄ | ရေထုညစ်ညမ်းမှုအမျိုးအစားများ | ၅၆ |
| ၃. ၅ | ရေထုညစ်ညမ်းမှုဖြစ်ပေါ်လေ့ရှိသောနေရာများ | ၅၉ |
| ၃. ၆ | ရေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုနှင့်ထိန်းသိမ်းကာကွယ်မှု | ၆၅ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **အခန်း ၄** | **အာဆီယံနိုင်ငံများ၏ဒေသန္တရပထဝီဝင်** | |
| ၄.၁ | အင်ဒိုနီးရှားသမ္မတနိုင်ငံ | ၆၈ |
| ၄.၂ | စင်ကာပူသမ္မတနိုင်ငံ | ၇၆ |
| ၄.၃ | ဘရူနိုင်းနိုင်ငံ | ၈၁ |
| ၄.၄ | ဖိလစ်ပိုင်သမ္မတနိုင်ငံ | ၈၆ |
| **အခန်း ၅** | **လက်တွေ့ပထဝီဝင်** | |
| ၅.၁ | မြေပြင်လက္ခဏာပြမြေပုံများ | ၉၃ |
| ၅.၂ | ကွန်တိုမြေပုံများ | ၉၇ |

# အခန်း(၁)

# သဘာဝပထဝီဝင်

**နိဒါန်း**

- ဆဋ္ဌမတန်း သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာ၊ နေ၊ လ တို့နှင့်သက်ဆိုင်သည့် အကြောင်းအရာများကိုသင်ကြားခဲ့ပြီး သတ္တမတန်း သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာမြေကြီး တည်ဆောက်ပုံ၊ တိုက်ကြီးများ၊ ကျွန်းများနှင့်ပတ်ဝန်းကျင်တိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော မြေပြင်သဏ္ဌာန်များအကြောင်းကို သင်ကြားခဲ့ပြီးဖြစ်သည်။
- ယခု အဋ္ဌမတန်း သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာ့ရေထုအကြောင်းကို သင်ကြားမည်ဖြစ်သည်။
- ကမ္ဘာ့ရေထုတွင်ပါဝင်သော အစိတ်အပိုင်းများအနက် ဤအပိုင်းတွင် သမုဒ္ဒရာရေထုအကြောင်းများဖြစ်သည့်သမုဒ္ဒရာရေထုဆားငန်နှုန်း၊သမုဒ္ဒရာရေထုအပူချိန်၊ဒီရေဖြစ်ပေါ်လာရခြင်းနှင့် သမုဒ္ဒရာရေစီးကြောင်းများအကြောင်းကို လေ့လာသင်ယူရမည်ဖြစ်သည်။

**ဤသင်ခန်းစာနှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာ**

- သတ္တမတန်းတွင် ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ တိုက်ကြီးများတည်ရှိပုံနှင့် ကျွန်းများတည်ရှိပုံကို သိခဲ့ပြီးဖြစ်သည်။
- သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသော ကုန်းမြေပေါ်ရှိမြေပြင်သဏ္ဌာန်များအကြောင်းကို သိခဲ့ပြီးဖြစ်သည်။

**ဤသင်ခန်းစာကို လေ့လာသင်ယူပြီးပါက ကျောင်းသားများသည် အောက်ပါတို့ကိုသိရှိနားလည်နိုင်မည်။**

- သမုဒ္ဒရာရေဆားငန်ရခြင်းအကြောင်းကို ရှင်းပြတတ်မည်။
- သမုဒ္ဒရာရေ အပူချိန်ကွဲပြားမှုကို ဖော်ပြတတ်မည်။
- ဒီရေအကြောင်းကို ရှင်းပြတတ်မည်။
- သမုဒ္ဒရာရေစီးကြောင်းများဖြစ်သော ရေအေးစီးကြောင်းများနှင့် ရေနွေးစီးကြောင်းများကို ခွဲခြားဖော်ပြတတ်မည်။
- သမုဒ္ဒရာကြမ်းပြင်ကို မြေပြင်အနေအထားအရ အပိုင်းများခွဲခြားသိရှိပြီး ရေနက်ဇုန်များကိုလည်း ခွဲခြားတတ်မည်။

## ကမ္ဘာ့ရေထု

**သင်ခန်းစာမိတ်ဆက်**

- ကမ္ဘာ့မြေမျက်နှာပြင်ဧရိယာ၏ လေးပုံသုံးပုံကို ရေထုကဖုံးလွှမ်းထားပြီး အမျိုးစုံသည့် ရေအရင်းအမြစ်များ ပါဝင်နေသည်။

**ကမ္ဘာ့ရေထု**

ကမ္ဘာ့ရေထုတွင် ကမ္ဘာပေါ်ရှိ ရေများအားလုံးပါဝင်သည်။ ထိုရေများတွင် အရည်အဖြစ်ရှိနေသည့် သော်လည်းကောင်း၊ အေးခဲနေသောအစိုင်အခဲ (ရေခဲ) အဖြစ်ဖြင့်သော်လည်းကောင်း ရှိနေသည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိရေများ၊ မြေဆီလွှာနှင့်ကျောက်များအတွင်းရှိ မြေအောက် ရေများ၊ လေထု အတွင်းရှိရေငွေ့များနှင့် သက်ရှိများအတွင်းရှိ ရေများအားလုံးပါဝင်သည်။

ကမ္ဘာ့မျက်နှာပြင်ပေါ်တွင် ရေသည် ပေါကြွယ်ဝသောဒြပ်ပေါင်းတစ်ခုဖြစ်သည်။ သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ အင်းအိုင်များ၊ ရေခဲပြင်များ၊ ရေခဲမြစ်များနှင့် မြေအောက်ရေများရှိရေပမာဏ စုစုပေါင်းသည် ကုဗကီလိုမီတာသန်းထောင်ပေါင်း ၁. ၄ ခန့်ရှိသည်။ ကမ္ဘာ့ရေထုအစိတ်အပိုင်းများ အတွင်း ရေများပျံ့နှံ့တည်ရှိမှုကို အောက်ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုနိုင်သည်။

**ဇယား(၁)ကမ္ဘာ့ရေထုအစိတ်အပိုင်းများအတွင်း ရေများပျံ့နှံ့တည်ရှိမှု**

| ရေတည်နေရာ | ကုဗကီလိုမီတာ | ရာနိုင်နှုန်း |
|---|---|---|
| ပင်လယ်သမုဒ္ဒရာ | ၁၃၃၈၀၀၀၀၀၀ | ၉၆. ၅၃၇၈ |
| ရေခဲပြင်၊ ရေခဲမြစ်နှင့်နှင်းပြင်များ | ၂၄၀၆၄၀၀၀ | ၁. ၇၃၆၂ |
| အေးခဲနေသောမြေအောက်ရေနှင့် မြေဆီလွှာအတွင်းအေးခဲသောနေရာများ | ၃၀၀၀၀၀ | ၀. ၀၂၂၀ |
| မြေအောက်ရေစုစုပေါင်း | ၂၃၄၀၀၀၀၀ | ၁. ၆၈၈၀ |
| အိုင်များစုစုပေါင်း | ၁၇၆၄၀၀ | ၀. ၀၁၃၀ |
| မြေဆီလွှာတွင်းရှိရေ | ၁၆၅၀၀ | ၀. ၀၀၁၀ |
| လေထုအတွင်းရှိရေ | ၁၂၉၀၀ | ၀. ၀၀၀၉ |
| နွံအိုင်များအတွင်းရှိရေ | ၁၁၄၇၀ | ၀. ၀၀၀၈ |
| မြစ်ချောင်းများ | ၂၁၂၀ | ၀. ၀၀၀၂ |
| သက်ရှိခန္ဓာကိုယ်အတွင်းရှိရေ | ၁၁၂၀ | ၀. ၀၀၀၁ |
| စုစုပေါင်း | ၁၃၈၅၉၈၄၆၁၀ | ၁၀၀ |

Source: https://www.britannica.com/science/hydrosphere/cfjzif

# သမုဒ္ဒရာရေထု

## ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေများ

### သင်ခန်းစာမိတ်ဆက်

- ပင်လယ်သမုဒ္ဒရာရေထဲတွင် ဆားအမျိုးမျိုးပျော်ဝင်နေခြင်းကြောင့် သမုဒ္ဒရာရေသည် ငန်သည်။

### ၁.၁ သမုဒ္ဒရာရေဆားငန်ခြင်း

ကမ္ဘာပေါ်ရှိရေများ၏ ၉၆. ၅ ရာခိုင်နှုန်းသည် ပင်လယ်နှင့်သမုဒ္ဒရာများအတွင်းရှိ ရေများဖြစ်သည်။ ပင်လယ်သမုဒ္ဒရာများသည် ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ဖုံးလွှမ်းထားသည်။ ပင်လယ်သမုဒ္ဒရာရေသည် ဆားအမျိုးမျိုးပျော်ဝင်နေသော ဆားငန်ရေဖြစ်သည်။ တစ်နေရာနှင့် တစ်နေရာ ဆားငန်မှုနှုန်းမတူညီသော်လည်း ပျော်ဝင်နေသော ဆားအမျိုးအစားနှင့်အချိုးအစားမှာ တူညီသည်။ ပျမ်းမျှအားဖြင့် ပင်လယ်ရေအလေးချိန်ဂရမ် ၁၀၀၀ တွင် ဆားအမျိုးမျိုး ၃၅ ဂရမ် ပျော်ဝင်နေသည်။ ဆိုဒီယမ်ကလိုရိုဒ်မှာ ၃၀ ဂရမ်ခန့်ရှိသည်။ မဂ္ဂနီဆီယမ်ဆာလဖိတ်မှာ ၄ ဂရမ် ခန့်ဖြစ်ပြီး ကျန် ၁ ဂရမ်ခန့်မှာ ကယ်လ်ဆီယမ်နှင့် ပိုတက်ဆီယမ်တို့၏ ကာဗွန်နိတ်များ အများစုပါဝင်သည်။

ပင်လယ်ရေ၏ ဓာတုဖွဲ့စည်းမှုတွင်ပါဝင်သော ဒြပ်စင်များမှာ ဟိုက်ဒြိုဂျင်၊ အောက်ဆီဂျင်၊ ဆိုဒီယမ်တို့နှင့် ဆာလဖာ၊ ကလိုရင်း၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်၊ ပိုတက်ဆီယမ်နှင့် ကာဗွန်တို့ပါဝင်သည်။ သမုဒ္ဒရာရေထဲတွင် သက်ရှိများအတွက် အာဟာရဖြစ်သော ဖော့စဖရပ်၊ နိုက်ထရိုဂျင်နှင့် ဆီလီကွန်ဒြပ်စင်တို့ပါဝင်ပြီး အခြားအနည်းငယ်တွေ့နိုင်သော ဒြပ်စင်များအနေဖြင့် သံ၊ ကိုဘော့နှင့် ကြေးနီတို့ဖြစ်သည်။ အထက်ပါဓာတုဒြပ်စင်တို့သည်ပင်လယ်သမုဒ္ဒရာများအတွင်းရှိသက်ရှိများအတွက် အရေးပါသောဒြပ်စင်များ ဖြစ်သည်။

ပင်လယ်ရေငန်ရခြင်းမှာနေ၏အပူရှိန်ကြောင့် ရေများအငွေ့ပြန်၍ ဆားများကျန်ရစ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ပင်လယ်သမုဒ္ဒရာရေငန်ခြင်းအခြေအနေကွဲပြားရခြင်းမှာ (၁) ရေချိုရရှိနှုန်း (၂) ရေငွေ့ပြန်နှုန်းနှင့် ဒြပ်စင်များရောစပ်နှုန်းတို့သည် နေရာကိုလိုက်၍ကွဲပြားသောကြောင့်ဖြစ်သည်။ အီကွေတာရပ်ဝန်းရှိ သမုဒ္ဒရာများသည် အပူချိန်မြင့်မားစွာရရှိမှုကြောင့် ရေငွေ့ပြန်နှုန်းများ၍ ဆားငန်နှုန်းမြင့်တက်လာသော်လည်း မိုးရွာသွန်းမှုများပြားသောကြောင့် အလယ်ပိုင်းလတ္တီကျုများရှိ သမုဒ္ဒရာရေပြင်များကဲ့သို့ ဆားငန်နှုန်း မမြင့်မားလှပေ။ ဝင်ရိုးစွန်းဒေသများတွင် ရေခဲတောင်များအရည်ပျော်ခြင်းမှ ရေချိုများရရှိခြင်းနှင့် ရေငွေ့ပြန်မှုနည်းခြင်းတို့ကြောင့် ထိုဒေသများရှိ

သမုဒ္ဒရာရေထဲတွင် ဆားပါဝင်နှုန်းလျော့နည်းသည်။ ကုန်းတွင်းပင်လယ်များတွင် ပင်လယ်ရေငန်နှုန်း

ပင်လယ်သေ၊ ကက်စပီယန်ကဲ့သို့သော ကုန်းတွင်းပင်လယ်များတွင် ... မြစ်ဝကြီးများနှင့်နီးသော ပင်လယ်ပိုင်းတွင် အမြင့်မားဆုံးဖြစ်သည်။ ရေချိုများစွာရရှိသည့် ဆားငန်နှုန်းလျော့နည်းသည်။




**ပုံ (၁.၁) သမုဒ္ဒရာရေဆားငန်နှုန်းပြပုံ**

**အဓိကအချက်များ**

- ပင်လယ်သမုဒ္ဒရာရေသည် ဆားအမျိုးမျိုးပျော်ဝင်နေသော ဆားငန်ရေဖြစ်သည်။
- တစ်နေရာနှင့်တစ်နေရာ ဆားငန်မှုနှုန်း မတူညီသော်လည်း ပျော်ဝင်နေသော ဆား အမျိုးအစားနှင့် အချိုးအစားမှာ တူညီသည်။
- ပင်လယ်သမုဒ္ဒရာရေငန်ခြင်း အခြေအနေကွဲပြားရခြင်းမှာ (၁)ရေချိုရရှိနှုန်း (၂) ရေငွေ့ပြန်နှုန်းနှင့်ဒြပ်စင်များရောစပ်နှုန်းတို့သည် နေရာကိုလိုက်၍ ကွဲပြားသောကြောင့်ဖြစ်သည်။

### လေ့ကျင့်ရန်မေးခွန်းများ

၁။ ပင်လယ်သမုဒ္ဒရာရေတွင် ပါဝင်သော ဆားအမျိုးမျိုးကို ဖော်ပြပါ။

၂။ ပင်လယ်သမုဒ္ဒရာရေ၏ ဓာတုဖွဲ့စည်းမှုတွင်ပါဝင်သော ဒြပ်စင်များကို ဖော်ပြပါ။

၃။ ပင်လယ်သမုဒ္ဒရာရေ ငန်ရသည့် အကြောင်းရင်းများကို ရှင်းပြပါ။

## ၁.၂ သမုဒ္ဒရာရေ၏ အပူချိန်

### သင်ခန်းစာမိတ်ဆက်

- သမုဒ္ဒရာရေ၏ပျမ်းမျှအပူချိန်သည် ဥတုအလိုက်ပြောင်းလဲပြီး အီကွေတာမှ ဝင်ရိုးစွန်းဘက်သို့ အပူချိန်လျော့နည်းသွားသည်။

### သမုဒ္ဒရာရေ၏ အပူချိန်

သမုဒ္ဒရာရေ၏အပူချိန်သည် နေရောင်ခြည်ရရှိမှုပေါ်မူတည်၍ ကွဲပြားမှုရှိသည်။ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ရသော မျက်နှာပြင်ရေသည် ပို၍ပူနွေးပြီး နေရောင်ခြည်နှင့်ဝေးသော အောက်ပိုင်းရေသည် အပူလျော့သည်။ ထို့ကြောင့်သမုဒ္ဒရာရေသည် ပင်လယ်ရေမျက်နှာပြင်မှ အနက်ပေ ၆၀၀၀ ခန့်အထိ တဖြည်းဖြည်း အပူချိန်လျော့သွားသည်။ အနက်ပေ ၆၀၀၀ ခန့်မှစ၍ အောက်ပိုင်းများတွင် အပူချိန် ၂.၂ ဒီဂရီ ဆဲလ်စီးယပ်ခန့်သာ ရှိသည်။

အီကွေတာပိုင်းရှိသမုဒ္ဒရာမျက်နှာပြင်ရေ၏အပူချိန်သည်ပျမ်းမျှခြင်းအားဖြင့် ၂၆.၅ ဒီဂရီ ဆဲလ်စီးယပ်မျှရှိသည်။ နေပူရှိန်ပိုရသော အီကွေတာပိုင်းမှ နေပူရှိန်ရရှိမှုနည်းသော ဝင်ရိုးစွန်းဘက်သို့ တဖြည်းဖြည်း အပူချိန်လျော့နည်းသွားသည်။ ဝင်ရိုးစွန်းပိုင်းတွင် သမုဒ္ဒရာမျက်နှာပြင် ရေသည် ရေခဲသည်အထိအေးပြီး အပူချိန် '၀' ဒီဂရီဆဲလ်စီးယပ်ဖြစ်သည်။ သို့သော် နေရာတိုင်းတွင် တညီတညာတည်းလျော့နည်းသွားခြင်း မဟုတ်ပေ။ သမုဒ္ဒရာရေနွေးစီးကြောင်းများ၊ ရေအေးစီးကြောင်းများ ဖြတ်သန်းစီးဆင်းပါက ဖြတ်သန်းစီးဆင်းရာဒေသ၏ သမုဒ္ဒရာရေအပူချိန် ပြောင်းလဲမှုဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာ့မြောက်ခြမ်းနှင့်တောင်ခြမ်းကို ကုန်းမြေနှင့်ရေပြင် အချိုးအစားကွာခြားမှုကြောင့် ကုန်းမြေပိုများသော ကမ္ဘာ့မြောက်ခြမ်းရှိသမုဒ္ဒရာမျက်နှာပြင်ရေသည် ကမ္ဘာ့တောင်ခြမ်းရှိသမုဒ္ဒရာ မျက်နှာပြင်ရေထက် ပို၍ပူနွေးသည်။

ကမ္ဘာ့မျက်နှာပြင် သမုဒ္ဒရာရေအပူချိန်ကွာခြားရခြင်း ဖြစ်ပေါ်စေသောအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) နေရောင်ခြည်ရရှိမှု ကွဲပြားခြင်း

(ခ) သမုဒ္ဒရာရေနွေးစီးကြောင်းများ ရေအေးစီးကြောင်းများရှိခြင်း

(ဂ) နေရောင်ခြည်ရရှိချိန်သို့မဟုတ် နေ့တာအတိုအရှည်သည်နေရာကိုလိုက်၍ ကွဲပြားခြင်း

(ဃ) လေပူလေအေးများ ဖြတ်သန်းတိုက်ခတ်ခြင်း

(င) တိုက်ကြီးများနှင့် အနီးအဝေးကွာခြားခြင်းတို့ကြောင့် ဖြစ်သည်။

သမုဒ္ဒရာရေများအပူချိန်မတူညီမှုကြောင့် အောက်ပါအချက်များကို ဖြစ်ပေါ်စေသည်။

- အေးသောရေသည် နွေးသောရေထက် ပို၍သိပ်သည်းမှုများသဖြင့် ရေအေးများသည် ရေနွေးများအောက်ဘက်သို့ မြုပ်ဆင်းသွားလေ့ရှိသည်။
- အေးသောရေသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့သော ပျော်ဝင်နိုင်သည့် ဓာတ်ငွေ့များကို ပိုမို ထိန်းသိမ်းနိုင်သည်။
- ရေအပူချိန်သည်ငုံရေအတွင်း ရှင်သန်ပေါက်ဖွားလျက်ရှိသော သက်ရှိများအတွက် အရေးပါသည်။

သမုဒ္ဒရာရေ၏ ဆားငန်နှုန်းနှင့်အပူချိန်ကွာခြားခြင်းတို့ကြောင့် သမုဒ္ဒရာရေ၏ဒေါင်လိုက် အလွှာများကြား ရေများအထက်အောက်လှည့်လည်ခြင်း၊ သမုဒ္ဒရာမျက်နှာပြင်တွင် ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။

**အဓိကအချက်များ**

- သမုဒ္ဒရာရေ၏အပူချိန်သည် နေရောင်ခြည်ရရှိမှုပေါ် မူတည်၍ ကွဲပြားမှုရှိသည်။
- သမုဒ္ဒရာရေသည် ပင်လယ်ရေမျက်နှာပြင်မှ အနက်ပေ ၆၀၀၀ ခန့်အထိ တဖြည်းဖြည်း အပူချိန်လျော့သွားသည်။
- ကမ္ဘာ့မြောက်ခြမ်းရှိ သမုဒ္ဒရာမျက်နှာပြင်ရေသည် ကမ္ဘာ့တောင်ခြမ်းရှိ သမုဒ္ဒရာ မျက်နှာပြင်ရေထက် ပို၍ပူနွေးသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ သမုဒ္ဒရာရေ၏အပူချိန်သည် မည်သို့ကွဲပြားမှု ရှိသနည်း။

၂။ အီကွေတာနှင့်ဝင်ရိုးစွန်းပိုင်းရှိ သမုဒ္ဒရာများရေအပူချိန်ကို နှိုင်းယှဉ်ဖော်ပြပါ။

၃။ ကမ္ဘာ့သမုဒ္ဒရာများရှိရေ၏အပူချိန် ကွာခြားရခြင်းကိုဖြစ်ပေါ်စေသော အကြောင်းရင်း များ ကို ရှင်းပြဆွေးနွေးပါ။

## ၁.၃ ဒီရေ

### သင်ခန်းစာမိတ်ဆက်

- ကမ္ဘာကို နေ၊ လ တို့က ဆွဲငင်ခြင်းနှင့် ကမ္ဘာလည်နေခြင်းသည် ဒီရေကိုဖြစ်ပေါ်စေသော အဓိကအကြောင်းရင်း ဖြစ်သည်။

### ဒီရေ

ဒီရေသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ နိမ့်ကျခြင်းပင်ဖြစ်သည်။ ဒီရေဆိုသည်မှာ ကမ္ဘာသည် မိမိဝင်ရိုးပေါ်တွင်လည်ခြင်းနှင့် နေနှင့်လတို့၏ ဆွဲငင်အားတို့ပေါင်းစပ်ဖြစ်ပေါ်မှုဖြစ်စဉ်တစ်ခုဖြစ်သည်။ တောင့်တင်းခိုင်မာသော ကမ္ဘာမြေထုသည် လနှင့်နေတို့၏ဆွဲငင်မှုကြောင့် မြင့်တက်ခြင်းမရှိဘဲ ရေထုသာလျှင်မြင့်တက်လာသဖြင့် ဒီရေကို ဖြစ်ပေါ်စေသည်။ လနှင့်နေတို့၏ ဆွဲငင်မှုကြောင့်ကမ္ဘာ့ရေထုသည်လနှင့်မျက်နှာမူရာဘက်တွင်မြင့်တက်လာသည်။ ၎င်းနှင့်ဆန့်ကျင်ဘက်၌ လည်း မြင့်တက်လာသည်။ ထို့ကြောင့် ကမ္ဘာ့နေရာနှစ်ဖက်တွင် တစ်ချိန်တည်းရေတက်၍ ကျန်နှစ်ဖက်တွင် ရေကျလျက်ရှိသည်။

ဒီရေသည် တစ်ရက်တာအတွင်း နှစ်ကြိမ်တက်၍နှစ်ကြိမ်ကျသည်။




**ပုံ (၁.၂) ရေတက်ရေကျ သရုပ်ပြပုံ**

ပုံတွင် (မ) နေရာသည် လနှင့်မျက်နှာချင်းဆိုင်ဘက်တွင်ရှိ၍ ရေများမြင့်တက်လျက်ရှိပြီး (မ) နေရာ၏ဆန့်ကျင်ဘက်ဖြစ်သော ကမ္ဘာ၏အခြားတစ်ဖက်ရှိ (ဖ) နေရာတွင် ရေများသည် တည်နေအင်နားရှားအရ လဆွဲရာဘက်သို့ ကမ္ဘာမြေထုနှင့် မလိုက်ပါဘဲ နောက်တွင်စုပုံ၍ကျန်ခဲ့သည်။ သို့ဖြစ်၍ ဆန့်ကျင်ဘက်(ဖ) နေရာတွင်လည်း ဒီရေများမြင့်တက် လျက်ရှိသည်။ (မ) နှင့် (ဖ)နေရာများတွင် ထိုကဲ့သို့ ရေထုမြင့်တက်နေသည့်အခါတွင် ကျန်ဒေသများမှ ရေထုသည် လျော့နည်းသွားခြင်းကြောင့် (က) နှင့် (ခ)နေရာများတွင် ရေကျဖြစ်နေသည်။




**ပုံ (၁.၃) ရေသေ၊ ရေထ နှင့် နေ၊ လ အနေအထားပြပုံ**

ပထမရေတက်ချိန်နှင့် ဒုတိယရေတက်ချိန်သည် ၁၂ နာရီ ၂၈ မိနစ် ကွာခြားသည်။ ဤသို့ဖြစ်ရခြင်းမှာ ကမ္ဘာသည်မိမိဝင်ရိုးပေါ်တွင် လည်နေချိန်၌ လသည်လည်း ကမ္ဘာလည်သည့် လားရာအရပ်အတိုင်း အနောက်မှအရှေ့သို့ ကမ္ဘာကိုပတ်နေသောကြောင့် ဖြစ်သည်။ ကမ္ဘာ တစ်ပတ်ပြည့်အောင်လည်ပြီးချိန်၌ လသည်မိမိ၏လပတ်လမ်းကြောင်းပေါ်တွင် ၁၄ ဒီဂရီမျှ ရှေ့တိုး သွားမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိလနှင့်တည့်သောနေရာသည် နောက်တစ်ကြိမ် ထပ်မံ၍ လနှင့်တည့်ရန် ကမ္ဘာကိုတစ်ပတ်ပြည့်အောင် ၃၆၀ ဒီဂရီလည်ပြီးသည့်အပြင်နောက်ထပ် ၁၄ ဒီဂရီ ထပ်၍လည်ရန် လိုသည်။ ထိုသို့ ၁၄ ဒီဂရီပြည့်အောင်လည်ရန်အချိန်သည် ၅၆ မိနစ်မျှကြာသည်။

ဒီရေအတက်အကျကို နေကလည်း လနှင့်အတူဖန်တီးသည်။ သို့ရာတွင်နေသည် ကမ္ဘာမှ အလွန်ဝေးကွာသဖြင့် ၎င်း၏ဆွဲငင်အားမှာ လ၏ဆွဲငင်အားလောက်မကြီးပေ။ လနှင့်ကမ္ဘာတို့သည်

မိမိတို့လမ်းကြောင်းအတိုင်း လှည့်လည်နေကြရာတွင် တစ်လလျှင်နှစ်ကြိမ် နေနှင့်တစ်တန်းတည်း ကျရောက်သည်။ တစ်ကြိမ်တွင်ကမ္ဘာသည်လနှင့်နေတို့အကြားတွင်ကျရောက်၍ လပြည့်ရက်ဖြစ်ပြီး ကျန်တစ်ကြိမ်တွင် လသည် ကမ္ဘာနှင့်နေတို့အကြားတွင်ကျရောက်၍ လကွယ်ရက်ဖြစ်သည်။

လပြည့်၊ လကွယ်ရက်များ၌နေနှင့်လတို့၏ ပူးပေါင်းအားဖြည့်ဆွဲငင်ခြင်းကြောင့် ရေထုသည် ကမ္ဘာ၏တစ်ဖက်တစ်ချက်၌ အမြင့်ဆုံးမြင့်တက်လျက်ရှိသည်။ ၎င်းကာလကို ရေထရက်ဟုခေါ်သည်။ လပြည့်နှင့် လကွယ်ရက်များ၏ ကြားရက်များတွင် နေ၊ ကမ္ဘာနှင့်လတို့သည် ထောင့်မှန်အနေအထား နှစ်ကြိမ်ကျရောက်သည်။ လဆန်း ၇ ရက်၊ ၈ ရက်နှင့် လဆုတ် ၇ ရက်၊ ၈ ရက်များတွင် နေ၏ဆွဲအား လ၏ဆွဲအားတို့သည် တစ်ခုနှင့်တစ်ခု ထောင့်မှန်ဖြစ်နေသောကြောင့် လရှိရာဘက်နှင့် လ၏ဆန့်ကျင်ဘက်များတွင် ရေထုသည် အသင့်အတင့်မြင့်တက်သည်။ ၎င်းကာလမှာ ရေသေရက် ဖြစ်သည်။

ရေထရက်များတွင် ရေအမြင့်ဆုံးတက်ခြင်းသည် လပြည့်နေ့နှင့် လကွယ်နေ့များ၌ ကျရောက်သင့်သော်လည်း နေနှင့်လတို့၏နောက်သို့ ရေထုအလိုက် နှေးသဖြင့် သုံး၊ လေးရက်ခန့် ကြာပြီးမှသာ ကြုံတွေ့ရတတ်သည်။



**ပုံ (၁.၄) ဒီရေတက်ချိန်၊ ဒီရေကျချိန်ပြပုံ**

သမုဒ္ဒရာရေပြင်များတွင် ဒီရေအတက်အကျ၏ကွာခြားမှုသည် နှစ်ပေသုံးပေထက် မကျော်သောကြောင့် ရေတက်၊ ရေကျသည်လည်း မထင်ရှားလှချေ။ သို့ရာတွင် တိုက်ကြီးများ၏ ကမ်းခြေဒေသများနှင့် ပင်လယ်တိမ်အရပ်တို့တွင်မူ ဒီရေအတက်အကျခြားနားမှုသည် ပိုမိုများပြားသောကြောင့် ရေအတက်အကျသည် ပို၍သိသာလွယ်သည်။ မြန်မာနိုင်ငံ ကမ်းခြေတစ်လျှောက်တွင် ဒီရေအတက်အကျသည် အများအားဖြင့် ၃ မီတာမှ ၃. ၅ မီတာအထိရှိသည်။ ကုန်းတွင်းဘက်သို့ ကတော့ပုံသဏ္ဍာန် ကျဉ်းမြောင်းသွားသော ပင်လယ်ကွေ့များ၊ မြစ်ဝကျယ်များတွင် ဒီရေသည် ၆ မီတာမှ ၁၅ မီတာကျော်အထိ တက်သည်။

ကနေဒါနိုင်ငံ အရှေ့ဘက်ကမ်းရှိ ဖန်ဒီပင်လယ်ကွေ့တွင် ဒီရေများသည် လှိုင်းများသဖွယ် တစ်ခုပြီးတစ်ခု ဆင့်ကာဆင့်ကာ တက်လာသောကြောင့် ဒီရေသည် တစ်ခါတစ်ရံ ၂၁ မီတာအထိမြင့် တက်သည်။ ရေတိမ်သောမြစ်ဝကျယ်များတွင်လည်းကောင်း၊ ရေစီးသန်၍ ရေတက်ရေကျရှိသည့် မြစ်များတွင်လည်းကောင်း ဒီရေသည် ဒီလှိုင်းကြီးကဲ့သို့ တစ်ဟုန်ထိုးမြည်ဟည်း၍ တက်လာသည် ထိုကဲ့သို့ ဒီလှိုင်းမျိုးများကို မြန်မာနိုင်ငံရှိ စစ်တောင်းမြစ်၊ ဘရာဇီးနိုင်ငံရှိ အမေဇုန်မြစ်၊ တရုတ်နိုင်ငံရှိ ယန်စီမြစ် အစရှိသည့်မြစ်များတွင် တွေ့နိုင်သည်။

**အဓိကအချက်များ**

- ဒီရေဆိုသည်မှာ ကမ္ဘာသည် မိမိဝင်ရိုးပေါ်တွင်လည်ခြင်းနှင့် နေနှင့်လတို့၏ ဆွဲငင်အားတို့ ပေါင်းစပ်ဖြစ်ပေါ်သောဖြစ်စဉ်တစ်ခု ဖြစ်သည်။
- ဒီရေအတက်အကျကို နေကလည်း လနှင့်အတူဖန်တီးသည်။ သို့ရာတွင် နေသည် ကမ္ဘာမှအလွန်ဝေးကွာသဖြင့် ၎င်း၏ဆွဲငင်အားမှာ လ၏ဆွဲငင်အားလောက် မကြီးပေ။
- သမုဒ္ဒရာရေပြင်များတွင် ဒီရေအတက်အကျ၏ကွာခြားမှုသည် နှစ်ပေသုံးပေသက် မကျော်သောကြောင့် ရေတက်ရေကျသည်လည်း မထင်ရှားလှချေ။
- တိုက်ကြီးများ၏ကမ်းခြေဒေသများနှင့် ပင်လယ်တိမ်အရပ်တို့တွင်မူကား ဒီရေအနိမ့်အမြင့် ခြားနားမှုသည်ပိုမိုများပြားသောကြောင့် ရေအတက်အကျသည် ပို၍သိသာလွယ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ဒီရေ၏ အဓိပ္ပာယ်ကို ဖော်ပြပါ။
၂။ ဒီရေ၏အကြောင်းကို ပုံနှင့်တကွရှင်းပြပါ။
၃။ ရေထရက်နှင့် ရေသေရက်များအကြောင်းကို ရှင်းပြပါ။
၄။ ဒီရေတစ်ဟုန်ထိုးတက်သည့်နေရာများကို ရှင်းပြပါ။

## ၁.၄ သမုဒ္ဒရာရေစီးကြောင်းများ

### သင်ခန်းစာမိတ်ဆက်

- တိုက်ခတ်လေ၊ ကမ္ဘာလည်ခြင်း၊ ကုန်းမြေ၏ပုံသဏ္ဌာန်၊ သမုဒ္ဒရာချိုင့်ဝှမ်းများ၏ ပုံသဏ္ဌာန်နှင့် ရေအနက်တို့သည် ရေစီးကြောင်းများဖြစ်ပေါ်မှုအတွက် အရေးပါသည်။

## သမုဒ္ဒရာရေစီးကြောင်းများ

မြစ်များချောင်းများကဲ့သို့ပင် ပင်လယ်သမုဒ္ဒရာအတွင်း၌ ရေစီးကြောင်းများ စီးလျက်ရှိသည်။ ၎င်းသမုဒ္ဒရာရေစီးကြောင်းများသည် အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသည်။

(၁) သမုဒ္ဒရာအတွင်းရှိ ရေအပူချိန်ကွာခြားမှုကြောင့် ရေစီးကြောင်းများဖြစ်ပေါ်လာသည်။ အီကွေတာ ပတ်ဝန်းကျင်ဒေသတွင် နေရောင်ခြည်ပိုရသဖြင့် သမုဒ္ဒရာရေပြင်ပူနွေးလာပြီး ပင်လယ် ရေမျက်နှာပြင်တစ်လျှောက် ပူနွေးသောရေများသည် အေးသောဒေသဘက်သို့ စီးသည်။ ထို့အတူ ဝင်ရိုးစွန်းဒေသတွင် နေရောင်ခြည်ရရှိမှုလျော့နည်းသဖြင့် သမုဒ္ဒရာရေမျက်နှာပြင်သည်အေးလာ ပြီး နွေးသောဘက်သို့ စီးဆင်းသည်။ ထို့ကြောင့် အီကွေတာဘက်မှစီးလာသောရေစီးကြောင်းနှင့် ဝင်ရိုးစွန်းဘက်မှ စီးလာသောရေစီးကြောင်းဟု နှစ်မျိုးရှိသည်။

(၂) အီကွေတာအနီးတစ်ဝိုက်တွင် အီကွေတာလေဖိအားနည်းရပ်ဝန်းသို့ဦးတည်တိုက်ခတ် နေသော ကုန်သည်လေများကြောင့် အရှေ့မှအနောက်သို့စီးသော ရေစီးကြောင်းများ ဖြစ်ပေါ်လာ သည်။ ၎င်းကို ပစိဖိတ်နှင့်အတ္တလန္တိတ်သမုဒ္ဒရာများတွင် တွေ့ရသည်။ အနောက်လေရပ်ဝန်းတွင် အနောက်မှ အရှေ့သို့စီးသော ရေစီးကြောင်းများကို တွေ့ရသည်။

(၃) ကမ္ဘာလည်ခြင်းကြောင့် ကမ္ဘာ့လေကြောင်းကြီးများ တိမ်းစောင်းတိုက်ခတ်သကဲ့သို့ သမုဒ္ဒရာရေစီးကြောင်းများလည်း ကွေ့ဝိုက်၍စီးဆင်းသည်။ ထို့ကြောင့် ကမ္ဘာ့မြောက်ခြမ်းတွင် သမုဒ္ဒရာရေစီးကြောင်းများသည် နာရီလက်တံလည်သည့်အတိုင်း လက်ယာဘက်သို့ ကွေ့ဝိုက်စီးပြီး ကမ္ဘာ့တောင်ခြမ်းတွင် နာရီလက်တံလည်ရာနှင့်ဆန့်ကျင်ရာ လက်ဝဲဘက်သို့ ကွေ့ဝိုက်စီးသည်ကို တွေ့ရသည်။

(၄) တိုက်ကြီးများ၏ပုံသဏ္ဌာန်နှင့် ကမ်းရိုးတန်းအနေအထားကလည်း သမုဒ္ဒရာရေစီး ကြောင်းများ၏ လမ်းကြောင်းကို ပြုပြင်ပေးသည်။ သမုဒ္ဒရာရေစီးကြောင်းများကကပ်၍စီးသော ကမ်းခြေဒေသ၏ ရာသီဥတုကိုပြုပြင်သည်။ မြောက်အတ္တလန္တိတ်ရေနွေးစီးကြောင်းကြောင့် ဥရောပ အနောက်ဘက်ကမ်းခြေဒေသနှင့် အမြင့်ပိုင်းလတ္တီကျူများတွင် ရေမခဲဘဲ သင်္ဘောဆိပ်များကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သည်။ ရေစီးကြောင်းများက ၎င်းတို့ကပ်၍စီးသောကမ်းခြေဒေသ၏ အပူချိန်ကိုသာမက ရာသီဥတုအင်္ဂါရပ်များကိုလည်း ပြုပြင်ပေးသည်။

ရေအေးစီးကြောင်းနှင့် ရေနွေးစီးကြောင်းဆုံရာ၌ မြူထူများဖြစ်တတ်သည်။ ရေနွေးစီး ကြောင်းနှင့်ရေအေးစီးကြောင်းဆုံသည့်နေရာများတွင်ငါးစာအပင်ငယ်များပေါများခြင်းကြောင့်ငါး အမြောက်အမြားရှိသည်။ ထို့ကြောင့် ကမ္ဘာ့ငါးဖမ်းဒေသကြီးများကို ရေအေးနှင့်ရေနွေးစီးကြောင်း ဆုံရာဖြစ်သော မြောက်အမေရိက အရှေ့မြောက်ကမ်းခြေ၊ ဥရောပအနောက်မြောက်ကမ်းခြေနှင့် ဂျပန်ကျွန်းစုအနီးတစ်ဝိုက်တို့တွင် တွေ့ရသည်။




**ပုံ (၁.၅) သမုဒ္ဒရာရေစီးကြောင်းများပြပုံ**

ကမ္ဘာ့သမုဒ္ဒရာများ၏ အီကွေတာပတ်ဝန်းကျင်တွင် အရှေ့မှအနောက်သို့ စီးဆင်းနေသော မြောက်အီကွေတာရေစီးကြောင်းများနှင့် တောင်အီကွေတာရေစီးကြောင်းများ ရှိသည်။ ထိုရေစီးကြောင်းများနှစ်ခုကြားတွင် အရှေ့မှအနောက်သို့စီးနေသော ဆန့်ကျင်အီကွေတာရေစီးကြောင်းများကို တွေ့ရသည်။

အတ္တလန္တိတ်သမုဒ္ဒရာပေါ်တွင် အီကွေတာရေစီးကြောင်းမှ ဘရာဇီးအငူတွင် ရေစီးကြောင်းနှစ်ခုကွဲကာ မြောက်ဘက်သို့ မြောက်အီကွေတာရေစီးကြောင်းနှင့်ပေါင်းကာ ပင်လယ်ကွေ့ရေနွေးစီးကြောင်းအဖြစ်လည်းကောင်း၊ ဆက်လက်၍ မြောက်အတ္တလန္တိတ်ရေစီးကြောင်းအနေဖြင့်လည်းကောင်း ဆက်လက်စီးကာ ရေနွေးစီးကြောင်းအနေဖြင့် အာတိတ်သမုဒ္ဒရာအတွင်းသို့ ဆက်လက်စီးသည်။

တောင်ဘက်သို့ခွဲထွက်လာသော တောင်အီကွေတာရေစီးကြောင်းသည် တောင်အမေရိကတိုက် အရှေ့ဘက်ကမ်းခြေတစ်လျှောက် ဘရာဇီးရေနွေးစီးကြောင်းအဖြစ် စီးဆင်းသည်။

မြောက်ဘက်ပိုင်းတွင် အာတိတ်သမုဒ္ဒရာမှစီးဆင်းလာသော အရှေ့ဂရင်းလန်နှင့် လက်ဘရေဒေါ ရေအေးစီးကြောင်းများ ရှိသည်။ အတ္တလန္တိတ်သမုဒ္ဒရာတောင်ဘက် အာဖရိကတိုက် အနောက်ဘက်ကမ်းခြေနှင့်ကပ်၍ ဘင်ဂွီးလားရေအေးစီးကြောင်းရှိသည်။

ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းတွင် မြောက်အီကွေတာရေစီးကြောင်းမှ မြောက်ဘက်သို့ကူရိုရှီဝို ရေနွေးစီးကြောင်းအဖြစ်လည်းကောင်း၊ မြောက်ပစိဖိတ်သမုဒ္ဒရာရေစီးကြောင်းအဖြစ်လည်းကောင်း ဆက်လက်စီးဆင်းသည်။ မြောက်ပစိဖိတ်သမုဒ္ဒရာရေစီးကြောင်းသည် မြောက်အမေရိကအနောက်ဘက်ကမ်းခြေတွင် မြောက်ဘက်သို့ အလက်စကားရေနွေးစီးကြောင်းအဖြစ်ဖြင့် လည်းကောင်း၊ တောင်ဘက်သို့ ကယ်လီဖိုးနီးယားရေအေးစီးကြောင်းအနေဖြင့်လည်းကောင်း ခွဲ၍စီးဆင်းသည်။ မြောက်ဘက်တွင် အလက်စကားရေနွေးစီးကြောင်းသည် အနောက်ဘက်တွင်ဘယ်ရင်ရေလက်ကြားကိုဖြတ်၍ အိုယာရှီဝိုရေအေးစီးကြောင်းအနေဖြင့် ဆက်လက်စီးဆင်းသည်။ ကယ်လီဖိုးနီးယား ရေအေးစီးကြောင်းသည် တောင်ဘက်တွင် မြောက်အီကွေတာရေစီးကြောင်းနှင့်ပေါင်းသွားသည်။

ကမ္ဘာ့သမုဒ္ဒရာများ၏ တောင်ဘက်တွင် အနောက်လေများကြောင့်ဖြစ်ပေါ်လာသောရေစီးကြောင်းသည် အနောက်မှအရှေ့သို့ အန္တာတိကတိုက်ကိုပတ်၍ စီးဆင်းသည်။ ထိုရေစီးကြောင်းနှင့် အပြိုင် တောင်ပစိဖိတ်ရေစီးကြောင်း၊ တောင်အတ္တလန္တိတ်ရေစီးကြောင်း၊ တောင်အိန္ဒိယသမုဒ္ဒရာရေစီးကြောင်းတို့စီးဆင်းလျက်ရှိသည်။ အန္တာတိကတိုက်ကမ်းခြေအနီးတွင် အန္တာတိတ်ဝင်ရိုးစွန်းနီးရေစီးကြောင်းသည် အရှေ့မှအနောက်သို့ ကမ်းခြေကိုကပ်၍စီးဆင်းလျက် ရှိသည်။

အိန္ဒိယသမုဒ္ဒရာအတွင်းတွင် တောင်အီကွေတာရေစီးကြောင်းမှ ခွဲထွက်လာသော မိုဇမ်းဘစ်ရေနွေးစီးကြောင်းသည် အာဖရိကတိုက်အရှေ့ဘက်ကမ်းခြေအနီး မြောက်မှတောင်သို့ စီးဆင်းသည်။ အရှေ့ဘက်တွင် ဩစတြေးလျအနောက်ဘက်ကမ်းခြေအနီး ဩစတြေးလျရေအေးစီးကြောင်းအဖြစ် တောင်အိန္ဒိယသမုဒ္ဒရာရေစီးကြောင်းမှခွဲထွက်ကာ တောင်မှမြောက်သို့စီးပြီး မြောက်ဘက်တွင် တောင်အီကွေတာရေစီးကြောင်းနှင့်ပေါင်းဆုံသည်။ ဩစတြေးလျတိုက်အရှေ့ဘက်တွင် တောင်အီကွေတာရေစီးကြောင်းမှခွဲထွက်လာသော အရှေ့ဩစတြေးလျရေနွေးစီးကြောင်းသည် မြောက်မှတောင်သို့စီးဆင်းကာ အန္တာတိကတိုက်ကိုပတ်၍စီးဆင်းနေသော ရေစီးကြောင်းနှင့် ပေါင်းဆုံသွားသည်။

**အဓိကအချက်များ**

- သမုဒ္ဒရာအတွင်းရှိ ရေအပူချိန်ခြားနားမှုကြောင့် ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်။
- အရှေ့မြောက်နှင့် အရှေ့တောင်ကုန်သည်လေများကြောင့် အီကွေတာတစ်ဝိုက်၌ အရှေ့မှ အနောက်သို့စီးသောရေစီးကြောင်းများ ဖြစ်ပေါ်လာသည်။
- ကမ္ဘာလည်ခြင်းကြောင့် ကမ္ဘာ့လေကြောင်းကြီးများ တိမ်းစောင်းတိုက်ခတ်သကဲ့သို့ သမုဒ္ဒရာရေစီးကြောင်းများလည်း ကွေ့ဝိုက်၍ စီးဆင်းသည်။
- တိုက်ကြီးများ၏ပုံသဏ္ဌာန်နှင့် ကမ်းရိုးတန်းအနေအထားကလည်း သမုဒ္ဒရာရေစီးကြောင်းများ၏ လမ်းကြောင်းကို ပြုပြင်ပေးသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ သမုဒ္ဒရာရေစီးကြောင်းများကို ဖြစ်ပေါ်စေသောအကြောင်းရင်းများကို ဖော်ပြပါ။

၂။ ကမ္ဘာပေါ်တွင်စီးဆင်းနေသည့်ထင်ရှားသော သမုဒ္ဒရာရေအေးစီးကြောင်းနှင့် ရေနွေးစီးကြောင်းများကို ဖော်ပြပါ။

၃။ သမုဒ္ဒရာရေစီးကြောင်းများ၏ အကျိုးသက်ရောက်ပုံကို ဖော်ပြပါ။

## ၁.၅ သမုဒ္ဒရာကြမ်းပြင်နှင့် သမုဒ္ဒရာရေအနက်ဇုန်များ

**သင်ခန်းစာမိတ်ဆက်**

- ကမ္ဘာ့ကုန်းမြေမျက်နှာပြင်သည် မညီညာဘဲ အနိမ့်အမြင့်ရှိသကဲ့သို့ ပင်လယ်ရေအောက်တွင်ရှိသော အောက်ကြမ်းပြင်သည်လည်း ညီညာမှုမရှိသည်ကို တွေ့နိုင်ပါသည်။

### ၁.၅.၁ သမုဒ္ဒရာကြမ်းပြင်

ပင်လယ်သမုဒ္ဒရာကြမ်းပြင်သည် ကုန်းမြေမျက်နှာပြင်ကဲ့သို့ အနိမ့်အမြင့်ကွာခြားချက်များရှိသည်။ တည်နေပုံအနေအထားပေါ်မူတည်ပြီး သမုဒ္ဒရာကြမ်းပြင်ကို ကမ်းဦးရေတိမ်ပိုင်း၊ ပင်လယ်ကမ်းဖောက်ပိုင်း၊ ပင်လယ်နက်ပိုင်းလွင်ပြင်နှင့် သမုဒ္ဒရာချောက်များဟူ၍ အပိုင်း ၄ ပိုင်း ခွဲခြားနိုင်သည်။

**(၁) ကမ်းဦးရေတိမ်ပိုင်း**

ရေကျကမ်းစပ်မှ ပင်လယ်ဘက်ဆီသို့ရေအောက် ပေ ၆၀၀ ကျော် (မီတာ ၂၀၀ ခန့်)အထိနက်သည်။ ၎င်းအပိုင်းကို တိုက်ကြီးများ၏ဘေးပတ်လည်တွင် တွေ့ရှိရသည်။ ကမ်းစပ်မှနေ၍ ပင်လယ်ဘက်သို့ ပြေပြစ်သော ဆင်ခြေလျှောဖြင့် တဖြည်းဖြည်းနိမ့်ဆင်းသွားသည်။

**(၂) ပင်လယ်ကမ်းဖောက်ပိုင်း**

ကမ်းဦးရေတိမ်ပိုင်း၏ အဆုံးမှစ၍ ပင်လယ်နက်ပိုင်းလွင်ပြင်ထဲသို့မတ်စောက်စွာ နိမ့်ဆင်းသွားသော ဆင်ခြေလျှောပိုင်းသည် ပင်လယ်ကမ်းဖောက်ပိုင်းဖြစ်သည်။ ၎င်းအပိုင်းတွင် ဆင်ခြေလျှောသည် ၅ ဒီဂရီမှ ၃၆ ဒီဂရီအထိ မတ်စောက်သည်။ မီတာ ၂၀၀ မှ မီတာ ၃၅၀၀ကျော်အထိ နက်သည်။

**(၃) ပင်လယ်နက်ပိုင်းလွင်ပြင်**

ပင်လယ်ကမ်းဖောက်ပိုင်းအဆုံးမှ ပင်လယ်နက်လွင်ပြင်ကို ကျယ်ပြန့်စွာတွေ့ရှိရသည်။

ဤအပိုင်းသည် သမုဒ္ဒရာအောက်ကြမ်းပြင်၏ အကျယ်ပြန့်ဆုံးအပိုင်း ဖြစ်သည်။ ပင်လယ်နက်ပိုင်းလွင်ပြင်ဟု ဆိုသော်လည်း အချို့နေရာများတွင် ညီညာပြန့်ပြူးခြင်းမရှိဘဲ ရေအောက်မြုပ်နေသော ကုန်းရိုးများ၊ ချိုင့်ဝှမ်းများ ပါရှိနေသည်။ သမုဒ္ဒရာရေမျက်နှာပြင်အောက် ၃၀၀၀ မီတာမှ ၅၀၀၀ မီတာအနက်အထိ ရှိသည်။

### (၄) သမုဒ္ဒရာချောက်များ

သမုဒ္ဒရာချောက်များသည် သမုဒ္ဒရာများ၏ အနက်ဆုံးအပိုင်း ဖြစ်သည်။ ၎င်းချောက်များသည် ကျဉ်းမြောင်းပြီး မတ်စောက်သည်။ ၎င်းတို့ကို ယေဘုယျအားဖြင့် သမုဒ္ဒရာများ၏ အလယ်ပိုင်းတွင် မတွေ့ရဘဲ ပင်လယ်ကမ်းစောက်ပိုင်းနှင့် ကျွန်းတန်းကွေးများ၏ အပြင်ဘက်တွင် တွေ့ရသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း ဖိလစ်ပိုင်ကျွန်းစုအနီးရှိ မာရီယာနာချောက်သည် ကမ္ဘာပေါ်တွင် အနက်ဆုံး သမုဒ္ဒရာချောက် ဖြစ်ပြီး အနက်မီတာ ၁၀၉၈၄ ခန့်ရှိသည်။




**ပုံ (၁.၆) သမုဒ္ဒရာကြမ်းပြင်နှင့် သမုဒ္ဒရာရေအနက်ဇုန်များပြပုံ**

## ၁.၅.၂ သမုဒ္ဒရာရေအနက်ဇုန်များ

### (၁)နေရောင်ခြည်ထိုးဖောက်ဝင်ရောက်နိုင်သောဇုန်

ဤဇုန်သည်သမုဒ္ဒရာမျက်နှာပြင်မှ မီတာ ၂၀၀ ခန့်အထိအနက်ရှိသော ဇုန်ဖြစ်သည်။ နေရောင်ခြည်သည် ထိုဇုန်အတွင်း ကောင်းစွာရောက်ရှိနိုင်သည်။ ရေသတ္တဝါများသည် ထိုဇုန်အတွင်းနေထိုင်ကြသည်။ နေရောင်ခြည်ကောင်းစွာရောက်ရှိနိုင်သောဇုန်ဖြစ်သဖြင့် ရေသတ္တဝါများ၏ အစာဖြစ်သော အပင်ငယ်များပေါက်ပွားသောဇုန် ဖြစ်သည်။

**(၂) နေရောင်ခြည် အနည်းငယ်သာရရှိသောဇုန်**

ဤဇုန်သည်သမုဒ္ဒရာမျက်နှာပြင် အနက်မီတာ၂၀၀ မှ မီတာ ၁၀၀၀အထိရှိသော ဇုန်ဖြစ်သည်။ ထိုဇုန်အတွင်းတွင် နေရောင်ခြည်အနည်းငယ်သာ ထိုးဖောက်ဝင်ရောက်နိုင်သဖြင့် အလင်းရောင် အနည်းငယ်သာရရှိသည်။ ဝေလငါးများ၊ ကြီးမားသောပင်လယ်သတ္တဝါများသာ ကျက်စားနိုင်သော ဇုန်ဖြစ်သည်။

**(၃) နေရောင်ခြည်မရရှိနိုင်သောဇုန်**

ဤဇုန်သည်သမုဒ္ဒရာမျက်နှာပြင် အနက်မီတာ ၁၀၀၀ မှ မီတာ ၄၀၀၀ အထိရှိသော ဇုန်ဖြစ်သည်။ အလင်းရောင် လုံး၀မရှိသောဇုန်ဖြစ်ပြီး အချို့အလင်းရောင် ထုတ်လွှတ်နိုင်သော ငါးများမှသာ အလင်းရောင်တွေ့နိုင်သည်။ ဖိအား အလွန်ကြီးမားသည်။ ဖိအားအလွန်ကြီးမားသော်လည်း ရေနေသတ္တဝါမျိုးစိတ်အချို့ကိုတွေ့ရသည်။ အချို့ဝေလငါးမျိုးစိတ်များသည် ထိုအနက်ထိငုပ်၍ အစာရှာဖွေနိုင်သည်။

**(၄) သမုဒ္ဒရာကြမ်းခင်းဇုန်**

ဤဇုန်သည် မီတာ ၄၀၀၀ မှ ပင်လယ်ကြမ်းခင်းအထိ အနက်အမျိုးမျိုးရှိသည်။ ထိုဇုန်တွင် သမုဒ္ဒရာရေသည် ရေခဲမှတ် ၀ ဒီဂရီဆဲလ်စီးယပ်နီးပါးအထိ အေးနေသည်။ အလင်းရောင် လုံး၀ မရှိသောဇုန်ဖြစ်ပြီး ဖိအားအလွန်ကြီးမားသောကြောင့် ရေနေသတ္တဝါအနည်းငယ်သာ ရှင်သန် ပေါက်ဖွားနိုင်သည်။ ကမ္ဘာ့သမုဒ္ဒရာကြမ်းခင်းဧရိယာ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ထိုဇုန်အတွင်းတွင် တည်ရှိသည်။

**(၅) သမုဒ္ဒရာချောက်နက်ဇုန်**

ဤဇုန်သည် ရေအနက်မီတာ ၁၀၀၀၀ ခန့်မှ ကမ္ဘာ့သမုဒ္ဒရာ အနက်ဆုံးအပိုင်းများအထိရှိသော ဇုန်ဖြစ်သည်။ အပူချိန်သည် ရေခဲအမှတ်ရောက်လုနီးဖြစ်ပြီး ဖိအားအလွန်ကြီးမားသည်။ အလွန်အေးပြီး ဖိအားအလွန်ကြီးမားသော်လည်း သက်ရှိအချို့ကို တွေ့ရနိုင်သည်။

**အဓိကအချက်များ**

- ပင်လယ်သမုဒ္ဒရာကြမ်းပြင်သည်လည်း ကုန်းမြေမျက်နှာပြင်ကဲ့သို့ အနိမ့်အမြင့်ကွာခြားချက်များရှိသည်။
- ကမ်းဦးရေတိမ်ပိုင်းသည် ရေကျကမ်းစပ်မှ ပင်လယ်ရေအောက် ပေ ၆၀၀ ကျော် (မီတာ ၂၀၀ ခန့်) အထိ နက်သည်။

- ပင်လယ်ကမ်းစောက်ပိုင်းသည် ကမ်းဦးရေတိမ်ပိုင်း၏ အဆုံးမှစ၍ ပင်လယ်နက်ပိုင်း လွင်ပြင်ထဲသို့ မတ်စောက်စွာနိမ့်ဆင်းသွားသော ဆင်ခြေလျှောပိုင်းဖြစ်သည်။
- ပင်လယ်နက်ပိုင်းလွင်ပြင်သည်ပင်လယ်ကမ်းစောက်ပိုင်းအဆုံးမှပင်လယ်နက်လွင်ပြင် ကို ကျယ်ပြန့်စွာ တွေ့ရှိရသည်။
- သမုဒ္ဒရာချောက်များသည် သမုဒ္ဒရာများ၏ အနက်ဆုံးအပိုင်း ဖြစ်သည်။
- နေရောင်ခြည် ထိုးဖောက်ဝင်ရောက်နိုင်သောဇုန်သည် နေရောင်ခြည်ကောင်းစွာရရှိပြီး ရေသတ္တဝါများ၏အစာဖြစ်သော အပင်ငယ်များပေါက်ပွားသည်။
- နေရောင်ခြည်အနည်းငယ်သာရရှိသောဇုန်တွင် အလင်းရောင် အနည်းငယ်သာရရှိ သဖြင့် ဝေလငါးစသည့် ကြီးမားသောပင်လယ်သတ္တဝါများ ကျက်စားနိုင်သည်။
- နေရောင်ခြည် မရရှိနိုင်သောဇုန်တွင် ဖိအားအလွန်ကြီးမားသော်လည်း ရေနေသတ္တဝါ မျိုးစိတ်အချို့ကို တွေ့ရသည်။
- သမုဒ္ဒရာကြမ်းခင်းဇုန်သည် ကမ္ဘာ့သမုဒ္ဒရာကြမ်းခင်း ဧရိယာ၏ ၇၅ ရာခိုင်နှုန်းခန့်ရှိ သည်။ သမုဒ္ဒရာချောက်နက်ဇုန်သည်အလွန်အေးပြီးဖိအားအလွန်ကြီးမားသော်လည်း သက်ရှိအချို့ကိုတွေ့နိုင်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ သမုဒ္ဒရာကြမ်းပြင်ကို မည်ကဲ့သို့ ပိုင်းခြားထားသနည်း။

၂။ သမုဒ္ဒရာကြမ်းပြင်၏ အကျယ်ပြန့်ဆုံးအပိုင်းကို ဖော်ပြ၍ ၎င်း၏သွင်ပြင်လက္ခဏာကို ရှင်းပြပါ။

၃။ သမုဒ္ဒရာကြမ်းပြင်၏ အနက်ဆုံးအပိုင်းကိုဖော်ပြ၍ ၎င်းကို မည်သည့်နေရာတွင် တွေ့ရသနည်း။

၄။ ကမ်းဦးရေတိမ်ပိုင်းနှင့် ပင်လယ်ကမ်းစောက်ပိုင်း၏ အနက်မီတာများကို ဖော်ပြပါ။

၅။ ကမ္ဘာပေါ်ရှိ အနက်ဆုံးသမုဒ္ဒရာချောက်၏အမည်ကို ဖော်ပြပါ။

၆။ သမုဒ္ဒရာရေအနက်ဇုန် မည်မျှရှိသနည်း။ ဖော်ပြပါ။

၇။ နေရောင်ခြည် အနည်းငယ်သာရရှိသောဇုန်တွင် မည်သည့်သတ္တဝါများ နေထိုင်ကြ သနည်း။

၈။ အလင်းရောင် ထုတ်လွှတ်နိုင်သောငါးများကို မည်သည့်ဇုန်တွင် တွေ့နိုင်သနည်း။

၉။ သမုဒ္ဒရာချောက်နက်ဇုန်၏ ရေအနက်နှင့် အပူချိန်ကိုဖော်ပြပါ။

# အခန်း(၂)

## လူမှုရေးပထဝီဝင်
## (မြန်မာနိုင်ငံ၏လူမှုရေးပထဝီဝင်)

**နိဒါန်း**

- မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာဒေသများ၊ ရိုးရာလုပ်ငန်းဓလေ့များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ ခရီးသွားလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို လေ့လာနိုင်မည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာများ**

- သတ္တမတန်းတွင် မြန်မာနိုင်ငံ၏မြေမျက်နှာသွင်ပြင်အနေအထားအရ လူနေထိုင်မှု ပျံ့နှံ့ပုံကို သိရှိပြီးဖြစ်သည်။
- ရှေးမြန်မာဘုရင်များလက်ထက်မှ ယခုအချိန်အထိ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်လာပုံကို သိရှိပြီးဖြစ်သည်။
- မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လူဦးရေအချိုးအစား၊ တိုင်းရင်းသားလူမျိုးများ၏ပျံ့နှံ့နေထိုင်ပုံနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။**

- မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာဒေသများကိုသိရှိလာပြီး မြေပုံပေါ်တွင် ရှာဖွေဖော်ပြတတ်လာမည်။
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာလုပ်ငန်းဓလေ့များကို လေ့လာသိရှိ သုံးသပ်တတ်လာမည်။
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပထဝီဝင်ဆိုင်ရာအခြင်းအရာများနှင့် ဆက်စပ်ပြီးလေ့လာသိရှိ သုံးသပ်တတ်လာမည်။

### ၂.၁ ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် နေထိုင်သော တိုင်းရင်းသားများ၏ စီးပွားရေးနှင့်ကုန်သွယ်ရေး

**သင်ခန်းစာမိတ်ဆက်**

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးတို့သည် မြန်မာနိုင်ငံ

အတွင်းသို့ ဝင်ရောက်လာခဲ့သော မွန်ဂိုလွိုက်အနွယ်ဝင် အုပ်စု ၃ စုဖြစ်သော မွန်-ခမာ၊ တိဗက်-မြန်မာနှင့် ထိုင်း-တရုတ်အုပ်စုများမှ ပေါက်ဖွားဆင်းသက်လာကြသည်။

- မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတို့ ရှိသည်။
- မြန်မာနိုင်ငံတွင် အဓိကတိုင်းရင်းသား ၈ မျိုးရှိပြီး လူမျိုးစုပေါင်း ၁၃၀ ကျော်ခန့်ရှိသည်။ ၎င်းတို့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပျံ့နှံ့နေထိုင်ကြသည်။

## ကချင်လူမျိုး

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ကချင်ပြည်နယ်တွင် လူဦးရေ ၁. ၆၉ သန်းခန့်ရှိပြီး ၎င်းမှာ မြန်မာနိုင်ငံစုစုပေါင်းလူဦးရေ၏ ၃. ၃ ရာခိုင်နှုန်း ဖြစ်သည်။ ကချင်ပြည်နယ်တွင် ကချင်လူမျိုးများ အဓိကနေထိုင်သည်။

## ကချင်လူမျိုးတို့၏နေထိုင်ရာဒေသများ

ကချင်လူမျိုးများသည် ကချင်ပြည်နယ်တွင် အများဆုံးနေထိုင်ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။

## ကချင်လူမျိုးတို့၏ ရိုးရာလုပ်ငန်းခလေ့များ

ကချင်လူမျိုးများ၏ ရိုးရာစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှုပုံစံ အမျိုးမျိုးတွေ့ရသည်။ လယ်ယာစိုက်ပျိုးရေး၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးနှင့် လှေကားထစ်စိုက်ပျိုးရေးတို့ဖြစ်သည်။ စိုက်ပျိုးရာတွင် အများအားဖြင့် နွား၊ ကျွဲ တို့အပြင် ရိုးရာလယ်ယာသုံးကိရိယာများအသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြသော်လည်း အချို့နေရာများတွင် ဆင်ဖြင့်ထွန်ယက်သောခလေ့ရှိသည်။

စိုက်ပျိုးသောသီးနှံများမှာ စပါးကို အဓိက စိုက်ပျိုးပြီး ယာသီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဂျုံ၊ နှံစားပြောင်း၊ ကြံ၊ အာလူး၊ ပြောင်းဖူး၊ ဆေးရွက်ကြီးနှင့် ဟင်းသီးဟင်းရွက်များကိုစိုက်ပျိုးသည်။ ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သော ငှက်ပျော၊ လိမ္မော်၊ ရှောက်ချို၊ ဂရိတ်ဖရုံ၊ လိုင်ချီး၊ ပန်းသီး စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။

ကချင်လူမျိုးတို့၏ အခြားလုပ်ငန်းခလေ့များမှာ အမဲလိုက်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာ ရှာဖွေတူးဖော်ခြင်း၊ မြစ်ချောင်းများတွင် ရွှေကျင်ခြင်းနှင့် ကချင်ပြည်နယ်ရေခဲတောင်ဒေသများမှထွက်ရှိသော အစွမ်းထက်မြက်သည့် ပရဆေးများရှာဖွေရောင်းချမှု စသောလုပ်ငန်းများအပြင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ဂျပ်ခုတ်ရက်ကန်းလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ သံရိုင်းကို အရည်ကျို၍ သံထည်၊ ဓားလှံ၊

သံဖိုခနောက် ပြုလုပ်သောလုပ်ငန်း၊ မြေအိုး၊ မြေခွက်၊ မြေကရားများပြုလုပ်သောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ယခုအခါ ကချင်ရိုးရာအဝတ်အထည်များကို စက်ရက်ကန်းများဖြင့်လည်း လုပ်ကိုင်ကြသည်။




ပုံ(၂.၁) ကချင်ပြည်နယ်၏စီးပွားရေးလုပ်ငန်းများ

## ကချင်လူမျိုးများ နေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ

ကချင်ပြည်နယ်တွင်စုစုပေါင်းစိုက်ပျိုးမြေဟက်တာ ၁၂၁၅၀၀ ခန့်နှင့် တောင်ယာဟက်တာ ၁၆၂၀၀ ခန့်ရှိသည်။ စိုက်ပျိုးမြေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ လယ်မြေဖြစ်သည်။ ယာမြေ၊ ကိုင်းကျွန်းမြေ

နှင့် ဥယျာဉ်ခြံမြေများလည်း ရှိသည်။ လယ်ယာလုပ်ငန်းအတွက် နွား၊ ကျွဲတို့ကိုမွေးမြူကြ၍ ဝက်၊ ကြက် စသည်တို့ကိုလည်း စားသုံးရန်အနည်းငယ်မွေးမြူကြသည်။ မြစ်ချောင်းအင်းအိုင်များတွင် ငါးဖမ်းလုပ်ငန်း ရှိသည်။ ကချင်ပြည်နယ်တွင် ကြိုးဝိုင်းသစ်တောဟက်တာ ၅၆၇၀၀၀ ခန့်ရှိပြီး မိုးညှင်း၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် ရွှေကူမြို့နယ်များတွင် တွေ့ရှိရသည်။ ၎င်းသစ်တောများမှ ကျွန်းသစ်နှင့် သစ်မာများ၊ အခြား သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်သည်။

ကချင်ပြည်နယ်မှ ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း၊ ကျောက်စိမ်းနှင့် သလင်းကျောက်စသော အဖိုးတန်သယံဇာတပစ္စည်းများ ထွက်ရှိသည်။ ကျောက်စိမ်းကို ဥရုမြစ်ဖျားပိုင်း ဖားကန့်၊ ဟောင်ပါး၊ တောမော်၊ လုံးခင်း စသောဒေသများမှ ထုတ်ယူရရှိသည်။ ဗန်းမော်ခရိုင် မံစီမြို့နယ်တွင် နမ့်ဆာခါး ရတနာမြေရှိသည်။ ဟူးကောင်းချိုင့်ဝှမ်းမှ ပယင်းများကို ထုတ်ယူရရှိသည်။ ရွှေကို မြစ်များ၊ ချောင်းများမှ ကျင်ယူရရှိသည်။ ကာမိုင်းမြို့နယ်နှင့် ဟူးကောင်းချိုင့်ဝှမ်း၌ ဆားတွင်းများရှိသည်။

စက်မှုလုပ်ငန်းများအနက် အရေးပါဆုံးမှာ နမ္မတီးမြို့ရှိသကြားစက်ဖြစ်သည်။ ဆန်စက်ငယ်များ၊ သစ်စက်များလည်း ရှိသည်။ ရက်ကန်းလုပ်ငန်းကို နေရာအနှံ့အပြား၌ တွေ့ရသည်။

## ခရီးသွားလုပ်ငန်း

ကချင်ပြည်နယ်တွင် ခရီးသွားကဏ္ဍအနေဖြင့် မြစ်ဆုံနှင့် ပူတာအိုသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များရှိနေပြီး စီးပွားဖြစ်ဆောင်ရွက်နိုင်သည့် ခရီးသွားကဏ္ဍဖြစ်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိသည်။ သာယာလှပသော သဘာဝရှုမျှော်ခင်းများရှိခြင်း၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှိခြင်းတို့ကြောင့် သဘာဝ အခြေခံခရီးသွား လုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသောပြည်နယ် ဖြစ်သည်။

## ပို့ဆောင်ဆက်သွယ်ရေး

**ကားလမ်း ။ ။** မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို-မချမ်းဘောလမ်း၊ ဝိုင်းမော်-ချီဖွေ-လောခေါင်-ထော့ဂေါလမ်း၊ မြစ်ကြီးနား-မိုးကောင်း-ကာမိုင်း-ဟူးကောင်းတောင်ကြား(လီဒို)လမ်း၊ မိုးကောင်း-အင်းတော်(စစ်ကိုင်းတိုင်း)လမ်း၊ မြစ်ကြီးနား-ဗန်းမော်-စိန်လုံကဘားလမ်း၊ ဗန်းမော်-မဘိန်း(ရှမ်းပြည်နယ်)လမ်း၊မြစ်ကြီးနား-ရွှေဘို(စစ်ကိုင်းတိုင်း)လမ်း၊မြစ်ကြီးနား-မန္တလေး-ရန်ကုန် လမ်း တို့ဖြစ်သည်။

**မီးရထားလမ်း ။ ။** မြစ်ကြီးနား-မန္တလေး-ရန်ကုန် မီးရထားလမ်းသည် မြစ်ကြီးနားမြို့ကို မြန်မာနိုင်ငံအလယ်ပိုင်း၊ အောက်ပိုင်းတို့နှင့်ဆက်သွယ်ထားသည်။

**ရေကြောင်းလမ်း ။ ။** ဧရာဝတီမြစ်တွင် ဗန်းမော်မှတောင်ဘက်သို့ သင်္ဘောများသွားလာနိုင်သည်။ မြစ်ကြီးနားနှင့် ဆင်ဘိုကြားတွင် သင်္ဘောများသွားလာနိုင်သည်။

**လေကြောင်းလမ်း ။** ။ ရန်ကုန်နှင့် မန္တလေးမြို့များမှ ဗန်းမော်၊ မြစ်ကြီးနားနှင့် ပူတာအိုမြို့များသို့ လေကြောင်းလမ်းရှိသည်။

## မြို့များ

မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိသည်။ ရန်ကုန်-မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဆုံးမြို့ ဖြစ်သည်။ မြန်မာနိုင်ငံ အလယ်ပိုင်း၊ တောင်ပိုင်းတို့နှင့် ကုန်းလမ်း၊ လေကြောင်းလမ်းများဖြင့် ဆက်သွယ်နိုင်သောမြို့ဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးအတွက် အရေးပါသောမြို့ဖြစ်သည်။

ဗန်းမော်မြို့သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင်တည်ရှိသည်။ ကုန်းလမ်း ရေလမ်း၊လေကြောင်းလမ်းများဆုံရာမြို့ဖြစ်သည်။ဒေသထွက်စိုက်ပျိုးရေးထွက်ကုန်များ၊ သစ်တောထွက်ကုန်များစုဆောင်းတင်ပို့ရာမြို့ ဖြစ်သည်။

ပူတာအိုမြို့သည်ပူတာအိုလွင်ပြင်တွင်တည်ရှိသည်။စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သည်။ လိမ္မော်၊ ဂရိတ်ဖရု၊ ပန်းသီး စသည့် ဒေသထွက်သစ်သီးများကို မြစ်ကြီးနားမြို့သို့ တင်ပို့သည်။

မိုးကောင်းမြို့သည် မိုးကောင်းချောင်းနှင့် နမ့်ယင်းချောင်းဆုံရာတွင် တည်ရှိ၍ မီးရထားလမ်း၊ ကားလမ်းများပေါ်တွင် တည်ရှိသောမြို့ဖြစ်သည်။

မိုးညှင်း၊ နမ္မတီးနှင့် ဆားမော်မြို့များသည် နမ့်ယင်းမြစ်ဝှမ်းတွင် တည်ရှိ၍ မီးရထားလမ်း ကားလမ်း၊ အဆက်အသွယ်များရှိသည်။

ကျန်မြို့များမှာ ဆွမ်ပရာဘွမ်၊ ကာမိုင်း၊ တနိုင်း၊ နောင်မွန်း၊ ချီဖွေ စသည်တို့ဖြစ်သည်။

## ကယားလူမျိုး

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ကယားပြည်နယ်တွင် လူဦးရေ ၀. ၂၉သန်းခန့်ရှိပြီး ၎င်းမှာ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၀. ၆ ရာခိုင်နှုန်း ဖြစ်သည်။ ကယားပြည်နယ်တွင် ကယားလူမျိုးများ အဓိကနေထိုင်သည်။

## ကယားလူမျိုးတို့၏ နေထိုင်ရာဒေသများ

ကယားလူမျိုးများသည် ကယားပြည်နယ်တွင် အများဆုံးနေထိုင်ကြပြီး ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။

## ကယားလူမျိုးတို့၏ ရိုးရာလုပ်ငန်းဓလေ့များ

ကယားလူမျိုးတို့၏ ရိုးရာစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှု ပုံစံအမျိုးမျိုး တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ ဖြစ်သည်။

စိုက်ပျိုးရာတွင် အများအားဖြင့် နွား၊ ကျွဲနှင့် ရိုးရာလယ်ယာသုံးကိရိယာများ အသုံးပြုထွန်ယက် စိုက်ပျိုးကြသည်။

စိုက်ပျိုးသောသီးနှံများမှာ စပါးကို အဓိကစိုက်ပျိုးပြီး ယာသီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နံ့စားပြောင်း၊ ပြောင်းဖူး၊ ငရုတ်၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးသည်။ ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သော လက်ဖက်၊ နာနတ်၊ ကော်ဖီ၊ လိမ္မော်၊ ပန်းသီး၊ စပျစ်သီး၊ နှင်းသီး၊ တညင်းပင် စသည်အပင်များကိုလည်း စိုက်ပျိုးသည်။




ပုံ(၂.၂) ကယားပြည်နယ်၏စီးပွားရေးလုပ်ငန်းများ

အငှမတန်း

ကယားလူမျိုးတို့၏ အခြားလုပ်ငန်းခလေ့များမှာ အမဲလိုက်ခြင်း၊ ဝက်၊ ကြက်၊ ဘဲ၊ ဆိတ် နွား၊ ကျွဲများ မွေးမြူခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ဒေသထွက်ဝါးနှင့် ပစ္စည်း မျိုးစုံ ရက်လုပ်ခြင်း၊ ချည်ထည်ရက်ကန်းရက်လုပ်ခြင်း၊ ဂျပ်ခုတ်ရက်ကန်းလုပ်ငန်း စသောလုပ်ငန်း များ လုပ်ကိုင်ကြသည်။ ယခုအခါ ကယားရိုးရာအဝတ်အထည်များကို စက်ရက်ကန်းများဖြင့်လည်း လုပ်ကိုင်ကြသည်။

**ကယားလူမျိုးများနေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ**

ကယားပြည်နယ်တွင် စုစုပေါင်းစိုက်ပျိုးမြေဟက်တာ ၃၆၄၅၀ ခန့်ရှိသည်။ လယ်မြေဟက်တာ ၁၆၂၀၀ ခန့်၊ ယာမြေဟက်တာ ၈၁၀၀ ခန့်ရှိသည်။ လယ်ယာလုပ်ငန်းအတွက် နွား၊ ကျွဲတို့ကို မွေးမြူကြ၍ စားသုံးရန် ဝက်၊ ကြက်များကို ရောနှောမွေးမြူကြသည်။

ကယားပြည်နယ်တွင် ကြိုးဝိုင်းသစ်တော ဟက်တာ ၉၃၁၅ ခန့်ရှိသည်။ ကြိုးဝိုင်းသစ်တော များတွင် ကျွန်းများစွာပေါက်ရောက်သည်။ ကြိုးပြင်သစ်တော ဟက်တာ ၆၀၇၅၀၀ ခန့်ရှိသည်။ ၎င်းသစ်တောများမှ ကျွန်းသစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသည်။

ကယားပြည်နယ်ရှိ မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှိုးလိုက်ရောရာသတ္တုများ ထုတ်လုပ်သည်။ ကယားပြည်နယ်တွင် ဆန်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ ရှိသည်။ ဘီလူး ချောင်း လောပိတရေတံခွန်မှ ရေအားကိုအသုံးပြု၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို ဆောက်လုပ်ထားသည်။

**ခရီးသွားလုပ်ငန်း**

ကယားပြည်နယ်တွင် ခရီးသွားကဏ္ဍအနေဖြင့် တောင်ကွဲစေတီသို့ ဘုရားဖူးလာရောက်သည့် ခရီးသွားဧည့်သည်များရှိခြင်း၊ ငွေတောင်ဆည်နှင့် လောပိတရေတံခွန်သို့ လာရောက်လည်ပတ်သော ခရီးသွားများရှိခြင်းနှင့် သာယာလှပသောသဘာဝရှုမျှော်ခင်းများရှိခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသောပြည်နယ် ဖြစ်သည်။

**ပို့ဆောင်ဆက်သွယ်ရေး**

**ကားလမ်း ။** ။လွိုင်ကော်မှ ရန်ကုန်၊ မန္တလေးသို့ကားလမ်းများရှိသည်။ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့နှင့်ဟိုပုံးမြို့တို့မှ လွိုင်ကော်မြို့သို့ ကားလမ်းရှိသည်။ လွိုင်ကော်မှတောင်ဘက်သို့ ဒီမောဆို၊ ဖရူးဆိုး၊ ဘော်လခဲ၊ ဖားဆောင်း၊ မော်ချီးမြို့များသို့ ကားလမ်းရှိသည်။ လွိုင်ကော်မြို့မှ ကရင်ပြည်နယ် လိပ်သိုယာဒိုမှတစ်ဆင့် တောင်ငူမြို့သို့ ကားလမ်းရှိသည်။ တောင်ငူ-သံတောင်မြို့သစ်လမ်းသည် ဖရူးဆိုး၊ ဘော်လခဲ၊ မော်ချီးလမ်းနှင့် ဆက်သွယ်ထားသည်။ လွိုင်ကော်မှ

လောပိတသို့လည်း ကားလမ်းရှိသည်။

**မီးရထားလမ်း။ ။** လွိုင်ကော်မှရှမ်းပြည်နယ် အောင်ပန်းအထိ မီးရထားလမ်းဖြင့် ဆက်သွယ်ထားသည်။

**ရေကြောင်းလမ်း။ ။** ရေကြောင်းလမ်းအဖြစ် လွိုင်ကော်မှဘီလူးချောင်းကိုဆန်တက်ပြီး ရှမ်းပြည်နယ်ရှိမိုးဗြဲဆည်ကိုဖြတ်၍ ညောင်ရွှေမြို့သို့ စက်တပ်မော်တော်များဖြင့် သွားလာနိုင်သည်။

**လေကြောင်းလမ်း။ ။**လွိုင်ကော်မှရန်ကုန်မြို့၊ ရှမ်းပြည်နယ်ဟဲဟိုးမြို့များသို့ လေကြောင်းလမ်းရှိသည်။

### မြို့များ

လွိုင်ကော်မြို့သည် ကယားပြည်နယ်၏ မြို့တော်ဖြစ်သည်။ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများ ရှိသည်။ ဒေသထွက်ကုန်များစုဆောင်းရာ၊ ပြည်နယ်ပြင်ပမှ သွင်းကုန်များ ဖြန့်ဖြူးရာ မြို့လည်းဖြစ်သည်။

ဒီမောဆိုမြို့သည် လွိုင်ကော်မြို့၏ တောင်ဘက်တွင်ရှိ၍ ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များနှင့် ရှမ်းပြည်နယ်ရှိ မိုးဗြဲမြို့သို့ ကားလမ်းရှိသည်။

ဖရူးဆိုးမြို့၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့၊ ရှားတောမြို့များမှာ မြို့နယ်ရုံးစိုက်ရာမြို့များဖြစ်ကြသည်။ မော်ချီးမြို့သည် မော်ချီးသတ္တုတွင်းမြို့ဖြစ်သည်။

### ကရင်လူမျိုး

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်တွင် လူဦးရေ ၁. ၅၇ သန်းခန့် ရှိပြီး ၎င်းမှာ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃. ၁ ရာခိုင်နှုန်း ဖြစ်သည်။ ကရင်ပြည်နယ်တွင် ကရင်လူမျိုးများ အဓိကနေထိုင်သည်။

### ကရင်လူမျိုးတို့၏နေထိုင်ရာဒေသများ

ကရင်လူမျိုးများသည် ကရင်ပြည်နယ်တွင် အများဆုံးနေထိုင်ကြပြီး မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။

### ကရင်လူမျိုးတို့၏ ရိုးရာလုပ်ငန်းဓလေ့များ

ကရင်လူမျိုးတို့၏ ရိုးရာစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှုပုံစံအမျိုးမျိုး တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ ဖြစ်သည်။ စိုက်ပျိုးရာတွင်အများအားဖြင့် နွား၊ ကျွဲနှင့် ရိုးရာလယ်ယာသုံးကိရိယာများ အသုံးပြု၍ထွန်ယက် စိုက်ပျိုးကြသည်။

စိုက်ပျိုးသောသီးနှံများမှာ စပါးကို အဓိကစိုက်ပျိုးပြီး ယာသီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊

ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ၊ ဆေးရွက်ကြီး၊ ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သော ကော်ဖီ၊ လက်ဖက်၊ ကွမ်းသီး၊ ကြက်မောက်၊ ကျွဲကော၊ မင်းကွတ်၊ ဒူးရင်း၊ တည်းပင်များ၊ လိမ္မော်၊ သံပရို၊ ကမ္ဘလာ၊ ပင်မှည့်၊ ငှက်ပျောနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ပီလောပီနံ စသောသီးနှံများ စိုက်ပျိုးသည်။




**ပုံ(၂.၃) ကရင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ**

ကရင်လူမျိုးတို့၏ အခြားလုပ်ငန်းငယ်များမှာ အမဲလိုက်ခြင်း၊ ဝက်၊ ကြက်၊ ဆိတ်၊ နွား၊ ကျွဲများ မွေးမြူခြင်း၊ ရေချိုငါးဖမ်းခြင်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ပန်းပဲလုပ်ငန်းမှ ထယ်သွား၊ ထွန်သွား၊ ဓားမ၊ ပုဆိန် စသောလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း

များလုပ်ကိုင် ကြသည်။ ယခုအခါ ကရင်ရိုးရာအဝတ်အထည်များကို စက်ရက်ကန်းများဖြင့်လည်း လုပ်ကိုင်ကြသည်။

**ကရင်လူမျိုးများ နေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ**

ကရင်ပြည်နယ်တွင် စုစုပေါင်း စိုက်ပျိုးမြေဟက်တာ ၂၈၃၅၀၀ နီးပါးရှိသည်။ လယ်မြေဟက်တာ ၁၆၂၀၀၀ ကျော်၊ တောင်ယာမြေဟက်တာ ၃၆၄၅ ခန့်ရှိသည်။ ကိုင်းကျွန်းမြေဟက်တာ ၄၀၅၀ ကျော်၊ ဥယျာဉ်ခြံမြေဟက်တာ ၂၈၃၅ ခန့်ရှိသည်။ လယ်ယာလုပ်ငန်းအတွက် နွား၊ ကျွဲတို့ကို မွေးမြူကြ၍ စားသုံးရန် ဝက်၊ ကြက်များကို ရောနှောမွေးမြူကြသည်။

ကရင်ပြည်နယ်တွင် ကြိုးဝိုင်းသစ်တောဟက်တာ ၄၀၅၀၀၀ ကျော်ရှိ၍ ၎င်းသစ်တောများမှ ကျွန်း၊ ပျဉ်းကတိုး၊ သက်န်း၊ အင်၊ ကညင်၊ သစ်ရာ၊ ပိတောက်နှင့် အခြား သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်သည်။ ထို့ပြင် ဘားအံမြို့နယ်ရှိ ထုံးကျောက်ဂူများမှ လင်းနို့ချေးကိုလည်း ထုတ်ယူရရှိသည်။

ကရင်ပြည်နယ်မှ ခနောက်စိမ်းသတ္တု အနည်းငယ်တူးဖော်ရရှိသည်။ ကရင်ပြည်နယ်တွင် အများဆုံးတွေ့ရှိရသော စက်မှုလုပ်ငန်းများမှာ ဆန်စက်၊ ဖွဲနုဆီစက်၊ သစ်စက်နှင့်ရေခဲစက်တို့ ဖြစ်ကြသည်။ သံတောင်မြို့တွင် ကော်ဖီကြိတ်စက်၊ လက်ဖက်ခြောက် စက်ငယ်များလည်း ရှိသည်။ ဘားအံမြို့၏တစ်ဖက်ကမ်း မြိုင်ကလေးတွင် ဘိလပ်မြေစက်ရုံ တည်ရှိသည်။ ရက်ကန်းလုပ်ငန်းကို နေရာအနှံ့တွင် တွေ့ရသည်။

**ခရီးသွားလုပ်ငန်း**

ကရင်ပြည်နယ်တွင် ခရီးသွားကဏ္ဍအနေဖြင့် ဇွဲကပင်တောင်နှင့် ထုံးကျောက်လိုဏ်ဂူများ ပေါများခြင်းကြောင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များရှိနေပြီး စီးပွားဖြစ် ဆောင်ရွက်နိုင်သည့် ခရီးသွားကဏ္ဍအသွင်ဖြစ်လာရန် ဆောင်ရွက်လျက်ရှိသည်။ သာယာလှပသော သဘာဝရှုမျှော်ခင်းများရှိခြင်း၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ၊ ကော့ဂွန်းဂူ၊ ခရုံဂူ စသော ထုံးကျောက်လိုဏ်ဂူများရှိခြင်းကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသောပြည်နယ် ဖြစ်သည်။

**ပို့ဆောင်ဆက်သွယ်ရေး**

ကရင်ပြည်နယ်တွင် ကားလမ်း၊ ရေလမ်းနှင့် လေကြောင်းလမ်းများရှိသည်။

**ကားလမ်း ။ ။** ဘားအံမှ ရန်ကုန်သို့ ကားလမ်းရှိသည်။ ကားလမ်းများမှာ (၁) ဘားအံ-လှိုင်းဘွဲ့လမ်း (၂) ကျုံဒိုး- ကော့ကရိတ်- မြဝတီလမ်း (၃)ကျုံဒိုး-ကြာအင်းဆိပ်ကြီးလမ်း (၄)ရွှေဂွန်း - လှိုင်းဘွဲ့-ပိုင်ကျုံလမ်း (၅) ဘီးလင်း (မွန်ပြည်နယ်)- ဖာပွန်လမ်း (၆)မြိုင်ကလေး- သထုံ(မွန်ပြည်နယ်)လမ်း

(၇) တောင်ငူ (ပဲခူးတိုင်း)- လိပ်သို- ယာဒိုလမ်း (၈) တောင်ငူ-သံတောင်လမ်းတို့ဖြစ်သည်။

**ရေကြောင်းလမ်း ။** ။ သံလွင်မြစ်သည် မြစ်ဝရှိ မော်လမြိုင်မြို့(မွန်ပြည်နယ်)မှ ရွှေဂွန်းအထိ သင်္ဘောများသွားလာနိုင်သည်။ မွန်ပြည်နယ် မော်လမြိုင်မြို့မှ အတ္တရံမြစ်နှင့် ၎င်း၏မြစ်လက်တက် ဇမိမြစ်ကြောင်းအတိုင်း သွားလာသော သင်္ဘောလမ်းသည် ကြာအင်းဆိပ်ကြီးအထိရောက်သည်။ ဂျိုင်းမြစ်သည် မြစ်ဝ မော်လမြိုင်မှ ကျုံဒိုးအထိ သင်္ဘောများသွားလာနိုင်သည်။

**လေကြောင်းလမ်း ။** ။ ဘားအံနှင့် ဖာပွန်တို့တွင် လေဆိပ်များရှိသည်။

## မြို့များ

ဘားအံမြို့သည် ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ကရင်ပြည်နယ်အတွင်းရှိ အခြားမြို့များအပြင် မွန်ပြည်နယ်ရှိ မော်လမြိုင်၊ သထုံမြို့များနှင့် အလွယ်တကူဆက်သွယ်နိုင်သည်။

ဖာပွန်မြို့သည် ရွှေဂွန်း၊ ဘားအံမြို့များသာမက မွန်ပြည်နယ်ရှိ ဘီးလင်း၊ သထုံမြို့များသို့လည်း ကားလမ်းဖြင့် ဆက်သွယ်ထားသည်။

ကော့ကရိတ်မြို့သည် ပတ်ဝန်းကျင်ဒေသမှ စိုက်ပျိုးရေးထွက်ကုန်များ စုဆောင်းရာ ပြည်နယ်ပြင်ပမှသွင်းကုန်များဖြန့်ဖြူးရာမြို့လည်းဖြစ်သည်။ ရန်ကုန်၊ မော်လမြိုင်တို့ကိုလေကြောင်းဖြင့်လည်း ဆက်သွယ်ထားသည်။

သံတောင်မြို့သည် တောင်ငူမြို့နှင့် အလွယ်တကူ ဆက်သွယ်နိုင်သည်။

အခြားထင်ရှားသောမြို့များမှာ ဇမိမြစ်ပေါ်ရှိ ကြာအင်းဆိပ်ကြီးမြို့နှင့် ထိုင်း-မြန်မာနယ်နိမိတ်အနီးရှိ မြဝတီမြို့တို့ဖြစ်ကြသည်။ မြဝတီမြို့သည် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၁) အမှတ်(၂)တို့ဖြင့် သောင်ရင်းမြစ်ကိုဖြတ်၍ ထိုင်းနိုင်ငံနှင့် ဆက်သွယ်ထားပြီး နှစ်နိုင်ငံကုန်သွယ်ရေးတွင် အရေးပါသောမြို့ ဖြစ်သည်။

## ချင်းလူမျိုး

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ချင်းပြည်နယ်တွင် လူဦးရေ ၀. ၄၈ သန်းခန့်ရှိပြီး၎င်းမှာ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၀. ၉ ရာခိုင်နှုန်းဖြစ်သည်။ ချင်းပြည်နယ်တွင် ချင်းလူမျိုးများ အဓိကနေထိုင်သည်။

## ချင်းလူမျိုးတို့၏ နေထိုင်ရာဒေသများ

ချင်းလူမျိုးများသည် ချင်းပြည်နယ်တွင် အများဆုံးနေထိုင်ကြပြီး ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။

### ချင်းလူမျိုးတို့၏ ရိုးရာလုပ်ငန်းဓလေ့များ

ချင်းလူမျိုးတို့၏ ရိုးရာစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှုပုံစံအမျိုးမျိုး တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ဖြစ်သည်။ စိုက်ပျိုးရာတွင် အများအားဖြင့် နွား၊ ကျွဲနှင့် ရိုးရာလယ်ယာသုံးကိရိယာများအသုံးပြု၍ ထွန်ယက် စိုက်ပျိုးကြသည်။




ပုံ(၂.၄) ချင်းပြည်နယ်၏စီးပွားရေးလုပ်ငန်းများ

စိုက်ပျိုးသော သီးနှံများမှာစပါးကို အဓိကစိုက်ပျိုးပြီး ယာသီးနှံများဖြစ်သော နှမ်း၊ နံ့စား ပြောင်း၊ ပြောင်းဖူး၊ ဆေးရွက်ကြီး၊ ဟင်းသီးဟင်းရွက်များ၊ ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သော ကော်ဖီ၊

လိမ္မော်၊ ပန်းသီးနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ကြံကို စိုက်ပျိုးသည်။

ချင်းလူမျိုးတို့၏ အခြားလုပ်ငန်းဓလေ့များမှာ အမဲလိုက်ခြင်း၊ နွားနောက်၊ ကြက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွား၊ ဝက်များမွေးမြူခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ပန်းပဲလုပ်ငန်း၊ ပေါက်တူး၊ ပုဆိန်၊ ပဲခွပ်၊ ဓားလှံ၊ သံချွန်၊ သံကောက်စသော လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဂျပ်ခုတ်ရက်ကန်းလုပ်ငန်း၊ ဖျာ၊ တောင်း၊ ပလုံး၊ ခြင်းရက်လုပ်သောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ယခုအခါ ချင်းရိုးရာအဝတ်အထည်များကို စက်ရက်ကန်းများဖြင့်လည်း လုပ်ကိုင်ကြသည်။

## ချင်းလူမျိုးများ နေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ

ချင်းပြည်နယ်တွင် စုစုပေါင်းစိုက်ပျိုးမြေ ဟက်တာ ၉၇၂၀၀ ခန့်ရှိပြီး လယ်မြေဟက်တာ ၈၁၀၀ ခန့်၊ ယာအနည်းငယ်နှင့် ဥယျာဉ်ခြံမြေဟက်တာ ၄၀၅၀ ကျော်ရှိသည်။ ဟက်တာ ၈၁၀၀၀ ခန့်မှာ ရွှေ့ပြောင်းတောင်ယာများ ဖြစ်ကြသည်။ လှေကားထစ်လယ်မြေဟက်တာ ၄၀၅၀ ကျော် ရှိသည်။ နွားမွေးမြူခြင်း အနည်းငယ်သာရှိသည်။ နွားနောက်များကိုလည်း မွေးမြူကြသည်။ ဖလမ်းမြို့နယ်တွင် ငါးမွေးမြူရေးလုပ်ငန်းကို စတင်နေသည်။

အိမ်သုံးအတွက် ဂျပ်ခုတ် အဝတ်အထည်ရက်ခြင်းကို အိမ်တိုင်းလိုလိုတွင် ပြုလုပ်ကြသည်။ ထင်းရှူးတောများရှိသဖြင့် ဖလမ်းမြို့အနီးနှင့် ဟားခါးမြို့အနီးရှိ ထင်းရှူးဆီထုတ်စက်ရုံများမှ တာပင်တိုင်နှင့် ထင်းရှူးဆီခဲများ ထုတ်လုပ်သည်။ ရေအားလျှပ်စစ်ကို အသေးစားလုပ်ငန်းငယ်များအဖြစ် ထုတ်လုပ်လျက် ရှိသည်။ ဖလမ်းမြို့နယ် ငဆစ်ဗား၊ ဟားခါးမြို့နယ် ဒေါင်ဗားနှင့် လိုင်ဗား၊ တီးတိန်မြို့နယ် ဇာလွီး၊ မင်းတပ်မြို့နယ် မင်းတပ်၊ တွန်းဇံမြို့နယ် ကွီဇောင်းတို့တွင် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်သောလုပ်ငန်းများ ရှိသည်။

## ခရီးသွားလုပ်ငန်း

ချင်းပြည်နယ်တွင် ခရီးသွားကဏ္ဍအနေဖြင့် ဝိတိုရိယတောင်နှင့် ရိဒ်ရေအိုင်သို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များရှိနေပြီး စီးပွားဖြစ်ဆောင်ရွက်နိုင်သည့် ခရီးသွားကဏ္ဍအသွင်ဖြစ်လာရန် ဆောင်ရွက်လျက်ရှိသည်။ သာယာလှပသော သဘာဝရှုမျှော်ခင်းများရှိခြင်းကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် အလားအလာကောင်းသော ပြည်နယ်ဖြစ်သည်။

## ပို့ဆောင်ဆက်သွယ်ရေး

ချင်းပြည်နယ်သည် တောင်ထူထပ်သဖြင့် ကားလမ်း၊ လေကြောင်းလမ်းနှင့် ရေလမ်း အနည်းငယ်သာရှိသည်။

**ကားလမ်း။** ။ ဟားခါးမှ မန္တလေးနှင့်ရန်ကုန်သို့ ကားလမ်းရှိသည်။ ကားလမ်းများမှာ ဟားခါး-

ဖလမ်း-တီးတိန်-တွန်းဇံလမ်း ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ကိုဆက်သွယ်သော ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း ရှိသည်။

**ရေကြောင်းလမ်း။** ။ ချင်းပြည်နယ် အနောက်ပိုင်းရှိပလက်ဝမြို့ကို ရခိုင်ပြည်နယ်နှင့် ကုလားတန်မြစ်ကြောင်းဖြင့်ဆက်သွယ်နိုင်သည်။

**လေကြောင်းလမ်း။** ။ ဖလမ်းမြို့အနီးရှိ ဆူရဲဘုန်တွင်လေဆိပ်ရှိသည်။

## မြို့များ

ဟားခါးမြို့သည် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည်။ ချင်းပြည်နယ် အလယ်ပိုင်းတွင်ရှိပြီး မြောက်ပိုင်း၊ တောင်ပိုင်းမြို့များနှင့် ဆက်သွယ်နိုင်သည်။ စစ်ကိုင်းတိုင်း ကလေးမြို့နှင့် ကားလမ်းများဖြင့်ဆက်သွယ်ထားသည်။

ဖလမ်းမြို့သည် ဟားခါးမြို့မြောက်ဘက် ဟားခါး-တီးတိန် ကားလမ်းပေါ်တွင်ရှိသည်။

တီးတိန်မြို့သည် ဒေသထွက်သီးနှံများ စုဆောင်းတင်ပို့ရာမြို့ဖြစ်သည်။

ကန်ပက်လက်မြို့တွင် မကွေးတိုင်းအတွင်းရှိ ဆောမြို့နှင့်ဆက်သွယ်ထားသော ကားလမ်းရှိသည်။

ပလက်ဝမြို့မှ ကုလားတန်မြစ်ကြောင်းခရီးနှင့် ကုန်းလမ်းခရီးတို့ဖြင့် ရခိုင်ပြည်နယ်သို့ ဆက်သွယ်သွားလာနိုင်သည်။

ကျန်မြို့များမှာမြို့နယ်ရုံးစိုက်ရာမြို့များဖြစ်ကြသော တွန်းဇံ၊ ထန်တလန်၊ မတူပီနှင့် မင်းတပ်မြို့များ ဖြစ်သည်။

## ဗမာလူမျိုး

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ဗမာလူဦးရေ ၃၆. ၃၉ သန်းခန့်ရှိပြီး ၎င်းမှာမြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၇၀. ၆ ရာခိုင်နှုန်းရှိသည်။

## ဗမာလူမျိုးတို့၏ နေထိုင်ရာဒေသများ

ဗမာလူမျိုးများသည် တိုင်းဒေသကြီး ၇ ခုနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေများတွင် အဓိကနေထိုင်ကြပြီး ပြည်နယ် ၇ ခုတွင်လည်း တိုင်းရင်းသားအားလုံးနှင့် ရောနှောနေထိုင်ကြသည်။

## ဗမာလူမျိုးတို့၏ ရိုးရာလုပ်ငန်းဓလေ့များ

ဗမာလူမျိုးတို့၏ရိုးရာစီးပွားရေးမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှုပုံစံအမျိုးမျိုး တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ဖြစ်သည်။ စိုက်ပျိုးရာတွင် အများအားဖြင့် နွား၊ ကျွဲနှင့်ခေတ်မီလယ်ယာသုံးကိရိယာများ အသုံးပြု၍ ထွန်ယက် စိုက်ပျိုး

ကြသည်။

စိုက်ပျိုးသောသီးနှံများမှာ စပါးကို အဓိကစိုက်ပျိုးပြီး ယာသီးနှံများဖြစ်သောဂျုံ၊ နှမ်း၊ မြေ နေကြာ၊ နံ့စားပြောင်း၊ ပြောင်းဖူး၊ အာလူး၊ ငရုတ်၊ ကြံ၊ သနပ်ခါး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်မျ ခြံထွက်သီးနှံများဖြစ်သော လက်ဖက်၊ ကွမ်း၊ ကွမ်းသီး၊ ကော်ဖီ၊ ဆေးရွက်ကြီး၊ စက်မှုကုန်ကြ သီးနှံများဖြစ်သော ဂုန်လျှော်၊ ဝါ၊ ပီလောပီနံ၊ ရော်ဘာ၊ ဗာဂျီးနီးယားဆေးနှင့် အခြားသီးနှံမျ စိုက်ပျိုးကြသည်။

ဗမာလူမျိုးတို့၏ အခြားလုပ်ငန်းလေ့များမှာ ကြက်၊ ဝက်၊ ဘဲ၊ ငုံး၊ ဆိတ်၊ ကျွဲ၊ နွ မွေးမြူခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် သံထည်၊ ကြေးထည်လုပ်ငန်းမျ ကြေးသွန်းလုပ်ငန်း၊ ရွှေဆိုင်းလုပ်ငန်း၊ ရွှေခြည်ငွေခြည်ထိုးလုပ်ငန်း၊ ရွှေပန်းထိမ်၊ ငွေပန်းထိ လုပ်ငန်း၊ မြန်မာ့တူရိယာပစ္စည်းများပြုလုပ်သည့်လုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ရက်ကန်းလုပ်ငန် ငှက်သိုက်ထုတ်လုပ်ခြင်း လုပ်ငန်း၊ အိုးလုပ်ငန်း၊ ပုလဲလုပ်ငန်း၊ ရေချိုရေငန်ငါးဖမ်းလုပ်ငန်း၊ ပန်း လုပ်ငန်း၊ သတ္တုရှာဖွေတူးဖော်ခြင်း စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ယခုအခါ ဗမာ့ရိုး အဝတ်အထည်များကို စက်ရက်ကန်းများဖြင့်လည်း လုပ်ကိုင်ကြသည်။

**ဗမာလူမျိုးများ နေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ**

တိုင်းဒေသကြီးများနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေရှိ စုစုပေါင်းစိုက်ပျိုးမြေ ဟက်တာ ၅၇၅၁၀၀၀ ခန့်ရှိသည်။ စိုက်ပျိုးမြေအများစုမှာ လယ်မြေများဖြစ်သည်။ ကျန်မြေများမ ကိုင်းကျွန်း မြေနှင့် ဥယျာဉ်ခြံမြေတို့ဖြစ်သည်။ လယ်ယာလုပ်ငန်းအတွက် နွား၊ ကျွဲကို မွေးမြူကြ စားသုံးရန် ဝက်၊ ကြက်၊ ဆိတ်များကို ရောနှောမွေးမြူကြသည်။

ဗမာလူမျိုးများ နေထိုင်ရာဒေသတွင် ကြိုးဝိုင်းသစ်တောဟက်တာ ၇၃၅၂၃၀၁ ကျော်ခ ရှိ၍ ကြိုးဝိုင်းသစ်တောများတွင် ကျွန်းပင်များစွာ ပေါက်ရောက်သည်။ ကြိုးပြင်သစ်တောများလည် ရှိသည်။ ဤသစ်တောများမှ ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်အမျိုးအစားများ၊ ပျားရည်နှင့် အခြာ သစ်တောထွက်ပစ္စည်းများ ထုတ်ယူရရှိသည်။

သစ်စက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိမြို့များနှင့် မီးရထားလမ်းတစ်လျှော ရှိ မြို့များတွင် အများဆုံးတွေ့ရသည်။ ပဲခူးတိုင်းဒေသကြီးတွင် သစ်စက်ကြီးများကို ပဲခူး၊ တောင် ပြည်၊ ပေါင်းတည်၊ နတ်တလင်းမြို့များတွင် တွေ့ရပြီး သစ်စက်ငယ်များကို မီးရထားလမ်းတ လျှောက်ရှိ မြို့များတွင် တွေ့ရသည်။ ဆွာမြို့၌ အထပ်သားစက်ရုံ၊ ရေနီမြို့၌ စက္ကူစက်ရုံရှိသည်

တွင်းထွက်ပစ္စည်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၊ ကျောက်ပုထိ ဒေသမှ ရွှေ၊ ကလေးဝ (သစ်ခြောက်)ဒေသမှ ကျောက်မီးသွေးနှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်

မှ ကြေးနီတို့ကို တူးဖော်ရရှိသည်။ မကွေးတိုင်းဒေသကြီးမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်မှ စကျင်ကျောက်များ တူးဖော်ရရှိသည်။ မိုးကုတ်မြို့နယ်မှ ပတ္တမြား၊ နီလာ စသည့် ကျောက်မျက်ရတနာများ ထွက်သည်။ ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသော တွင်းထွက်ပစ္စည်းများမှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ မြေစေးဖြူနှင့် ဂဝံကျောက်တို့ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ ရေနံကို ရွှေပြည်သာနှင့် ကြံခင်းမြို့အနီးရှိ ထန်းတပင်ရေနံမြေတို့မှထုတ်ယူရရှိသည်။ သဘာဝဓာတ်ငွေ့ကိုရွှေပြည်သာရေနံမြေနှင့်အဖျောက် သဘာဝဓာတ်ငွေ့မြေတို့မှရရှိသည်။ တနင်္သာရီတိုင်းဒေသကြီးမှ ခဲမဖြူနှင့်အဖြိုက်နက် တူးဖော်ရရှိသည်။ သတ္တုများကို ထားဝယ်မြို့ အနီးရှိ ကမျောကင်း ပင်မသတ္တုစက်ရုံတွင် ထပ်မံသန့်စင်ပြီး သန်လျင်မြို့ရှိ ခဲမဖြူသတ္တုသန့်စင်စက်ရုံသို့ ပို့သည်။ ကမ်းလွန်ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ ထွက်ရှိသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အလုံ၊ လှော်ကား၊ ပြည်တို့တွင် သဘာဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိသည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတို့တွင် ရေအားလျှပ်စစ်စက်ရုံများရှိပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆန်စက်များကို တိုင်းဒေသကြီး ၇ ခုတွင် တွေ့ရှိရပြီး ဆန်စက်ကြီးများကို စပါး အမြောက်အမြား စိုက်ပျိုးသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တွေ့ရသည်။ ဂျုံစက်ကြီးများကို ရန်ကုန်တိုင်းဒေသကြီးတွင် တွေ့ရသည်။ ဆီစက်များကို နှမ်းအမြောက်အမြား စိုက်ပျိုးရာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တွေ့ရသည်။ ပဲခွဲစက်များကို မကွေးတိုင်းဒေသကြီးရှိ မြို့တိုင်းတွင် တွေ့ရသည်။

အခြားအစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ဘီယာနှင့် အရက်ချက်စက်ရုံများ၊ ပဲခွဲစက်များ၊ ကြာဆံစက်၊ ခေါက်ဆွဲစက်များ၊ ရေခဲစက်များ၊ အချိုရည်စက်များနှင့် ကော်ဖီကြိတ်စက်တို့ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင်လည်းစားသောက်ကုန်ပစ္စည်းများထုတ်လုပ်သည့်စက်ရုံများနှင့် အထည်ချုပ်စက်ရုံများရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ရေချိုငါး ပုစွန်လုပ်ငန်းထွန်းကားသည့်အပြင် ဟာလဝါမုန့်လုပ်ငန်းလည်း ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ငါး၊ ပုစွန်များထုပ်ပိုးသည့် အအေးခန်းစက်များ၊ ရေခဲစက်များ၊ ဒူးရင်းယို၊ နာနတ်ယို၊ ငံပြာရည်... ခနိ၊ သကြားလုပ်ငန်းများ စသည်တို့ရှိသည်။

လူသုံးကုန်ပစ္စည်းထုတ်စက်ရုံများကို မန္တလေးတိုင်းဒေသကြီးတွင် မတ္တရာရှိ စကျင်ကျောက်ပြားစက်၊ ပရိဘောဂလုပ်ငန်းများ၊ အထည်စက်ရုံများ၊ လက်ရက်ကန်းလုပ်ငန်းများ၊ ထီး၊ ဖိနပ်လုပ်ငန်းများ၊ ပုဂံညောင်ဦးရှိ ယွန်းထည်လုပ်ငန်း စသည်တို့ဖြစ်သည်။ မန္တလေးမြို့ပေါ်ရှိ

ကျောက်ဆစ်လုပ်ငန်း၊ ကြေးသွန်းလုပ်ငန်
မြန်မာ့ရိုးရာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှာ ငွေပန်းထိမ်လုပ်ငန်းများနှင့် မြန်မ
ရွှေဆိုင်းလုပ်ငန်း၊ ရွှေခြည်ငွေခြည်ထိုးလုပ်ငန်း၊ ရွှေပန်းထိမ်၊
တူရိယာပစ္စည်း ပြုလုပ်သည့် လုပ်ငန်းများ စသည်တို့ ဖြစ်သည်။

နိုင်ငံပိုင် စက်ရုံအလုပ်ရုံကြီးများအနေဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ဧရာဝတီမြစ်အနော
ဘက်ကမ်း ပန်းတောင်းမြို့နယ်အတွင်းရှိ ဆင်တဲ၊ ထုံးဘိုနှင့် ညောင်ခြေထောက်တို့တွင် အကြီးစ
စက်မှုလုပ်ငန်းများရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံပိုင်စက်ရုံကြီးများမှာ ပုသိမ်ရှိ မှန်စက်၊ အထပ်သားစ
ကြံခင်းရှိ ဘိလပ်မြေစက်တို့ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အင်းစိန် မီးရထားစက်ခေါင်းပြင်စက်ရုံ၊ ရွာမ သံနှင့် သံမဏ
ပစ္စည်းစက်ရုံ၊ တညင်းကုန်း ကားတာယာစက်ရုံ၊ ကြို့ကုန်းရှိ မြန်မာ့ဆေးဝါးထုတ်လုပ်ရေးစက်
(MPF)နှင့် အခြားစက်ရုံ အများအပြားရှိသည်။ ကမာရွတ်၊ အလုံ၊ ဒေါပုံ၊ ဒလ၊ ဗိုလ်တထောင်မြို့န
များတွင် သင်္ဘောကျင်းများ ရှိသည်။ သန်လျင်တွင် ရေနံချက်စက်၊ ဖန်ချက်စက်၊ ခဲမဖြူသတ္တုသန့်စ
စက်ရုံတို့ရှိသည်။

## ခရီးသွားလုပ်ငန်း

စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်ရိုး
ဆွမ်းဦးပုညရှင်ဘုရားနှင့် ထင်ရှားသောစေတီပုထိုးများရှိပြီး မုံရွာမြို့ရှိ ထင်ရှားသော မိုးညှ
သမ္ဗုဒ္ဓေဘုရား၊ ဗောဓိတစ်ထောင်ဘုရားနှင့် အလောင်းတော်ကဿပဘုရားသို့ ဘုရားဖူးများန
ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရား၊ မန္တလေးတောင်၊ ကျောက
စိမ်းစေတီနှင့် ထင်ရှားသောဘုရားများရှိခြင်း၊ မန္တလေးနန်းတွင်း၊ အင်းဝမြို့ဟောင်းနှင့် အခြားထင်ရှ
သောနေရာများသို့ ဘုရားဖူးများနှင့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုရှိသည်။

ပုဂံ-ညောင်ဦးရှိ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရားစသောရှေးဟောင်းစေတီပုထိုးများသို့လည်
ဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်မှုရှိသည်။ အထူးသဖြင့် ပုဂံရှေးဟောင်းယဉ်ကျေး
နယ်မြေသည် ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုအရှိဆုံးနေရာတစ်ခုလည်း ဖြစ်သည်

မကွေးတိုင်းဒေသကြီးတွင် ရွှေစက်တော်ဘုရားနှင့် ကျောင်းတော်ရာ၊ မြသလွန်ဘုရားမျ
သို့ ဘုရားဖူးခရီးသွားများ လာရောက်မှုရှိသည်။

ပဲခူးတိုင်းဒေသကြီးတွင် ရွှေမော်ဓောဘုရားနှင့် အခြားထင်ရှားသောဘုရားများ၊ ကမ္ဘော
သာဒီနန်းတော်ဟောင်းနှင့် သရေခေတ္တရာ၊ တောင်ငူမြို့များသို့ ဘုရားဖူးများနှင့်ခရီးသွားမျ
လာရောက်မှုရှိသည်။




ပုံ(၂.၅) တိုင်းဒေသကြီးများ၏ စီးပွားရေးလုပ်ငန်းများ

အင်္ဂမတန်း

ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ဗိုလ်တထောင်ဘုရားနှင့် လော်ကားအမျိုးသားဥယျာဉ် စသည့်ထင်ရှားသောနေရာများသို့ ဘုရားဖူးများနှင့် ခရီးသွားများ လာရောက်မှုရှိသည်။ ၎င်းနေရာများသည် ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုအရှိဆုံး နေရာများ ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားနှင့် ချောင်းသာ၊ ငွေဆောင် ကမ်းခြေများသို့ ဘုရားဖူးများနှင့် ခရီးသွားများလာရောက်မှု ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်မြို့ရှိ ရှင်ကိုးရှင်ဘုရားနှင့် မောင်းမကန်ကမ်းခြေ များသို့ ဘုရားဖူးများနှင့် ခရီးသွားများလာရောက်လည်ပတ်မှု ရှိသည်။

နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် ဥပ္ပါတသန္တိဘုရားနှင့် ဆာဖာရီဥယျာဉ် စသည့် ထင်ရှားသောနေရာများသို့ ဘုရားဖူးနှင့် ခရီးသွားများ လာရောက်မှုရှိသည်။

အထက်ဖော်ပြပါဒေသများသည် ထင်ရှားသော စေတီပုထိုးများရှိခြင်း၊ လှပသောသဘာဝ ရှုခင်းများ၊ အပန်းဖြေကမ်းခြေများရှိခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလား အလာကောင်းရှိသောဒေသများ ဖြစ်သည်။

## ပို့ဆောင်ဆက်သွယ်ရေး

မြန်မာနိုင်ငံအလယ်ပိုင်းရှိနေပြည်တော်မှ ရန်ကုန်၊ မန္တလေးနှင့် မြန်မာနိုင်ငံဒေသအသီးသီး သို့ ရထားလမ်း၊ ကားလမ်း၊ လေကြောင်းလမ်းများဖြင့် ဆက်သွယ်ထားသည်။

## မြို့များ

နေပြည်တော်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးရုံးစိုက်ရာမြို့တော်ဖြစ်ပြီး နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် တည်ရှိသည်။

ရန်ကုန်မြို့သည် ယခင် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ အဓိက လုပ်ကိုင်သောမြို့ဖြစ်သည်။ ပင်လယ်ကူးသင်္ဘောများဆိုက်ကပ်ရာ ပင်လယ်ဆိပ်ကမ်းမြို့လည်းဖြစ် သည်။ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလမ်းများဆုံရာမြို့လည်း ဖြစ်သည်။

ရန်ကုန်မှ နေပြည်တော် - မန္တလေးနှင့် မြန်မာနိုင်ငံအရပ်ရပ်သို့ ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းများဖြင့် ဆက်သွယ်ထားသည်။ ခရီးသွားလုပ်ငန်း အသင့်အတင့် ဖွံ့ဖြိုးသည်။

မန္တလေးမြို့သည် စီးပွားရေးဖွံ့ဖြိုးသော မြို့ကြီးဖြစ်သည်။ စက်မှုလက်မှုလုပ်ငန်းများနှင့် ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးသောမြို့ဖြစ်သည်။ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလမ်းများ ဆုံရာ မြို့လည်းဖြစ်သည်။

မန္တလေးမှ နေပြည်တော်- ရန်ကုန်နှင့် မြန်မာနိုင်ငံဒေသအသီးသီးသို့ ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းများဖြင့် ဆက်သွယ်ထားသည်။ ခရီးသွားလုပ်ငန်း အသင့်အတင့် ဖွံ့ဖြိုးသည်။

အခြားထင်ရှားသော မြို့များမှာ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ပုသိမ်၊ ထားဝယ် မြို့များသည် တိုင်းမြို့တော်များဖြစ်ပြီး စိုက်ပျိုးရေး၊ တွင်းထွက်နှင့် စက်မှုထွက်ကုန်များ တင်ပို့ရာမြို့များ ဖြစ်သည်။ မြန်မာနိုင်ငံတောင်ဘက်စွန်းရှိ ကော့သောင်းမြို့သည် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်မြို့ဖြစ်သည်။

**မွန်လူမျိုး**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မွန်ပြည်နယ်တွင် လူဦးရေ ၂. ၀၅ သန်းခန့်ရှိပြီး ၎င်းမှာ မြန်မာနိုင်ငံစုစုပေါင်းလူဦးရေ၏ ၄. ၀ ရာခိုင်နှုန်း ဖြစ်သည်။ မွန်ပြည်နယ်တွင် မွန်လူမျိုးများ အဓိကနေထိုင်သည်။

**မွန်လူမျိုးတို့၏ နေထိုင်ရာဒေသများ**

မွန်လူမျိုးများသည် မွန်ပြည်နယ်တွင် အများဆုံးနေထိုင်ကြပြီး ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။

**မွန်လူမျိုးတို့၏ ရိုးရာလုပ်ငန်းခလေ့များ**

မွန်လူမျိုးတို့၏ ရိုးရာစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှုပုံစံအမျိုးမျိုး တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ဖြစ်သည်။ စိုက်ပျိုးရာတွင် အများအားဖြင့် နွား၊ ကျွဲနှင့် ရိုးရာလယ်ယာသုံးကိရိယာများ အသုံးပြု၍ ထွန်ယက် စိုက်ပျိုးကြသည်။

စိုက်ပျိုးသောသီးနှံများမှာ စပါးကို အဓိကစိုက်ပျိုးပြီး ယာသီးနှံများဖြစ်သော မြေပဲ၊ နေကြာ၊ ပြောင်းဖူး၊ ဆေးရွက်ကြီး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည်။ ဥယျာဉ်ခြံထွက်သီးနှံများ ဖြစ်သော ခနိ၊ ကွမ်းသီး၊ မရန်း၊ ကျွဲကော၊ ဒူးရင်း၊ မင်းကွတ်၊ နာနတ်၊ သီဟိုဠ်သရက်၊ ကြက်မောက်၊ တည်းပင်များနှင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဂုန်လျှော်၊ ရော်ဘာ၊ ကြံ၊ ပီလောပီနံ၊ ဆီအုန်း စသော အခြားသီးနှံများ စိုက်ပျိုးကြသည်။

မွန်လူမျိုးတို့၏ အခြားလုပ်ငန်းခလေ့များမှာ အမဲလိုက်ခြင်း၊ ကြက်၊ ဝက်၊ ဘဲ၊ ကျွဲ၊ နွား မွေးမြူခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ဆေးတံ၊ အိုးခွက်များ၊ ရက်ကန်းလုပ်ငန်း၊ ရေချိုရေငန် ငါးဖမ်းလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း၊ နေလှန်းဆားထုတ်လုပ်ခြင်းလုပ်ငန်း စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ယခုအခါ မွန်ရိုးရာအဝတ်အထည်များကို စက်ရက်ကန်းများ

အင္ဂမတန်း

ဖြင့်လည်း လုပ်ကိုင်ကြသည်။

**မွန်လူမျိုးများနေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ**

မွန်ပြည်နယ်တွင် စုစုပေါင်းစိုက်ပျိုးမြေဟက်တာ ၃၆၄၅၀၀ ကျော်နှင့် သီးထပ်စိုက်မြေ ဟက်တာ ၂၄၃၀၀ နီးပါးရှိသည်။ စိုက်ပျိုးမြေအများစုမှာ လယ်မြေများဖြစ်ကြသည်။ ကိုင်းကျွန်းမြေ ဥယျာဉ်ခြံမြေနှင့် တောင်ယာမြေအနည်းငယ် ရှိသည်။ လယ်ယာများ၌ လုပ်ကိုင်ရန် နွား၊ ကျွဲ မွေးမြူထားသည်။ ဝက်၊ ကြက်၊ ဆိတ်နှင့် ဘဲများကိုလည်း မွေးမြူကြသည်။ သစ်တောများမှ ပြည်တွင်း သုံးရန် သစ်အနည်းငယ်ထုတ်လုပ်သည်။




ပုံ(၂.၆) မွန်ပြည်နယ်၏စီးပွားရေးလုပ်ငန်းများ

ခနောက်စိမ်းကို ပေါင်မြို့နယ် ကာဒိုက်သတ္တုတွင်းနှင့် မုဒုံအနီးရှိ နတ်စမ်းသတ္တုတွင်းမှ ထုတ်လုပ်သည်။ ၎င်းအပြင် ခဲမဖြူနှင့် ခွံ့စေးဖြူအနည်းငယ်ကိုလည်း ထုတ်လုပ်သည်။ မုပွလင် ကျောက်မိုင်းများမှ လမ်းခင်းကျောက် အမြောက်အမြား ထုတ်လုပ်သည်။

မွန်ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများမှာ စစ်တောင်းစက္ကူစက်၊ ဘီးလင်းသကြားစက်၊ မော်လမြိုင်မြို့အနီးရှိ မုပွန်ပန်းကန်စက်၊ သံဖြူဇရပ်ရှိ ဒိုင်းနက်ရော်ဘာစက်ရုံ၊ သထုံမြို့အနီးရှိ တာယာနှင့်ရော်ဘာပစ္စည်းစက်ရုံ၊ ပငရှိ ဆားခါးထုတ်လုပ်သော စက်ရုံ၊ ဇင်းကျိုက်ရေတံခွန်အနီးရှိ အသေးစားရေအားလျှပ်စစ်ထုတ်သော စက်ရုံနှင့် မော်လမြိုင်ရှိ သင်္ဘောကျင်းတို့ဖြစ်သည်။ ဆန်စက်များကို မီးရထားလမ်းနှင့် ကားလမ်းတစ်လျှောက်မြို့ရွာများတွင် တွေ့ရသည်။ သစ်စက်ကြီးများကို မော်လမြိုင်မြို့၌တွေ့ရ၍ သစ်စက်ငယ်များကို အခြားမြို့များတွင် တွေ့ရသည်။ ချောင်းဆုံမြို့နယ်၌ ရော်ဘာပစ္စည်းအမျိုးမျိုး၊ ဆေးတံ၊ ပလတ်စတာအရုပ်နှင့် အိုးခွက်များ ထုတ်လုပ်သည့် အလုပ်ရုံများရှိသည်။ ချည်ထည်ရက်လုပ်သည့်လုပ်ငန်းကို မုဒုံမြို့နှင့် အချို့ရွာများတွင် တွေ့ရသည်။

## ခရီးသွားလုပ်ငန်း

မွန်ပြည်နယ်တွင် ခရီးသွားကဏ္ဍအနေဖြင့် ကျိုက်ထီးရိုးဘုရားဖူးလာရောက်သည့် ခရီးသွားဧည့်သည်များရှိခြင်း၊ စက်စဲကမ်းခြေနှင့် သာယာလှပသော သဘာဝရှုမျှော်ခင်းများရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသော ပြည်နယ်ဖြစ်သည်။

## ပို့ဆောင်ဆက်သွယ်ရေး

မွန်ပြည်နယ်တွင် မီးရထားလမ်း၊ ကားလမ်း၊ ရေကြောင်းနှင့် လေကြောင်းလမ်းများရှိသည်။

**ကားလမ်းများ** ॥ ॥ မော်လမြိုင်-ရန်ကုန်လမ်း၊ မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်း၊ သံဖြူဇရပ်-ပဲခူး-မုတ္တမလမ်း၊ မော်လမြိုင်-ကျိုက်မရောလမ်း၊ မော်လမြိုင်-ဇာသပြင်လမ်း၊ ကျိုက်ခမီ-စက်စဲလမ်း၊ မုဒုံ-ကျိုက်မရောလမ်း၊ ပေါင်-ထန်းပင်ချောင်းလမ်း၊ သထုံ-မြိုင်ကလေးလမ်း၊ ကျိုက်ထို-ကင်မွန်းစခန်းလမ်း၊ ဘီးလင်း-ဖာပွန်လမ်းတို့ဖြစ်ကြသည်။

**မီးရထားလမ်း** ॥ ॥ မော်လမြိုင်မြို့မှ မုဒုံ၊ သံဖြူဇရပ်မြို့များကိုဖြတ်၍ ရေးမြို့၊ ထားဝယ်မြို့အထိ မီးရထားလမ်းရှိသည်။

**ရေကြောင်းလမ်း** ॥ ॥ သံလွင်မြစ်တွင် မော်လမြိုင်မြို့မှ ကရင်ပြည်နယ် ရွှေဂွန်းအထိ သင်္ဘောများသွားလာနိုင်သည်။ မော်လမြိုင်မြို့မှ အတ္တရံမြစ်နှင့် ဇမိမြစ်ကြောင်းအတိုင်း ကြာအင်းဆိပ်ကြီးအထိ၊ ဂျိုင်းမြစ်တွင် ကရင်ပြည်နယ် ကျုံဒိုးအထိ သင်္ဘောများသွားလာနိုင်သည်။ ပင်လယ်ကူး သင်္ဘောများနှင့် စက်လှေများသည် သံလွင်မြစ်၏ တောင်ဘက်မြစ်ခွဲကြီး(မော်လမြိုင်မြစ်)မှ မော်လမြိုင်မြို့သို့ ဝင်ရောက်နိုင်သည်။

**လေကြောင်းလမ်း ။** ။ မော်လမြိုင်မြို့တွင် လေဆိပ်ရှိ၍ ရန်ကုန်၊ ထားဝယ်နှင့်မြိတ်မြို့များသို့ လေကြောင်းခရီးစဉ်ရှိသည်။

### မြို့များ

မော်လမြိုင်မြို့သည်မွန်ပြည်နယ်၏မြို့တော်ဖြစ်သည်။ပင်လယ်ကူးသင်္ဘောများဆိုက်ကပ်ရာ ပင်လယ်ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ စက်မှုလက်မှုလုပ်ငန်းများနှင့် ကူးသန်းရောင်းဝယ်ရေး လေကြောင်းလမ်းများဆုံရာမြို့လည်းဖြစ်သည်။ ဖွံ့ဖြိုးသော မြို့ဖြစ်သည်။ ကုန်းလမ်း၊ ရေလမ်းနှင့် ရန်ကုန်-မော်လမြိုင် မီးရထားလမ်း

သထုံမြို့သည် ရှေးဟောင်းမြို့ကြီးတစ်ခုဖြစ်သည်။ ကားလမ်းများ ဖြတ်သန်းရာမြို့ဖြစ်သည်။

ဘီးလင်း၊ ကျိုက်ထို၊ ပေါင်၊ သံဖြူဇရပ်၊ ချောင်းဆုံ၊ မုဒုံ၊ ရေးမြို့များသည် မြို့နယ်ရုံးစိုက်ရာ မြို့များဖြစ်ပြီး စိုက်ပျိုးရေး၊ တွင်းထွက်နှင့် စက်မှုထွက်ကုန်များ တင်ပို့ရာမြို့များဖြစ်သည်။

### ရခိုင်လူမျိုး

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရရခိုင်ပြည်နယ်တွင် လူဦးရေ ၃. ၁၉ သန်းခန့်ရှိပြီး ၎င်းမှာ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၆. ၂ ရာခိုင်နှုန်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများ အဓိကနေထိုင်သည်။

### ရခိုင်လူမျိုးတို့၏ နေထိုင်ရာဒေသများ

ရခိုင်လူမျိုးများသည် ရခိုင်ပြည်နယ်တွင် အများဆုံးနေထိုင်ကြပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း ပျံ့နှံ့နေထိုင်ကြသည်။

### ရခိုင်လူမျိုးတို့၏ရိုးရာလုပ်ငန်းဓလေ့များ

ရခိုင်လူမျိုးတို့၏ ရိုးရာစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှုပုံစံအမျိုးမျိုး တွေ့ရသည်။ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့်ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ ဖြစ်သည်။ စိုက်ပျိုးရာတွင် အများအားဖြင့် နွား၊ ကျွဲနှင့် ရိုးရာလယ်ယာသုံးကိရိယာများအသုံးပြု၍ ထွန်ယက် စိုက်ပျိုးကြသည်။

စိုက်ပျိုးသောသီးနှံများမှာ စပါးကို အဓိကစိုက်ပျိုးပြီး ယာသီးနှံများဖြစ်သော ပြောင်း၊ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ကြံတို့ကို စိုက်ပျိုးသည်။ ဥယျာဉ်ခြံထွက်သီးနှံများဖြစ်သော ကွမ်း၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ ငရုတ်၊ ကြက်သွန်၊ မုန်လာ၊ ဂေါ်ဖီ၊ မုန်ညင်း၊ ချင်းစိမ်း၊ မာလကာ၊ ဆီး၊ အုန်း၊ ပိန္နဲ၊ သရက်၊ အုန်း၊ ငှက်ပျော၊ ရှောက်၊ သံပရာ၊ လိမ္မော်၊ ရှောက်ချို၊ နာနတ်၊ သြဇာ၊ မရန်း၊ ကနစိုး၊ တညင်းပင်များ၊ ဓနိ၊ ဖရုံနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးလည်း စိုက်ပျိုးကြသည်။

ရခိုင်လူမျိုးတို့၏ အခြားလုပ်ငန်းခလေ့များမှာ အမဲလိုက်ခြင်း၊ ကြက်၊ ဝက်၊ ဘဲ၊ ကျွဲ၊ နွား မွေးမြူခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ရိုးရာအဝတ်အထည်ရက်လုပ်ခြင်း၊ ရက်ကန်းလုပ်ငန်း၊ ငွေထည်လုပ်ငန်း၊ ထီးလုပ်ငန်း၊ လှေလုပ်ငန်း၊ အိုးလုပ်ငန်း၊ တောင်း၊ ပလုံး၊ ခြင်းရက်လုပ်သော လုပ်ငန်း၊ ဆားလုပ်ငန်း၊ ရေချိုရေငန်ငါးဖမ်းလုပ်ငန်း စသော လုပ်ငန်းများလုပ်ကိုင် ကြသည်။ ယခုအခါ ရခိုင်ရိုးရာအဝတ်အထည်များကို ခေတ်မီစက်ရက်ကန်း များဖြင့် ရက်လုပ်ကြသည်။




ပုံ(၂.၇) ရခိုင်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ

## ရခိုင်လူမျိုးများနေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ

ရခိုင်ပြည်နယ်တွင် စုစုပေါင်းစိုက်ပျိုးမြေဟက်တာ ၄၀၅၀၀၀ ခန့်ရှိရာ လယ်မြေဟက်တာ ၃၄၄၂၅၀ ခန့်၊ ယာမြေဟက်တာ ၈၁၀၀ ခန့်၊ ကိုင်းကျွန်းဟက်တာ ၆၀၇၅ ခန့်၊ ဥယျာဉ်ခြံမြေဟက်တာ ၁၄၅၈၀ ကျော်ခန့်၊ တောင်ယာဟက်တာ ၄၈၆၀ ခန့်ပါဝင်သည်။ ဒေသတွင်းခိုင်းစေရန်နှင့် စားသုံးရန် နွား၊ ကျွဲ၊ ဝက်၊ ကြက် စသည်တို့ကိုမွေးမြူသည်။

ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူမြို့များတွင် ငါးဖမ်းစခန်းများရှိ၍ ငါးဖမ်းသင်္ဘောများဖြင့် ငါး၊ ပုစွန်များကို ဖမ်းဆီးသည်။ ဖမ်းဆီးရရှိသော ငါး၊ ပုစွန်များကို ရန်ကုန်မြို့သို့ အများဆုံးပို့သည်။ အချို့ကို နိုင်ငံခြားသို့တင်ပို့သည်။ အမ်းချောင်းဝရှိ တပ်တောင်တွင် ငါးများထားရှိရန် အအေးခန်းများ ရှိသည်။ သံတွဲမြို့အနီးအပေါ်ရည်ကျွန်းတွင် နိုင်ငံပိုင်ပုလဲမွေးမြူရေး လုပ်ငန်းရှိသည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် နေလှန်းဆားနှင့်ချက်ဆားလုပ်ငန်းများ ရှိသည်။ သစ်တောများမှ ပျဉ်းရည်၊ သစ်မာ၊ ဝါး၊ ထင်း စသည့်သစ်တောထွက်ပစ္စည်းကို ထုတ်လုပ်သည်။ ရေနံကို ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း၊ ရဲကျွန်း၊ ဖရုံကာကျွန်း၊ မိုးဇီကျွန်းများရှိတွင်းတိမ်များမှ အနည်းငယ်ထုတ်ယူရရှိသည်။ ကမ်းလွန်ပင်လယ်မှ သဘာဝဓာတ်ငွေ့ထွက်ရှိသည်။ တောင်ကုတ်မြို့နယ်ရှိနေပုတောင်မှ စကျင်ကျောက်များ ထုတ်လုပ်လျက်ရှိသည်။

အဓိကစက်မှုလုပ်ငန်းမှာ ဆန်စက်လုပ်ငန်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဆန်စက်ကြီးများကို စစ်တွေမြို့နှင့် ဆန်စက်ငယ်များကို စစ်တွေလွင်ပြင်ရှိ အခြားမြို့များနှင့် ကျောက်ဖြူ၊ သံတွဲ၊ ဂွစသည့်မြို့များတွင် တွေ့ရသည်။ ကျောက်တော်၌ သကြားစက်နှင့် တွဲဖက်အရက်ချက်စက်ရှိသည်။ မြို့ကြီးများတွင် အုန်းဆံကြိုးစက်၊ ဆီစက်နှင့် သစ်စက်များရှိသည်။ ထင်ရှားသော လက်မှုလုပ်ငန်းများမှာ ရခိုင်လုံချည်ရက်လုပ်သည့်လုပ်ငန်း ဖြစ်သည်။

### ခရီးသွားလုပ်ငန်း

ရခိုင်ပြည်နယ်တွင် ခရီးသွားကဏ္ဍအနေဖြင့် မြောက်ဦးမြို့သို့ ဘုရားဖူးလာရောက်သည့် ခရီးသွားဧည့်သည်များရှိခြင်း၊ ငပလီကမ်းခြေနှင့် ကမ်းသာယာကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များရှိခြင်း၊ သာယာလှပသော သဘာဝရှုမျှော်ခင်းများရှိခြင်းကြောင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသောပြည်နယ် ဖြစ်သည်။

### ပို့ဆောင်ဆက်သွယ်ရေး

ရခိုင်ပြည်နယ်တွင် ကားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းများ ရှိသည်။

**ကားလမ်း ။** ။ ရခိုင်ပြည်နယ်တွင် စစ်တွေနှင့်ကျောက်ဖြူမှ ရန်ကုန်မြို့သို့ ကားလမ်းရှိသည်။ ကားလမ်းများမှာ တောင်ကုတ်-သံတွဲ-ဂွလမ်း၊ ဘူးသီးတောင်- မောင်တောလမ်း၊ ကျောက်တော်-

မြောက်ဦးလမ်း၊ ရမ်းဗြဲ-ကျောက်ဖြူလမ်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် ဆက်သွယ်ထားသောလမ်းများမှာ ပန်းတောင်း-တောင်ကုတ်လမ်း၊ မင်းဘူး-အမ်းလမ်းနှင့် ဂွ-ငါးသိုင်းချောင်း(ဧရာဝတီတိုင်း)လမ်းတို့ ဖြစ်သည်။

**ရေလမ်းကြောင်း ။** ။စစ်တွေမြို့မှ အခြားမြို့များသို့ကမ်းရိုးတန်းနှင့်မြစ်ကြောင်းသွားသင်္ဘောလမ်းများရှိသည်။ ကမ်းရိုးတန်းသွား လူစီးသင်္ဘောများနှင့် ကုန်တင်သင်္ဘောများသည် ရန်ကုန်မြို့နှင့် သံတွဲ၊ ကျောက်ဖြူ စစ်တွေမြို့သို့ ပြေးဆွဲလျက်ရှိသည်။

**လေကြောင်းလမ်း ။** ။ဂွ၊ သံတွဲ၊ ကျောက်ဖြူ၊ မာန်အောင်နှင့်စစ်တွေမြို့များတွင် လေယာဉ်ကွင်းများရှိသည်။

## မြို့များ

စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏မြို့တော်ဖြစ်၍ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး လေယာဉ်ကွင်းလည်း ရှိသည်။ ဆန်စက်များ၊ ရက်ကန်းလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများဖြင့် စီးပွားရေးဖွံ့ဖြိုးသော မြို့ကြီးဖြစ်သည်။

မြောက်ဦးမြို့သည် ရှေးဟောင်းမြို့ဖြစ်သည်။

ကျောက်ဖြူမြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။

သံတွဲမြို့သည် ပင်လယ်ကူးသင်္ဘောများ သပြုချိုင်ဆိပ်ကမ်းတွင်ဆိုက်ကပ်ပြီး ၎င်းမှ သံတွဲသို့ ကားလမ်းဖြင့် ဆက်သွယ်ထားသော မြို့ဖြစ်သည်။ သံတွဲမြို့တောင်ဘက်ရှိ ငပလီကမ်းခြေသည် မြန်မာနိုင်ငံတွင် လှပသောအပန်းဖြေစခန်းတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းအသင့်အတင့်ဖွံ့ဖြိုးသည်။

မြောက်ပိုင်းရှိ အခြားမြို့များမှာ ကျောက်တော်၊ မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မင်းပြားမြို့များဖြစ်ပြီး တောင်ပိုင်းရှိအခြားမြို့များမှာ မာန်အောင်၊ မြေပုံ၊ အမ်း၊ ရမ်းဗြဲ၊ တောင်ကုတ်နှင့် ဂွမြို့များဖြစ်သည်။

## ရှမ်းလူမျိုး

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရရှမ်းပြည်နယ်တွင် လူဦးရေ၅. ၈၂ သန်းခန့်ရှိပြီး ၎င်းမှာ မြန်မာနိုင်ငံစုစုပေါင်းလူဦးရေ၏ ၁၁. ၃ ရာခိုင်နှုန်းဖြစ်သည်။ ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုးများ အဓိကနေထိုင်သည်။

## ရှမ်းလူမျိုးတို့၏ နေထိုင်ရာဒေသများ

ရှမ်းလူမျိုးများသည် ရှမ်းပြည်နယ်တွင် အများဆုံးနေထိုင်ကြပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပျံ့နှံ့နေထိုင်ကြသည်။

အဋ္ဌမတန်း

## ရှမ်းလူမျိုးတို့၏ ရိုးရာလုပ်ငန်းဓလေ့များ

ရှမ်းလူမျိုးတို့၏ ရိုးရာစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမှုပုံစံအမျိုးမျိုး တွေ့ရ သည်။ လယ်ယာစိုက်ပျိုးရေး၊ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ဖြစ်သည်။ စိုက်ပျိုး ရာတွင် အများအားဖြင့် နွား၊ ကျွဲနှင့် ရိုးရာလယ်ယာသုံးကိရိယာများ အသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြ သည်။

စိုက်ပျိုးသော သီးနှံများမှာ စပါးကို အဓိကစိုက်ပျိုးပြီး ယာသီးနှံများဖြစ်သော အာလူး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည်။ ဥယျာဉ်ခြံထွက် သီးနှံ များဖြစ်သော ကော်ဖီ၊ လက်ဖက်၊ သနပ်ဖက်၊ လိမ္မော်၊ ပန်းသီး၊ စပျစ်သီး၊ နာနတ်၊ သစ်တော်၊ မက်မန်း နှင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဗာဂျီးနီးယားဆေးရွက်နှင့် ကြံ၊ စသည်တို့ကိုလည်း စိုက်ပျိုးကြ သည်။




ပုံ(၂.၈) ရှမ်းပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ

ရှမ်းလူမျိုးတို့၏ အခြားလုပ်ငန်းဓလေ့များမှာ အမဲလိုက်ခြင်း၊ ကြက်၊ ဝက်၊ ဘဲ၊ ကျွဲ၊ နွား မွေးမြူခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် ရိုးရာအဝတ်အထည်ရက်လုပ်ခြင်း၊

ရက်ကန်းလုပ်ငန်း၊ ဂျပ်ခုတ်ရက်ကန်းလုပ်ငန်း၊ ငွေပန်းထိမ်လုပ်ငန်းမှ ငွေဖလား၊ ငွေထုံးဘူး၊ ငွေပန်းစိုက်၊ ငွေကလပ်ပြုလုပ်ခြင်း၊ ပန်းပဲလုပ်ငန်းမှ သားလှီးဓားအမျိုးမျိုး၊ မွေးညှပ်၊ ကွမ်းညှပ်၊ ကတ်ကြေးအရွယ်အစားအမျိုးမျိုး၊ ထင်းခွဲဓား၊ အလှကိုင်ဓားမြောင်များ၊ ပေါက်ပြား၊ ပေါက်တူး၊ တူးရွင်း၊ ထယ်သွားပြုလုပ်ခြင်း၊ မြစ်ချောင်း၊ အင်းအိုင်များတွင် ငါးဖမ်းခြင်း စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ယခုအခါ ရှမ်းရိုးရာအဝတ်အထည်များကို စက်ရက်ကန်းများဖြင့်လည်း လုပ်ကိုင်ကြသည်။

## ရှမ်းလူမျိုးများနေထိုင်ရာဒေသများ၏ စီးပွားရေးလုပ်ငန်းများ

ရှမ်းပြည်နယ်တွင် စုစုပေါင်းစိုက်ပျိုးမြေဟက်တာ ၆၀၇၅၀၀ ကျော်ရှိသည်။ ၎င်းတွင် လယ်မြေဟက်တာ ၂၀၂၅၀၀ ကျော်၊ ယာမြေဟက်တာ ၂၀၂၅၀၀ ကျော်၊ တောင်ယာဟက်တာ ၈၁၀၀၀ ခန့်၊ ကိုင်းကျွန်း ၃၂၄၀ ကျော်နှင့် ဥယျာဉ်ခြံမြေဟက်တာ ၈၁၀၀၀ ကျော် ပါဝင်သည်။

ရှမ်းပြည်နယ်တွင် ကြိုးဝိုင်းသစ်တောမြေဟက်တာ ၈၁၀၀၀၀ကျော်ရှိသည်။ သစ်ပျော့ဖြစ်သောထင်းရှူးကိုဒေသတွင်းသုံးရန်နှင့်ထင်းရှူးဆီထုတ်လုပ်ရန် အနည်းငယ်ထုတ်ယူသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဘော်တွင်းသတ္တုတွင်းမှ သတ္တုများကို ဘော်တွင်းနှင့် နမ္မတူမြို့တို့၌ သန့်စင်၍ ငွေ၊ ခဲ၊ သွပ်၊ ခနောက်စိမ်း၊ ကြေးနီ၊ နီကယ်သတ္တုများကို ထုတ်လုပ်သည်။ နောင်ချိုမြို့နယ်ရှိ ရတနာသီဂီသတ္တုသိုက်မှ ခဲ၊ ငွေနှင့် ဘရိုက်တီးကိုတူးဖော်၍ ခဲနှင့်ငွေကို သန့်စင်ကျိုချက်ရန် နမ္မတူမြို့သို့ ပို့ရသည်။ ဘော်ဆိုင်းသတ္တုတွင်းတွင် ခဲကို ထုတ်လုပ်သည်။ လားရှိုးမြို့အနီး နမ္မကျောက်မီးသွေးတွင်းမှ ကျောက်မီးသွေးကိုတူးဖော်၍ ပြင်ဦးလွင်မြို့နယ်အနီးစခန်းရှိသံနှင့်သံမဏိစက်ရုံသို့ပို့သည်။ နမ့်ခမ်းမြို့နယ် ပြင်လုံနဝရတ်ရတနာမြေ၊ မိုင်းရှူးမြို့နယ် မိုင်းရှူးရတနာမြေတို့မှ ကျောက်မျက်ရတနာများ ထုတ်လုပ်လျက်ရှိသည်။

ဘော်တွင်းနှင့် နမ္မတူမြို့တွင် သတ္တုသန့်စင်စက်များရှိ၍ နမ္မတူမြို့တွင် ခဲနှင့်ငွေကိုကျိုချက်သော စက်ရှိသည်။ သီပေါမြို့နယ်ရှိ ဘော်ကြိုနှင့် ရွှေညောင်တွင် သကြားစက်ရှိသည်။ လင်းခေးတွင် ဗာဂျီးနီးယားဆေးပေါင်းရုံများရှိ၍ ဆေးတံသောက်ဆေးကို ထုတ်လုပ်သည်။ ကလောမြို့တွင် ထင်းရှူးဆီစက် ရှိသည်။ မိုင်းကိုင်စက္ကူလုပ်ငန်းကို နေရာအနှံ့တွေ့ရသည်။ အင်းလေးအိုင်ဒေသတွင်ငွေပန်းထိမ်လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ရှမ်းရိုးရာအဝတ်အထည်နှင့်လွယ်အိတ်များရက်လုပ်သည့် လုပ်ငန်းမှာ ထင်ရှားသည်။ အခြားဒေသများတွင်လည်း လက်ရက်ကန်းလုပ်ငန်းအနည်းငယ်ရှိသည်။

## ခရီးသွားလုပ်ငန်း

ရှမ်းပြည်နယ်တွင် ခရီးသွားကဏ္ဍအနေဖြင့် တောင်ကြီးမြို့၊ အင်းလေးကန်နှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပင်းတယ ရွှေဥမင်လိုဏ်ဂူနှင့် ထန်ဆန်းလိုဏ်ဂူများသို့ လာရောက်

သည့်ဘုရားဖူးများနှင့် ခရီးသွားဧည့်သည်များရှိခြင်း၊ သာယာလှပသော သဘာဝရှုမျှော်ခင်းများ ရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းသောပြည်နယ် ဖြစ်သည်။

**ပို့ဆောင်ဆက်သွယ်ရေး**

**ကားလမ်း ။** ။ တောင်ကြီးမှ သာစည်ကိုဖြတ်၍ ရန်ကုန်နှင့်မန္တလေးသို့ ကားလမ်းရှိသည်။ လားရှိုးမှ မန္တလေးကိုဖြတ်၍ ရန်ကုန်သို့ကားလမ်းရှိသည်။ ကားလမ်းများ မှာ (၁) မန္တလေး-လားရှိုး-ကွတ်ခိုင်-မူဆယ်လမ်း (၂) မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် လမ်းဖြစ်သည်။

**ရထားလမ်း ။** ။ မီးရထားလမ်းများမှာ (၁) မန္တလေး-ပြင်ဦးလွင်-ကျောက်မဲ-သီပေါ-လားရှိုးလမ်း (၂) သာစည်-ကလော-ရွှေညောင်လမ်း (၃) အောင်ပန်း-ပင်လောင်း-လွိုင်ကော်လမ်းနှင့် (၄) ရွှေညောင်-ရပ်စောက်လမ်းတို့ဖြစ်သည်။

**လေကြောင်းလမ်း ။** ။ လားရှိုး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များတွင် လေယာဉ်ကွင်းရှိသည်။

**မြို့များ**

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည်။ မီးရထားလမ်း၊ ကားလမ်းများရှိသည်။ အုပ်ချုပ်ရေးနှင့် ကုန်သွယ်ရေး ... ကူးသန်းရောင်းဝယ်ရေးမြို့ဖြစ်၍ စည်ကားသည်။

ကလောမြို့သည်သာစည်-ရွှေညောင်မီးရထားလမ်းနှင့်ကားလမ်းပေါ်တွင်ရှိသည့်သာယာသော တောင်စခန်းမြို့ဖြစ်ပြီး ခရီးသွားလုပ်ငန်းအသင့်အတင့်ဖွံ့ဖြိုးသည်။

ကျိုင်းတုံမြို့သည် ကားလမ်း၊ လေယာဉ်လမ်းများရှိသည့် အချက်အချာကျသောမြို့ဖြစ်သည်။

တာချီလိတ်မြို့သည် ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်၍ နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသည်။

လားရှိုးမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အရေးပါသောမြို့ဖြစ်ပြီး မီးရထားလမ်း၊ ကားလမ်း၊ လေကြောင်းလမ်းများဖြင့် အခြားဒေသများနှင့်ဆက်သွယ်ထားသည်။

မူဆယ်မြို့သည်တရုတ်-မြန်မာနယ်စပ်မြို့ဖြစ်၍နယ်စပ်ကုန်သွယ်ရေးတွင်အရေးပါသည်။

အခြားထင်ရှားသောမြို့များမှာ ရွှေညောင်၊ ညောင်ရွှေ၊ ပင်းတယ၊ ရပ်စောက်၊ ဗထူး၊ ဟိုပုံး၊ လွိုင်လင်၊ ပင်လုံ၊ မောက်မယ်၊ မိုင်းပွန်၊ နမ့်ဆန်၊ သီပေါ၊ မိုးမိတ်၊ သိန္နီ၊ ဟိုပန် စသည်တို့ဖြစ်သည်။

**အဓိကအချက်များ**

- မြန်မာနိုင်ငံတွင်အဓိကတိုင်းရင်းသား ၈ မျိုးရှိပြီး တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၀ ကျော်ခန့်ရှိသည်။
- မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများအားလုံးတိုင်းဒေသကြီး၊ပြည်နယ်များနှင့်နေပြည်တော် ပြည်ထောင်စုနယ်မြေများတွင် ပျံ့နှံ့နေထိုင်ကြသည်။

- မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများအားလုံး၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။
- စက်မှုလက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးများ၊ ပြည်နယ်များရှိ မြို့ကြီးများတွင် တွေ့ရသည်။
- မြန်မာနိုင်ငံရှိတိုင်းရင်းသားများနေထိုင်ရာဒေသများတွင်ထင်ရှားသောစေတီပုထိုးများရှိခြင်း၊ သာယာလှပသော သဘာဝရှုခင်းများရှိခြင်း၊ သာယာလှပသော အပန်းဖြေကမ်းခြေများရှိခြင်းတို့ကြောင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းများ ရှိသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ မြန်မာနိုင်ငံမြေပုံရေးဆွဲပြီး တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတို့ကို မြေပုံပေါ်တွင်ဖော်ပြပါ။

၂။ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများမှထွက်ရှိသော ထင်ရှားသည့် စိုက်ပျိုးသီးနှံများနှင့် တွင်းထွက်ပစ္စည်းများကို အောက်ပါဇယားတွင်ဖြည့်ပါ။

| စဉ် | တိုင်းရင်းသားလူမျိုး | စိုက်ပျိုးသီးနှံများ | တွင်းထွက်ပစ္စည်းများ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |

၃။ တိုင်းရင်းသားလူမျိုးများ၏ အဓိကလုပ်ကိုင်လေ့ရှိသော ရိုးရာလုပ်ငန်းဓလေ့များကို ဖော်ပြပါ။

၄။ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးရှိ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးမှု အခြေအနေကို ၎င်းဒေသများ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် နှိုင်းယှဉ်ဖြေဆိုပါ။

# အခန်း(၃)

# ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်

**နိဒါန်း**

- သဘာဝပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော ရေအရင်းအမြစ်များအကြောင်း၊ ရေကို အသုံးပြုပုံ၊ ရေထုညစ်ညမ်းခြင်းများ၊ ရေထုညစ်ညမ်းမှု အမျိုးအစားများအကြောင်းတို့ကို သိရှိပြီး ရေထုညစ်ညမ်းမှု ဖြစ်ပေါ်လေ့ရှိသောနေရာများ၊ ရေထုညစ်ညမ်းခြင်းများ၊ ASEAN ရပ်ဝန်းရှိ မြစ်များအကြောင်း၊ ရေထုညစ်ညမ်းခြင်း၏အကျိုးသက်ရောက်မှုနှင့် ထိန်းသိမ်းကာကွယ်ပုံတို့ကို လေ့လာကြမည်ဖြစ်သည်။

## ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာ

- သတ္တမတန်းကျောင်းသုံးစာအုပ်တွင် မြစ်ချောင်းများ၏လုပ်ဆောင်ချက်၊ ရေခဲမြစ်များ၏ လုပ်ဆောင်ချက်၊ မြေအောက်ရေ၊ ပင်လယ်ရေ၏ လုပ်ဆောင်ချက်အကြောင်းတို့ကို သိရှိခဲ့ပြီး ဖြစ်သည်။

## ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။

- ရေအရင်းအမြစ်များ ဖြစ်ပေါ်လာသည့် အကြောင်းရင်းများကို ရှင်းပြတတ်မည်။
- ရေကို အသုံးပြုမှုအကြောင်းကို သိရှိလာပြီး ရေထုညစ်ညမ်းမှုအကြောင်းကို ရှင်းပြတတ်မည်။
- ရေထုညစ်ညမ်းမှု အမျိုးအစားများကို ရှင်းပြတတ်မည်။
- ရေထုညစ်ညမ်းမှု ဖြစ်ပေါ်လေ့ရှိသောနေရာများကို အကြောင်းရင်းနှင့်တကွ ရှင်းလင်းဖော်ပြတတ်မည်။
- ရေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုကိုသိရှိပြီး ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် ထိန်းသိမ်းကာကွယ်တတ်မည်။

## ၃.၁ ရေအရင်းအမြစ်

**သင်ခန်းစာမိတ်ဆက်**

- ရေသည်မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ ရေအရင်းအမြစ်ကို ပင်လယ်သမုဒ္ဒရာများ၊ မိုးရေ၊ ရေခဲမြစ်၊ မျက်နှာပြင်ရေနှင့် မြေအောက်ရေတို့မှ ရရှိနိုင်သည်။

**ရေအရင်းအမြစ်**

ရေသည်ကမ္ဘာပေါ်တွင် အရေးပါဆုံးအရင်းအမြစ်များအနက် တစ်ခုဖြစ်သည်။ ကမ္ဘာမျက်နှာပြင်ဧရိယာ၏ သုံးပုံနှစ်ပုံကျော်သည် ရေများဖုံးလွှမ်းလျက်ရှိသည်။ ရေများသည် ကမ္ဘာ့ရေထုမျက်နှာပြင်နှင့်မြေအောက်တို့တွင် အငွေ့အဖြစ်လည်းကောင်း၊ အရည်အဖြစ်လည်းကောင်း၊ အစိုင်အခဲအဖြစ်လည်းကောင်း တည်ရှိသည်။ ရေသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ရေအရင်းအမြစ်ကို ပင်လယ်သမုဒ္ဒရာများ၊ မိုးရေ၊ ရေခဲမြစ်၊ မျက်နှာပြင်ရေနှင့် မြေအောက်ရေတို့မှ ရရှိနိုင်သည်။

**သမုဒ္ဒရာများနှင့် ပင်လယ်များရှိရေ**

ကမ္ဘာပေါ်ရှိ သမုဒ္ဒရာကြီးများသည် ကမ္ဘာ့အကြီးဆုံး ရေအရင်းအမြစ်များ ဖြစ်သည်။ ကမ္ဘာ့ရေထု၏ ၉၇. ၅ ရာခိုင်နှုန်းမှာ ရေငန်ဖြစ်သည်။ သမုဒ္ဒရာများတွင် ဆားပျော်ဝင်ရည်များပါဝင်လျက်ရှိသည်။ သမုဒ္ဒရာရေတွင်ဆားထုထည်သည် အလေးချိန်အားဖြင့် ၃. ၅ ရာခိုင်နှုန်းပါဝင်သည်။ ၎င်းဆားထုထည်တွင် အများဆုံးပါဝင် ဖွဲ့စည်းထားသောဓာတ်သတ္တုများမှာ ဆိုဒီယမ်ကလိုရိုဒ်ဖြစ်သည်။ အခြားဒြပ်စင်များဖြစ်သည့် မဂ္ဂနီဆီယမ်၊ ဆာလဖာ၊ ကယ်လ်ဆီယမ်နှင့် ဘရိုမင်းတို့လည်း ပါဝင်သည်။ ထိုဒြပ်စင်ပါဝင်မှုအနည်းအများနှင့် ပတ်ဝန်းကျင်အခြေအနေများပေါ် မူတည်၍ ပင်လယ်နှင့် သမုဒ္ဒရာရေများ၏ အငန်ဓာတ်များသည် ကွဲပြားခြားနားလျက်ရှိသည်။




**ပုံ (၃.၁) သမုဒ္ဒရာများနှင့်ပင်လယ်များရှိရေ**

**မိုးရေ**

မိုးရေသည်ကမ္ဘာ၏ရေသံသရာလည်ခြင်းတွင် အရေးပါသောအခန်းမှပါဝင်သည်။ နေပူရှိန်ကြောင့် မျက်နှာပြင်ပေါ်ရှိရေအချို့သည် ရေငွေ့အဖြစ် လေထုအတွင်းသို့ အငွေ့ပြန် ရောက်ရှိသွား

အငွေ့မတန်း

အငွေ့မတန်းရေငွေ့များသည် လေစိုင်နှင့်အတူ အထက်သို့တက်ပြီး သည်။ လေထုအတွင်းသို့ရောက်ရှိသွားသော ရေငွေ့များသည် လေစိုင်နှင့်အတူ အထက်သို့တက်ပြီး အေးလာကာ ငွေ့ရည်ဖွဲ့ပြီး မိုးအဖြစ် ပြန်လည်ရွာကျလာသည်။ အချို့မှာ ရေစက်ငယ်လေးအဖြစ် စုစည်းကာ တိမ်များအနေဖြင့် တွေ့နိုင်သည်။ ရွာကျလာသည့်မိုး၊ ဆီးနှင်းများသည် မျက်နှာပြင်ပေါ် သို့ ပြန်လည်ရောက်ရှိလာပြီး ထိုမှတစ်ဆင့် မြစ်ချောင်းများအတွင်းသို့ လည်းကောင်း၊ မြေဆီလွှာ အတွင်း စိမ့်ဝင်ခြင်းဖြင့် မြေဆီလွှာနှင့်မြေအောက်ရေအတွင်းသို့လည်းကောင်း၊ မြစ်ချောင်းများမှ တစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင်၍သော်လည်းကောင်း ပြန်လည်ရောက်ရှိပြီး ရေသံသရာ လည်နေသည်။ မိုးရေသည် မူလအားဖြင့် ချဉ်ဖန်ကိန်း pH 7 ဖြစ်သော်လည်း လေထုညစ်ညမ်းမှု ပေါ်မူတည်၍ အရည်အသွေး ပြောင်းလဲနိုင်သည်။ pHတန်ဖိုး 7 ထက်နည်းပါက အက်ဆစ်မိုးအနေ ဖြင့် ရွာကျနိုင်သည်။



ပုံ (၃.၂) မိုးရေ

## ရေခဲမြစ်နှင့်ရေခဲပြင်များရှိရေများ

ကမ္ဘာပေါ်ရှိရေခဲမြစ်နှင့်ရေခဲပြင်များသည်ကမ္ဘာ့ရေချိုပမာဏ အများဆုံးရှိသော ရေအရင်း အမြစ် နေရာများဖြစ်သည်။ ရေခဲမြစ်နှင့် ရေခဲပြင်များကို သမပိုင်းကုန်းမြင့်ဒေသမှ ဝင်ရိုးစွန်းဒေသ များဖြစ်သော အာတိတ်နှင့် အန္တာတိတ်ဒေသများအထိ တွေ့ရသည်။ ထိုနေရာများတွင် အလွန်အေး သောကြောင့် ရွာကျခြင်းသည် မိုးအဖြစ်မရွာကျဘဲ ဆီးနှင်းများအဖြစ် ရွာကျသည်။ ဆီးနှင်းသည် မိုးရေလောက် သိပ်သည်းမှု မများချေ။ ဆီးနှင်း ၁၀၀ မီလီမီတာခန့် ရွာသွန်းခြင်းသည် မိုးရေ ၁၀ မီလီမီတာခန့် ရွာသွန်းခြင်းနှင့် ညီသည်။ ထိုဆီးနှင်းများ ကျရောက်မှုများလာသောအခါ ထုထပ်သိပ် သည်း ကျစ်လျစ်လာပြီး ရေခဲများ ဖြစ်ပေါ်လာသည်။ ထိုရေခဲထုသည် ဆင်ခြေလျှောတစ်လျှောက် မြင့်ရာမှ နိမ့်ရာသို့ နှေးကွေးစွာရွေ့လျားစီးဆင်းလာပြီး ရေခဲမြစ်များအဖြစ် ရောက်ရှိလာသည်။ ပူနွေးသောအရပ်၌ ထိုရေခဲများအရည်ပျော်ပြီး မြစ်ချောင်းများအဖြစ် ဆက်လက် စီးဆင်းသည်။

ရေခဲပြင်များမှာလည်း ပူနွေးသောအချိန်တွင် ရေများ အရည်ပျော်ပြီး မြစ်ချောင်းများအတွင်း စီးဝင်ကြသည်။



ပုံ (၃.၃) ရေခဲမြစ်နှင့်ရေခဲပြင်များရှိရေများ

## မျက်နှာပြင်ရေ

ကမ္ဘာမြေမျက်နှာပြင်ပေါ်ရှိ မိုးရေနှင့် ဆီးနှင်း၊ ရေခဲမြစ်များ အရည်ပျော်၍ မြစ်ချောင်း၊ အင်းအိုင်နှင့် ရေကန်များအတွင်းသို့ စီးဝင်ခြင်းကြောင့် မျက်နှာပြင်ရေ ဖြစ်ပေါ်လာသည်။ မျက်နှာပြင်ရေသည် မြေပြင်ပေါ်သို့မိုးရွာသွန်းခြင်း၊ နွေရာသီပူနွေးသည့်အချိန်တွင် ရေခဲ၊ ဆီးနှင်းများ အရည်ပျော်ခြင်း စသည်တို့မှ ရေများ မျက်နှာပြင်စီးရေအဖြစ်စီးဆင်းကာ မြစ်ချောင်းများ၊ အင်းအိုင်နှင့် ရေကန်များစီးဝင်ခြင်းကြောင့် အများအားဖြင့် ရရှိသည်။ မျက်နှာပြင်ရေသည် နေပူရှိန်ကြောင့် ရေငွေ့ပြန်ခြင်းဖြင့် လေထုအတွင်း ရေငွေ့အဖြစ်ပြန်လည်ရောက်ရှိသွားနိုင်သည်။ မြို့များရေပေးဝေရေးနှင့် မြို့ကြီးများတွင် သောက်သုံးရေပေးဝေရေး၊ ဖြန့်ဖြူးရေးလုပ်ငန်း၊ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများအတွက် မြစ်ချောင်း၊ အင်းအိုင်နှင့် ရေလှောင်ကန်များမှ ရေကို သွယ်ယူ အသုံးပြုရသည်ဖြစ်၍ ထိုမျက်နှာပြင်ရေများ၏အရည်အသွေးကို ကောင်းမွန်အောင် ထိန်းသိမ်းရန် အရေးကြီးသည်။



ပုံ (၃.၄) မျက်နှာပြင်ရေ

**မြေအောက်ရေ** မြေမျက်နှာပြင်အောက်ရှိမြေလွှာများ (သဲ၊ ကျောက်စရစ်
မြေအောက်ရေဆိုသည်မှာ ကမ္ဘာ့မြေမျက်နှာပြင်အောက်ရှိမြေလွှာများ (Pore Space) များအတွင်း၌ လည်းကောင်း၊ ကျောက်လွှာ
စသည်) အတွင်းရှိရေအောင်းပေါက်ငယ် (Pore Space) များအတွင်း၌လည်းကောင်း မျက်နှာပြင်ပေါ်သို့ရွာကျသော မိုးရေများ
များ၊ ကျောက်အက်ကြောင်းများအတွင်း၌လည်းကောင်း ကျောက်လွှာများကြား ခိုအောင်းနေသောရေဖြစ်သည်။ ၎င်း
သည်မြေဆီလွှာကိုဖြတ်သန်းစိမ့်ဝင်ကာ ကျောက်လွှာများကြား ခိုအောင်းနေသောရေဖြစ်သည်။ မြေပြင်ပေါ်သို့ပြန်လည်
တို့သည် တွင်းရေ၊ စိမ့်စမ်းရေနှင့် ရေပူစမ်းများ၊ မြစ်များ၊ ရေအိုင်များအဖြစ် မြေပြင်ပေါ်သို့ပြန်လည်
စိမ့်ထွက်လာသည်။ မြေတွင်းသို့စိမ့်ဝင်သောရေများကြောင့် ကျောက်လွှာများ သို့မဟုတ် မြေဆီလွှာ
သည် ရေပြည့်ဝလျက်ရှိသည်။ ထိုအပိုင်းကို ရေပြည့်ဝနေသောဇုန်ဟုခေါ်ပြီး ၎င်းဇုန်၏အပေါ်
မျက်နှာပြင်ကို မြေအောက်ရေမျက်နှာပြင် (Ground Water Table) ဟု ခေါ်သည်။ ထိုမျက်နှာပြင်
၏ အပေါ်ပိုင်းသည် ရေမပြည့်ဝနေသောဇုန်ဖြစ်သည်။ မြေအောက်ရေပြင်သည် မျက်နှာပြင်ပေါ်သို့
ရေရောက်ရှိပါက အင်းအိုင် သို့မဟုတ် စိမ့်စမ်း သို့မဟုတ် မြစ်ချောင်းများ ဖြစ်ပေါ်တတ်သည်။ သဲ
ကန္တာရများတွင် အိုအေစစ် (Oasis) များဖြစ်ပေါ်ခြင်းမှာ မြေအောက်ရေပြင်သည် မျက်နှာပြင်နှင့်
နီးစပ်စွာတည်ရှိပြီး မြေပြင်ပေါ်သို့ ပေါ်ထွက်လာခြင်းကြောင့် ဖြစ်သည်။ မြေအောက်ရေရှိခြင်း
ကြောင့် ရေတွင်းများနှင့်အဝီစိတွင်းများမှ ရေများ ထုတ်ယူသုံးစွဲနိုင်ခြင်းဖြစ်သည်။ ယခုအခါ ကမ္ဘာ့
လူဦးရေ တိုးတက်လာခြင်း၊ မြို့ပြများဖြစ်ထွန်း တိုးတက်လာခြင်းကြောင့် မြေအောက် ရေထုတ်ယူ
သုံးစွဲမှုပမာဏ အလွန်များပြားလာသည်။




**ပုံ (၃.၅) မြေအောက်ရေ**

**အဓိကအချက်များ**

- ရေသည်ကမ္ဘာပေါ်တွင် အရေးပါဆုံးအရင်းအမြစ်များအနက် တစ်ခုဖြစ်သည်။
- ကမ္ဘာပေါ်တွင် သမုဒ္ဒရာကြီးများသည် အကြီးဆုံးရေအရင်းအမြစ်များ ဖြစ်သည်။
- မိုးရေသည် ကမ္ဘာ၏ရေသံသရာလည်ခြင်းတွင် အရေးပါသောအခန်းမှ ပါဝင်သည်။
- ကမ္ဘာပေါ်ရှိ ရေခဲမြစ်နှင့်ရေခဲပြင်များသည် ကမ္ဘာ့ရေချိုပမာဏ အများဆုံးရှိသော ရေအရင်းအမြစ် နေရာများဖြစ်သည်။
- ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ မိုးရေနှင့်ဆီးနှင်း၊ ရေခဲမြစ်များအရည်ပျော်၍ မြစ်ချောင်း၊ အင်းအိုင်၊ ရေကန်အတွင်းသို့ စီးဝင်ခြင်းဖြင့် မျက်နှာပြင်ရေဖြစ်ပေါ်သည်။
- မြေအောက်ရေဆိုသည်မှာ ကမ္ဘာ့မြေမျက်နှာပြင်အောက်ရှိမြေလွှာများ (သဲ၊ ကျောက်စရစ် စသည်)အတွင်းရှိ ရေအောင်းပေါက်ငယ် (Pore Space) များအတွင်း၌လည်းကောင်း၊ ကျောက်လွှာများ၊ ကျောက်အက်ကြောင်းများအတွင်း၌လည်းကောင်း မျက်နှာပြင်ပေါ်သို့ ရွာကျသောမိုးရေများသည် မြေဆီလွှာကို ဖြတ်သန်းစိမ့်ဝင်ကာ ကျောက်လွှာများကြားတွင် ခိုအောင်းနေသောရေဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ရေအရင်းအမြစ်သည် မည်သည့်နေရာတို့မှ ရရှိသနည်း။

၂။ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ ရေအရင်းအမြစ်ရှိရာ ဒေသများကို ဖော်ပြပါ။

၃။ မျက်နှာပြင်ရေဆိုသည်မှာ အဘယ်နည်း။

၄။ မြေအောက်ရေဆိုသည်မှာ အဘယ်နည်း။

## ၃.၂ ရေအသုံးပြုမှု

**သင်ခန်းစာမိတ်ဆက်**

- ရေကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ မြို့ပြရေသုံးစွဲမှုနှင့် အပန်းဖြေနေရာ စသည့်နေရာများတွင် အသုံးပြုသည်။

**ရေအသုံးပြုမှု**

ရေကို စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် မြစ်ချောင်းများမှလည်းကောင်း၊ ဆည်များ၊ ရေကန်များမှလည်းကောင်း သွယ်ယူ၍အသုံးပြုကြသည်။ မြို့ပြများ

တွင် သောက်သုံးရေနှင့် အိမ်သုံးရေကို မြို့ပြရေပေးဝေမှုစနစ်များဖြစ်သော ပိုက်လိုင်းများဖြင့် ရေသွယ်ယူ၍ အသုံးပြုကြသည်။ ရှုခင်းလှပသောရေကန်များ၊ အိုင်များတွင် အပန်းဖြေနေရာများ အဖြစ် အသုံးပြုကြသည်။

**စိုက်ပျိုးမွေးမြူရေး လုပ်ငန်း** → ၆၉ ရာခိုင်နှုန်း
- စိုက်ပျိုးရေးအတွက်
- ရေအရင်းအမြစ်သုံးစွဲ
- ရေသွင်းစိုက်ပျိုးရေ
- မွေးမြူရေးလုပ်ငန်း သုံးရေ



**စက်မှုလက်မှုလုပ်ငန်း** → ၂၂ ရာခိုင်နှုန်း
- ကုန်ပစ္စည်းထုတ်လုပ်မှု
- စက်ရုံများအတွင်း သန့်ရှင်းရေ



**မြို့ပြရေသုံးစွဲမှု** → ၈ ရာခိုင်နှုန်း
- စည်ပင်သာယာ ပေးဝေရေ
- သောက်ရေ
- သုံးရေ (ချက်ပြုတ်၊ ရေချိုး၊ အပင်ရေ လောင်း စသည်ဖြင့်)
- ဆေးရုံ၊ ရုံး၊ ဈေး၊ ကျောင်းသုံးစွဲရေ



**အပန်းဖြေ** → ၁ ရာခိုင်နှုန်း
- ရေကူး
- ငါးမျှား
- ရေလှော်လှေပြိုင်ပွဲ
- လှေလှော်



**အဓိကအချက်**

- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် ရေကို ၆၉ ရာခိုင်နှုန်း၊ စက်မှုလက်မှုလုပ်ငန်းတွင် ၂၂ ရာခိုင်နှုန်း၊ မြို့ပြရေသုံးစွဲမှုများတွင် ၈ ရာခိုင်နှုန်းနှင့် အပန်းဖြေနေရာများတွင် ၁ ရာခိုင်နှုန်း စသည်ဖြင့် အသုံးပြုကြသည်။

**လေ့ကျင့်ရန်မေးခွန်း**

၁။ လူသားတိုင်း နေ့စဉ် လူနေမှုဘဝအတွက် ရေ၏အရေးပါပုံကို ဆွေးနွေးတင်ပြပါ။

# ၃.၃ ရေထုညစ်ညမ်းခြင်း

**သင်ခန်းစာမိတ်ဆက်**

- ရေထုညစ်ညမ်းခြင်းများသည် ကမ္ဘာပေါ်ရှိနေရာအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ မည်သည့်အကြောင်းရင်းများကြောင့် ရေထုညစ်ညမ်းခြင်းဖြစ်ပေါ်လာသည်ကို ဆက်လက်လေ့လာကြမည်။

## ရေထုညစ်ညမ်းခြင်း

ရေထုညစ်ညမ်းမှုဆိုသည်မှာ မြစ်ချောင်းများ၊ အင်းအိုင်များ၊ သမုဒ္ဒရာများ၊ ရေကန်များနှင့် မြေအောက်ရေတို့တွင် သဘာဝအားဖြင့်လည်းကောင်း၊ လူတို့၏လုပ်ဆောင်မှုကြောင့် ဓာတုပစ္စည်းများ ပျော်ဝင်ခြင်းဖြင့်လည်းကောင်း၊ ဇီဝသက်ရှိများ စုပုံခြင်းကြောင့်လည်းကောင်း ရေအရည်အသွေး နိမ့်ကျမှုဖြစ်ပေါ်လာခြင်းကို ရေထုညစ်ညမ်းခြင်းဟု ခေါ်သည်။

ရေသည် အများစုသော ဝတ္ထုပစ္စည်းများကို ပျော်ဝင်စေနိုင်သည့်အတွက် ညစ်ညမ်းရန် လွယ်ကူသည်။ လယ်ယာမြေများ၊ စက်ရုံများ၊ မြို့ပြကြီးများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများမှ အဆိပ်အတောက် အန္တရာယ် ဖြစ်စေသောပစ္စည်းများ ရေတွင်ပျော်ဝင်ပြီး ရေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်စေသည်။ ရေတွင် မပျော်ဝင်နိုင်သော ပလတ်စတစ် အစရှိသည့် အမှိုက်များကြောင့်လည်း ရေမျက်နှာပြင်နှင့် ရေထုအတွင်း ညစ်ညမ်းစေနိုင်သည်။




ပုံ (၃.၆) ရေထုညစ်ညမ်းခြင်း

**အဓိကအချက်များ**

- ရေသည် အများစုသော ဝတ္ထုပစ္စည်းများကို ပျော်ဝင်စေနိုင်သည့်အတွက် ညစ်ညမ်းရန် လွယ်ကူသည်။
- ရေတွင် မပျော်ဝင်နိုင်သော ပလတ်စတစ်အစရှိသည့် အမှိုက်များကြောင့်လည်း ရေမျက်နှာပြင်နှင့်ရေထုအတွင်း ညစ်ညမ်းစေနိုင်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ရေထုညစ်ညမ်းမှုဖြစ်စေသည့်အကြောင်းရင်းကို သုံးသပ်တင်ပြပါ။

၂။ သင်တို့ဒေသတွင် ရေထုညစ်ညမ်းမှုဖြစ်ပါသလား။ အဘယ်ကြောင့်ဖြစ်ပေါ်ရသနည်း။

## ၃.၄ ရေထုညစ်ညမ်းမှုအမျိုးအစားများ

### သင်ခန်းစာမိတ်ဆက်

ရေသည် နေရာဒေသအမျိုးမျိုးမှ စီးဆင်းသည့်အတွက် ရေထုညစ်ညမ်းမှုကို ဖြစ်စေသော အကြောင်းများလည်း အမျိုးမျိုးရှိသည်။

### ရေထုညစ်ညမ်းမှုအမျိုးအစားများ

ရေသည် နေရာအမျိုးမျိုးမှ စီးဆင်းလာသဖြင့် ရေထုညစ်ညမ်းမှုကိုဖြစ်စေသော အကြောင်းရင်းများလည်း အမျိုးမျိုးရှိသည်။ ရေထုညစ်ညမ်းမှုကြောင့် သောက်သုံးရေ၊ မြစ်ချောင်းများ၊ ကန်ရေပင်လယ်၊ သမုဒ္ဒရာများတွင် အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေသည်။ ရေထုညစ်ညမ်းမှုဖြစ်သည့်အခါ ထိုရေအရင်းမြစ်များကို သုံးစွဲသူများ၏ ကျန်းမာရေးကို ထိခိုက်ရုံသာမက လူ၊ ရေနေသတ္တဝါများနှင့် ပတ်ဝန်းကျင်ဂေဟစနစ်တစ်ခုလုံးကိုပါ ထိခိုက်စေသည်။

### (၁) ရေ၌ပါဝင်သောအာဟာရများညစ်ညမ်းခြင်း (Nutrients Pollution)

စက်ရုံ၊ အလုပ်ရုံနှင့်အိမ်များမှ စွန့်ပစ်ရေများ၊ စိုက်ပျိုးရေသုံးစွဲမှုမှ ပိုလျှံသောမြေဩဇာများနှင့် ရေဆိုးမြောင်းများမှ ရေများသည် အပင်များအတွက် အာဟာရများ ပါဝင်နေတတ်သည်။ ၎င်းအာဟာရများ ရေထဲပျော်ဝင်ပြီး အယ်ဂျေးနှင့်ရေမှော်များ ရှင်သန်ကြီးထွားစေရန် အားပေးသည်။ ထိုသို့ဖြစ်သည့်အခါ ၎င်းရေကို သောက်သုံးရန် မဖြစ်နိုင်ချေ။ အယ်ဂျေးများရေထဲတွင် အလွန်များပြားပါက ရေထဲရှိ အောက်ဆီဂျင်ကို အယ်ဂျေးများမှ ရယူသုံးစွဲသည့်အတွက် ရေတွင်အောက်ဆီဂျင် လျော့နည်းပြီး အခြားရေနေသတ္တဝါများ သေကျေပျက်စီးကြသည်။

**(၂) မျက်နှာပြင်ရေညစ်ညမ်းမှု (Surface Water Pollution)**

မြစ်ချောင်းများ၊ ရေကန်များ၊ ပင်လယ်သမုဒ္ဒရာများထဲသို့ ဘေးအန္တရာယ်ဖြစ်စေသော ဝတ္ထုပစ္စည်းများ ရောနှောဝင်ရောက်လာသောအခါ ရေတွင်ပျော်ဝင်ပြီး ရေ၏ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ် သတ္တိများပြောင်းလဲ၍ မျက်နှာပြင်ရေညစ်ညမ်းမှုများ ဖြစ်ပေါ်တတ်သည်။

**(၃) အောက်ဆီဂျင်လျော့နည်းကုန်ခန်းမှု (Oxygen Depleting)**

ရေတွင် သက်ရှိသတ္တဝါအမျိုးမျိုး ပေါက်ဖွားရှင်သန်ကြသည်။ ရေထုထဲသို့ စွန့်ပစ်ရေ၊ မိလ္လာနှင့်စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ ပျော်ဝင်ခြင်းဖြစ်၍ အချို့အာဟာရဓာတ်များကြောင့် ပိုးမွှားများပေါက်ဖွားမှုကို အားပေးသည်။ အချို့သက်ရှိသတ္တဝါများသည် ရေထဲရှိအောက်ဆီဂျင်ကို သုံးကြသည်။ အောက်ဆီဂျင်လျော့နည်းကုန်ခန်းလာသည့်အခါ အောက်ဆီဂျင်ဖြင့် အသက်ရှူသတ္တဝါများ (Aerobic) သေကျေပျက်စီး၍ အောက်ဆီဂျင်မဲ့ အသက်ရှူသောသတ္တဝါများ (Anaerobic) များပြားလာသည်။ ယင်း Anaerobic သက်ရှိသတ္တဝါများသည် အမိုးနီးယားနှင့်ဆာလ်ဖိုဒ် စသည့် ဓာတ်များကို ပိုထုတ်သောကြောင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

**(၄) မြေအောက်ရေညစ်ညမ်းမှု (Ground Water Pollution)**

စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာပစ္စည်းများ၊ ပြင်းသော ပိုးသတ်ဆေး၊ ဓာတုဆေးများသည် ရေနှင့်အတူ မြေဆီလွှာအတွင်း စိမ့်ဝင်၍ မြေအောက်ရေတွင် ဓာတုအညစ်အကြေးများ စုပုံလာခြင်းကြောင့် မြေအောက်ရေကို ညစ်ညမ်းစေသည်။ မြေအောက်ရေနှင့် ဆက်စပ်နေသော မြစ်ချောင်းများတွင် စည်းကမ်းမဲ့ စွန့်ပစ်ပစ္စည်းများနှင့် မြေအောက်ရေဆိုးပိုက်လိုင်းများ ပေါက်ခြင်းကြောင့် မြေအောက်ရေ ညစ်ညမ်းမှုဖြစ်စေသည်။ ပင်လယ်ရေနှင့် ထိစပ်သောနေရာများတွင်လည်း မြေအောက်ရေအတွင်းသို့ ဆားငန်ရေ တိုးဝင်ခြင်း ဖြစ်ပေါ်လာပြီး မြေအောက်ရေ၏ ဆားငန်နှုန်းကို တိုးပွားစေခြင်းဖြင့် ရေချို၊ ရေကောင်း၊ ရေသန့်၏ အရည်အသွေး ညံ့ဖျင်းလာသည်။

**(၅) ရေနံယိုဖိတ်မှုကြောင့်ရေထုညစ်ညမ်းမှု (Oil Spillage)**

ပင်လယ်သမုဒ္ဒရာများတွင် ရေနံတင်သင်္ဘောများနှင့် ကုန်သင်္ဘောများမှရေနံနှင့်စက်ဆီများယိုဖိတ်မှုကြောင့် နေရာကွက်၍ ရေထုညစ်ညမ်းစေပြီး ၎င်းနေရာတွင်ရှိသော ရေနေသတ္တဝါများကို ထိခိုက်စေသည်။

**(၆) စက်ရုံမှစွန့်ပစ်ပစ္စည်းများကြောင့်ရေထုညစ်ညမ်းခြင်း (Industrial Water)**

စက်မှုလက်မှုလုပ်ငန်းများမှ အမှိုက်များနှင့် ပူနွေးသောရေများကို ရေမြောင်းထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်းဖြင့် အမှိုက်များပိတ်ဆို့ခြင်း၊ မြစ်ချောင်းများ၏ ရေအပူချိန်ကို သိသာစွာပြောင်းလဲ

ခြင်းများ ဖြစ်ပေါ်၍ ရေနေသတ္တဝါများ၏ ဂေဟစနစ်ပေါ်၌အကျိုးသက်ရောက်မှုဖြစ်စေသည်။

**(၇) မိလ္လာနှင့်စွန့်ပစ်ရေများကြောင့်ရေထုညစ်ညမ်းမှု (Sewage and Wastewater)**

မြို့ပြများမှ ရေဆိုးများ တိုက်ရိုက်စွန့်ထုတ်ခြင်း၊ မိလ္လာပိုက်များ ပေါက်ခြင်းဖြင့် မြစ်ချောင်းများအတွင်းသို့ အညစ်အကြေးများ ရောက်ရှိလာပြီး ဘက်တီးရီးယားများပေါက်ဖွား၍ ရေထုညစ်ညမ်းမှုကို ဖြစ်ပွားစေသည်။

**(၈) တွင်းထွက်တူးဖော်ခြင်းလုပ်ငန်းကြောင့် ရေထုညစ်ညမ်းမှု (Mining)**

မြေအောက်သယံဇာတရှာဖွေခြင်း၊ ကျောက်မီးသွေးနှင့် သတ္တုများတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကျောက်များခွဲခြေရသည့်အတွက် ဖြစ်ပေါ်လာသော ထိုကျောက်ကြေမှုစာများသည် ရေနှင့်ရော၍ဓာတ်ပြုခြင်းဖြင့် အဆိပ်အတောက်ရှိသော ဓာတုပစ္စည်းများ ထွက်ပေါ်လာပြီး ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည်။

**အဓိကအချက်များ**

- ရေထုညစ်ညမ်းမှုဖြစ်သည့်အခါ ထိုရေအရင်းမြစ်များကို သုံးစွဲသူလူများ၏ ကျန်းမာရေးကိုထိခိုက်ရုံသာမက လူ၊ သတ္တဝါများနှင့် ဂေဟစနစ်တစ်ခုလုံးကိုပါ ထိခိုက်စေသည်။
- ရေတွင် Anaerobic သက်ရှိသတ္တဝါများသည် အမိုးနီးယားနှင့် ဆာလ်ဖိုဒ် စသည့် ဓာတ်များကို ပိုထုတ်သောကြောင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။
- စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ဓာတုဆေးများသည် ရေနှင့်အတူ မြေဆီလွှာအတွင်းစိမ့်ဝင်၍ မြေအောက်ရေတွင်ဓာတုအညစ်အကြေးများစုပုံလာခြင်းကြောင့် မြေအောက်ရေကို ညစ်ညမ်းစေသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ရေထုညစ်ညမ်းမှုအမျိုးအစားများကို ဖော်ပြပါ။

၂။ ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုကို မည်သည့်နေရာများတွင် တွေ့ရှိပြီး ထိခိုက်ပျက်စီးမှုကို ဖော်ပြပါ။

၃။ တွင်းထွက်တူးဖော်ခြင်းလုပ်ငန်းကြောင့် ရေထုညစ်ညမ်းမှုများ မည်သို့ဖြစ်ပေါ်သနည်း။

## ၃.၅ ရေထုညစ်ညမ်းမှုဖြစ်ပေါ်လေ့ရှိသော နေရာများ

**သင်ခန်းစာမိတ်ဆက်**

- ရေထုညစ်ညမ်းမှု ဖြစ်ပေါ်လေ့ရှိသောနေရာများနှင့် ASEAN ရပ်ဝန်းရှိ မြစ်များအတွင်း ဖြစ်ပေါ်လေ့ရှိသော မျက်နှာပြင်ရေထုညစ်ညမ်းမှုတို့ကို ဆန်းစစ်လေ့လာကြမည်။

**ရေထုညစ်ညမ်းမှုဖြစ်ပေါ်လေ့ရှိသော နေရာများ**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် ရာသီဥတု ပိုမိုပူပြင်းလာခြင်း၊ လူဦးရေတိုးတက်လာခြင်း၊ ရေကိုပိုမိုအသုံးပြုခြင်း၊ စက်မှုလက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေအသုံးပြုမှု ပိုမိုများပြားလာခြင်း၊ နှစ်ပေါင်းများစွာ မဆင်မခြင် အမှိုက်များ၊ အညစ်အကြေးများကို မြစ်ချောင်း၊ ပင်လယ်သမုဒ္ဒရာများထဲသို့စွန့်ပစ်ခြင်း၏ အကျိုးဆက်များကြောင့် သန့်ရှင်းသောရေအရင်းအမြစ်များ နည်းပါးလာပြီး ရေထုညစ်ညမ်းမှုများဖြစ်ပေါ် လျက်ရှိသည်။ အထူးသဖြင့် ရေထုညစ်ညမ်းမှုကို မျက်နှာပြင်ရှိရေများတွင် ထင်ရှားစွာတွေ့ရှိရသည်။

ရေထုညစ်ညမ်းခြင်းဖြစ်ပေါ်မှုကို တည်နေရာတစ်ခုမှ ဖြစ်ပေါ်လာသော (Point Source) ရေထုညစ်ညမ်းမှုနှင့် ဧရိယာကျယ်ပြန့်စွာ ဖြစ်ပေါ်လေ့ရှိသော (Non-Point Source) ရေထုညစ်ညမ်းမှုဟု ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော အရင်းအမြစ်အလိုက် ခွဲခြားနိုင်သည်။

ထိုရေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်သော နေရာများမှဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများကို အောက်ပါအချက်များအတိုင်း တွေ့နိုင်သည်။

**တည်နေရာတစ်ခုမှဖြစ်ပေါ်သော (Point Source) ရေထုညစ်ညမ်းမှု**

- အကျိုးသက်ရောက်မှုနည်း
- ရေပိုက်လိုင်းများ၊ ရေမြောင်းများ၊ မိလ္လာပိုက်၊ စက်ရုံများမှ စွန့်ပစ်ရေများ၊ ဓာတုနှင့် ရေနံယိုဖိတ်မှုများ
- စောင့်ကြည့်စစ်ဆေးခြင်း၊ စည်းကမ်းလိုက်နာခြင်းဖြင့် ထိန်းချုပ်နိုင်ခြင်း

**ဧရိယာကျယ်ပြန့်စွာဖြစ်ပေါ်လေ့ရှိသော (Non-Point Source) ရေထုညစ်ညမ်းမှု**

- အကျိုးသက်ရောက်မှုများ
- ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ အသုံးပြုသောနေရာများမှ စီးရေများ၊ မြက်ခင်းများ၊ ဥယျာဉ်ခြံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ စီးဆင်းရေများ
- တိကျသောနေရာမရှိ၍ ထိန်းချုပ်ရန် ခက်ခဲခြင်း
- မြို့ပြကြီးများမှ စွန့်ပစ်အမှိုက်ပုံများ၊ စိမ့်ထွက်သော ရေဆိုးများ







ပုံ (၃.၇) ရေထုညစ်ညမ်းမှုဖြစ်ပေါ်လေ့ရှိသော နေရာများ

**ASEAN ရပ်ဝန်းရှိမြစ်များအတွင်း ဖြစ်ပေါ်လေ့ရှိသော မျက်နှာပြင်ရေထုညစ်ညမ်းမှုကို ဆန်းစစ်လေ့လာခြင်း**

| **အရှည် (ကီလိုမီတာ)** | **ဖြတ်သန်းစီးဆင်းသော နိုင်ငံများ** | **အသုံးပြုပုံ** | **ရေထုညစ်ညမ်းစေသော အကြောင်းများနှင့် အများဆုံးဖြစ်ပေါ်သည့်နေရာ** |
|---|---|---|---|
| မဲခေါင်မြစ် (Mekong River) ၄၃၅၀ ကီလိုမီတာ | ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မြန်မာ | - စိုက်ပျိုးရေး<br>- သောက်သုံးရေ<br>- ရေလုပ်ငန်း<br>- ရေကြောင်းသွားလာရေး | - စက်မှုစွန့်ပစ်ပစ္စည်းများ<br>- စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ<br>- မြို့ပြများမှ အမှိုက်များနှင့် အညစ်အကြေးများ စွန့်ပစ်ခြင်း<br>- မဲခေါင်မြစ်သည်အပြည်ပြည်ဆိုင်ရာမြစ်ဖြစ်သော်လည်း နယ်နိမိတ်ဖြတ်ကျော်စီးဆင်းသည့်နေရာများတွင် ရေထုညစ်ညမ်းမှုနည်းပါးသည်။ မြစ်အထက်ပိုင်းတွင် ဆည်များဆောက်လုပ်ခြင်းသည်လည်း မြစ်အောက်ပိုင်းရှိ သန်းပေါင်းများစွာသော လူများအတွက် အန္တရာယ်ဖြစ်စေနိုင်သော အခြေအနေများဖြစ်ပေါ်စေသည်။ လူနေထူထပ်သော မဲခေါင်မြစ်ဝှမ်း အောက်ပိုင်း |

| အရှည် (ကီလိုမီတာ) | ဖြတ်သန်းစီးဆင်းသော နိုင်ငံများ | အသုံးပြုပုံ | ရေထုညစ်ညမ်းစေသော အကြောင်းများနှင့် အများဆုံးဖြစ်ပေါ်သည့်နေရာ |
|---|---|---|---|
| | | | မြစ်ဝကျွန်းပေါ်ဒေသများရှိ လူနေထူထပ်သော မြို့ပြများ အနီးတွင်သာ ရေထုညစ်ညမ်းမှုတွေ့ရသည်။  |
| မာရီလာအိုမြစ် (Marilao River) ၁၂.၄၂ ကီလိုမီတာ | ဖိလစ်ပိုင်နိုင်ငံရှိ မက်ထရိုမနီလာ (Metro Manila) ကို ဖြတ်သန်းစီးဆင်း၍ မနီလာပင်လယ်အော် အတွင်းစီးဝင် | - စိုက်ပျိုးရေ<br>- သောက်သုံးရေ | - အဆိပ်သင့်စက်မှုလုပ်ငန်းစွန့်ပစ်ပစ္စည်းများ<br>- မြို့ပြများရှိလူနေဇရိယာများမှ စွန့်ပစ်ပစ္စည်းများ၊ မိလ္လာကန်များမြေအောက်ရေအောင်းလွှာသို့ ယိုစိမ့်ခြင်း<br>- ကမ္ဘာ့ရေထုညစ်ညမ်းမှုအများဆုံးသော မြစ်များတွင်အပါအဝင်ဖြစ်သည်။<br>- မက်ထရိုမနီလာအနီးတစ်ဝိုက်တွင် ရေထုညစ်ညမ်းမှုပိုမိုဖြစ်ပေါ်သည်။  |

အဋ္ဌမတန်း

| အရှည် (ကီလိုမီတာ) | ဖြတ်သန်းစီးဆင်းသော နိုင်ငံများ | အသုံးပြုပုံ | ရေထုညစ်ညမ်းစေသော အကြောင်းများနှင့် အများဆုံးဖြစ်ပေါ်သည့်နေရာ |
|---|---|---|---|
| စီတာရန်မြစ် (Citarum River) ၃၀၀ ကီလိုမီတာ | အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား ပြည်နယ် အနောက်ပိုင်း ဘန်ဒေါင်းမြို့ကို ဖြတ်သန်းစီးဆင်းပြီး ဂျာဗားပင်လယ်အတွင်း စီးဝင် | - စိုက်ပျိုးရေးလုပ်ငန်း<br>- စက်မှုလုပ်ငန်းသုံးရေ<br>- ရေလုပ်ငန်း<br>- လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု | - စက်မှုစွန့်ပစ်ပစ္စည်းများ အထူးသဖြင့် ဘန်ဒေါင်းနှင့် ချီမာဟီမြို့များရှိ အထည်စက်ရုံများမှ စွန့်ပစ်ရေများ၊ မြစ်ကြောင်းတစ်လျှောက်ရှိ စက်ရုံများမှ ခဲ၊ ပြဒါး၊ အာဆင်းနစ်အစရှိသည့် အဆိပ်သင့်စွန့်ပစ်ပစ္စည်းများနှင့်မြို့ပြ အမှိုက်များကြောင့်ညစ်ညမ်းမှု ဖြစ်ပေါ်သည်။<br> |
| ကျောက်ဖရားမြစ် (Chao Phraya River) ၄၇၂ ကီလိုမီတာ | ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ဖြတ်သန်းစီးဆင်း၍ ထိုင်းပင်လယ်ကွေ့အတွင်းစီးဝင် | - စိုက်ပျိုးရေးလုပ်ငန်း<br>- စက်မှုလုပ်ငန်း<br>- ရေလုပ်ငန်း<br>- မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း | - အိမ်နှင့်စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကြောင့်ညစ်ညမ်းမှု ဖြစ်ပေါ်သည်။<br> |

| အရှည် (ကီလိုမီတာ) | ဖြတ်သန်းစီးဆင်းသော နိုင်ငံများ | အသုံးပြုပုံ | ရေထုညစ်ညမ်းစေသော အကြောင်းများနှင့် အများဆုံးဖြစ်ပေါ်သည့်နေရာ |
|---|---|---|---|
| ကီနာဘာတန်ဂန်မြစ် (Kirabatan-gan River) ၅၆၀ ကီလိုမီတာ | မလေးရှားနိုင်ငံ ဆားဗားပြည်နယ် အရှေ့မြောက်ပိုင်းမှ ဖြတ်သန်းစီးဆင်း၍ စူးလူးပင်လယ်အတွင်း စီးဝင် | - ငါးဖမ်းလုပ်ငန်း<br>- ရေကြောင်းသွားလာမှု | - မြစ်စီးဆင်းရာတစ်လျှောက်ရှိ ဆီအုန်းစိုက်ခင်းများကြောင့် မြစ်ရေညစ်ညမ်းစေခြင်း<br>- စိုက်ခင်းများမှ ဓာတ်မြေဩဇာနှင့် အနည်များ<br>- ဆီအုန်းစက်ရုံများမှ စွန့်ပစ်ပစ္စည်းနှင့်ရေဆိုးများကြောင့်ညစ်ညမ်းမှု ဖြစ်ပေါ်သည်။<br> |
| ဧရာဝတီမြစ် (Ayeyar wady River) ၂၁၇၀ ကီလိုမီတာ | ဧရာဝတီမြစ်သည် မြန်မာနိုင်ငံတွင် မြောက်မှတောင်သို့ စီးဆင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ဖြတ်ပြီး ကပ္ပလီပင်လယ်အတွင်း စီးဝင် | - စိုက်ပျိုးရေး<br>- ရေလုပ်ငန်း<br>- စက်မှုလုပ်ငန်းနှင့် မြို့ပြသုံးရေ<br>- ရေကြောင်းသွားလာမှု | - စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ<br>- တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်းများမှ အဆိပ်အတောက်ဖြစ်စေသောဓာတုပစ္စည်းများ<br>- စိုက်ပျိုးရေးလုပ်ငန်းများမှ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ<br>- သဲနှင့်ကျောက်များ တူးဖော်ခြင်းများကြောင့် ညစ်ညမ်းမှုများဖြစ်စေသည်။ |

**အဓိကအချက်များ**

- မဲခေါင်မြစ်အထက်ပိုင်းတွင် ဆည်များ ဆောက်လုပ်ခြင်းကြောင့် မြစ်အောက်ပိုင်းတွင် နေထိုင်သူများအတွက် အန္တရာယ်များ ဖြစ်စေသည်။
- မာရီလာအိုမြစ်သည် ကမ္ဘာ့ရေထု ညစ်ညမ်းမှုအများဆုံးမြစ်များထဲတွင် အပါအဝင် ဖြစ်သည်။
- စီတာရန်မြစ်တွင် စက်မှုစွန့်ပစ်ပစ္စည်းများဖြစ်သော ခဲ၊ ပြဒါး၊ အာဆင်းနစ် စသည့် အဆိပ်သင့်ပစ္စည်းများကြောင့် မြစ်ရေညစ်ညမ်းမှုဖြစ်စေသည်။
- ကျောက်ဖရားမြစ်ရေသည် အိမ်နှင့်စက်မှုလုပ်ငန်းစွန့်ပစ်ပစ္စည်းများကြောင့်ညစ်ညမ်းမှု ဖြစ်ရသည်။
- ကီနာဘာတန်ဂန်မြစ်တွင် ရေသည် ဆီအုန်းစက်ရုံများမှ စွန့်ပစ်ပစ္စည်းများ၊ စိုက်ခင်းများမှ မြေသြဇာများ မြစ်ရေတွင်းစီးဝင်မှုကြောင့် ညစ်ညမ်းမှုဖြစ်ရသည်။
- ဧရာဝတီမြစ်ရေသည် တွင်းထွက်များ တူးဖော်ခြင်းမှ ထွက်ပေါ်လာသော ဓာတုပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ ပျော်ဝင်ခြင်းကြောင့် ညစ်ညမ်းမှုဖြစ်ရသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ရေထုညစ်ညမ်းမှုသည် မည်သည့်နေရာများတွင် ဖြစ်ပေါ်လေ့ရှိသနည်း။

၂။ မဲခေါင်မြစ်တွင် ရေထုညစ်ညမ်းစေသောအကြောင်းများနှင့် အများဆုံးဖြစ်ပေါ်သည့် နေရာများကို ဖော်ပြပါ။

၃။ ကီနာဘာတန်ဂန်မြစ်တွင် ရေထုညစ်ညမ်းစေသောအကြောင်းများနှင့် အများဆုံးဖြစ်ပေါ်သည့်နေရာများကို ဖော်ပြပါ။

## ၃.၆ ရေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုနှင့်ထိန်းသိမ်းကာကွယ်မှု

### သင်ခန်းစာမိတ်ဆက်

ရေထုညစ်ညမ်းမှုသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အန္တရာယ်များစွာ ဖြစ်စေနိုင်သည်။ ရေထုညစ်ညမ်းမှုကြောင့် လူအပါအဝင် သဘာဝပတ်ဝန်းကျင်ရှိ အပင်၊ သတ္တဝါ များ အသက်ရှင်ရပ်တည်မှုတွင် များစွာသော ဆိုးကျိုးများ သက်ရောက်နိုင်စေသည်။

### ရေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုနှင့်ထိန်းသိမ်းကာကွယ်မှု

ရေထုညစ်ညမ်းမှုသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အန္တရာယ်များစွာ ဖြစ်စေသည်။ ရေထုညစ်ညမ်းမှု၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ဂေဟစနစ်များကို ထိခိုက်ပျက်စီးစေနိုင်သည်။ ရေတွင်ပျော်ဝင်သောဓာတုပစ္စည်းများ၊ ၎င်းတို့၏ပါဝင်မှုအတိုင်းအတာ နှင့်စုစည်းပါဝင်မှု၊ မည်သည့်နေရာတွင်ညစ်ညမ်းမှုဖြစ်စေသည်ဆိုသောအချက်များစသည်တို့ပေါ် တွင် မူတည်၍ အကျိုးသက်ရောက်မှု ကွာခြားသည် ။

မြို့ပြများအနီး၌ရှိသောရေများတွင် စွန့်ပစ်ရေဆိုးများနှင့် အမှိုက်များကြောင့် ရေထု ညစ်ညမ်းမှုသည် ဆိုးရွားစွာဖြစ်စေတတ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ မြို့ပြရှိနေထိုင်သူများသည် ကျောင်းများ၊ ဆေးရုံများ၊ ဈေးများမှ အမှိုက်များကို ရေမြောင်းသို့ ပစ်ချခြင်းနှင့် စက်မှုလုပ်ငန်းများမှ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်းမရှိဘဲ ရေမြောင်းထဲသို့ စွန့်ပစ်ခြင်းကြောင့် ဖြစ်သည်။

ထိုအန္တရာယ်ရှိသောဓာတုပစ္စည်းများနှင့်ပိုးမွှားများပါဝင်သည့်မြေပေါ်မြေအောက်ရေများ ကြောင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်။ မသန့်ရှင်းသောရေကြောင့် ဝမ်းကိုက်ဝမ်းလျှော ရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်းရောင် အသားဝါရောဂါ စသည်တို့ကို ဖြစ်ပွားစေသည်။ တစ်ခါတစ်ရံတွင် ဝမ်းရောဂါကဲ့သို့သော ကပ်ရောဂါမျိုးဖြစ်နိုင်ကြောင်း တွေ့ရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင်လည်း ထိုညစ်ညမ်းသော ရေများကိုသုံးစွဲခြင်းဖြင့် မြေဆီလွှာ ညစ်ညမ်း ကာ အပင်အာဟာရဓာတ် လျော့နည်းလာခြင်း၊ သီးနှံအဆိပ်သင့်ခြင်း၊ အထွက်နှုန်း လျော့နည်းခြင်း များ ဖြစ်ပေါ်တတ်သည်။ ထိုကဲ့သို့ မြေပေါ်မြေအောက်ရေများ ညစ်ညမ်းလာမှုသည် လူသားများ အတွက် ဆိုးကျိုးများစွာဖြစ်ပေါ်စေ၍ အနာဂတ်တွင် ရေထုညစ်ညမ်းမှု လျော့နည်းနိုင်ရန်အတွက် ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများကို မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်သည်။

ရေထုညစ်ညမ်းမှုကိုထိန်းသိမ်းကာကွယ်သည့်နည်းလမ်းများအနေဖြင့် မြို့ပြစွန့်ပစ်ရေများ ကို ပြန်လည်သန့်စင်ပြီးမှ စွန့်ပစ်ခြင်း၊ ရေနှင့် မိလ္လာစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

စက်ရုံများ အထူးသဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများနှင့် တွင်းထွက်သတ္တုသန့်စင်စက်ရုံများ၊ သကြားစက်၊ သားရေစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်ရုံ၊ အလုပ်ရုံများ စသည်တို့တွင် ရေဆိုးသန့်စင်စက်များ တည်ဆောက်၍ စွန့်ပစ်ရေများကို ပြန်လည်အသုံးဝင်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးအတွက် ရေသွင်းရေထုတ်စနစ်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ မြစ်ချောင်းကမ်းနားများတွင် အဝတ်အထည် ဆေးဆိုးခြင်း၊ လျှော်ဖွပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအား ကန့်သတ်ခြင်း၊ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးပြုမှုကို ထိန်းချုပ်ခြင်း၊ လိုအပ်သည့်ပမာဏကိုသာ ထိရောက်စွာအသုံးပြုစေခြင်း၊ ရေဆိုးများကို မြစ်ချောင်းများအတွင်း တိုက်ရိုက်စွန့်ပစ်မှုကို ထိန်းချုပ်ခြင်း စသည့်ဆောင်ရွက်မှုများကို လုပ်ဆောင် ကြရမည်။

**အဓိကအချက်များ**

- ရေထုညစ်ညမ်းမှုသည် လူသားများနှင့်သဘာဝပတ်ဝန်းကျင်အတွက် အန္တရာယ်များစွာဖြစ်စေပါသည်။
- မြို့ပြများအနီး၌ရှိသောရေများတွင် စွန့်ပစ်ရေဆိုးများနှင့် အမှိုက်များကြောင့် ရေထုညစ်ညမ်းမှု ဆိုးဝါးစွာဖြစ်စေသည်။
- အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် ပိုးမွှားများပါဝင်သည့် မြေပေါ်မြေအောက်ရေများကြောင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။
- ရေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ရေးမှာ လူသားတိုင်းနှင့် သက်ဆိုင်ပြီး လူသားတိုင်း ပါဝင်လုပ်ဆောင်ရန် လိုအပ်ပါသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ရေထုညစ်ညမ်းမှုများ အဘယ်ကြောင့် ဖြစ်ပေါ်သနည်း။

၂။ ရေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုကြောင့် မည်သည့်ရောဂါများ ဖြစ်ပွားသနည်း။

၃။ သင့်ပတ်ဝန်းကျင်တွင် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်နေပါက မည်သို့ဆောင်ရွက်မည်ကို ဆွေးနွေးတင်ပြပါ။

# အခန်း(၄)
# အာဆီယံနိုင်ငံများ၏ဒေသန္တရပထဝီဝင်

**နိဒါန်း**

ဤအခန်းတွင်အာဆီယံနိုင်ငံများဖြစ်သောအင်ဒိုနီးရှားနိုင်ငံ၊စင်ကာပူနိုင်ငံ၊ဘရူနိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့၏ သဘာဝအခြေခံအချက်များ၊ လူမှုရေးဆိုင်ရာအချက်များနှင့် စီးပွားရေး ဆိုင်ရာအချက်များကို လေ့လာသင်ယူကြရမည်ဖြစ်သည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာ**

ဆဋ္ဌမတန်းနှင့် သတ္တမတန်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ လာအို နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ အကြောင်းများကို သိရှိခဲ့ပြီး ဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။**

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆီအုန်းအများဆုံးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံ တစ်နိုင်ငံဖြစ်သည်သာမက ခဲမဖြူအများဆုံးထုတ်လုပ်သောနိုင်ငံများတွင်လည်းပါဝင်သည်။ထို့ပြင် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးဖြစ်သော အပူပိုင်းမိုးသစ်တောသည် အင်ဒိုနီးရှား နိုင်ငံ၌ရှိသည် ဆိုသည့် အချက်များကိုသိရှိလာမည်။

စင်ကာပူနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အရွယ်ပမာဏ အငယ်ဆုံးနိုင်ငံဖြစ်ပြီး မြို့ပြ နိုင်ငံ (City State) ဖြစ်သည်။ ဆိပ်ကမ်းကောင်းရှိပြီး ကုန်သွယ်ရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ကြောင်းသိရှိမည်။

ဘရူနိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အရွယ်ပမာဏအားဖြင့် ဒုတိယအငယ်ဆုံး ဖြစ်၍ လူဦးရေနည်းပြီး ဘုရင်အုပ်ချုပ်သည့်နိုင်ငံဖြစ်သည်။ ရေနံ၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း သည် အဓိကစီးပွားရေးလုပ်ငန်းဖြစ်ကြောင်းသိရှိမည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမျိုးသားပြတိုက်သည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာ အဓိကနေရာဖြစ်ခြင်း၊ နိုင်ငံ၏ လူဦးရေထက်ဝက်ခန့်သည် စိုက်ပျိုးရေး ကိုလုပ်ကိုင်ခြင်း၊ မနီလာမြို့သည် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဗဟိုဌာနဖြစ်ခြင်းများကိုလည်း သိရှိမည်။

## ၄.၁. အင်ဒိုနီးရှားသမ္မတနိုင်ငံ (The Republic of Indonesia)

### သင်ခန်းစာမိတ်ဆက်

- အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော ကျွန်းစုနိုင်ငံဖြစ်သည်။ မီးတောင်များပေါများပြီး အပူပိုင်းမိုးသစ်တောကြီးများ၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသောနိုင်ငံဖြစ်၍ သဘာဝအရင်းမြစ်နှင့် စီးပွားရေးဖွံ့ဖြိုးမှုများကို ဆက်စပ်လေ့လာနိုင်မည် ဖြစ်သည်။

### တည်နေရာနှင့် အကျယ်အဝန်း

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်ပါဝင်သော ကျွန်းစုနိုင်ငံဖြစ်သည်။ မြောက်လတ္တီကျု ၆ ဒီဂရီနှင့် တောင်လတ္တီကျု ၁၁ ဒီဂရီ အကြား၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီနှင့် ၁၁၅ ဒီဂရီအကြားတွင် တည်ရှိသည်။




**ပုံ(၄.၁) အင်ဒိုနီးရှားနိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့်ရေဆင်းပြပုံ**

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်းမြေဧရိယာသည် စတုရန်းကီလိုမီတာ ၁.၉ သန်းကျော်ကျယ်ဝန်းပြီးကမ္ဘာ့အကြီးဆုံးကျွန်းစုနိုင်ငံဖြစ်သည်။ အရှေ့ဘက်တွင်ပစိဖိတ်သမုဒ္ဒရာ၊ တောင်ဘက်နှင့် အနောက်ဘက်တွင် အိန္ဒိယသမုဒ္ဒရာ၊ မြောက်ဘက်တွင် တောင်တရုတ်ပင်လယ်တို့နှင့် ထိစပ်နေသည်။ ကျွန်းများအလယ်တွင် ဂျာဗားပင်လယ် (Java Sea)၊ ဘန်ဒါပင်လယ် (Banda Sea)

နှင့် မိုလာကပ်စ် ပင်လယ် (Molucca Sea) တို့ရှိသည်။ ဘော်နီယိုကျွန်းပေါ်တွင် မလေးရှားနိုင်ငံ၏ ဆာဗားနှင့်ဆာရာဝတ်ပြည်နယ်များနှင့်လည်းကောင်း၊ နယူးဂီနီကျွန်းပေါ်တွင်ပါပွားအားနယူးဂီနီနိုင်ငံနှင့်လည်းကောင်း၊ တီမောကျွန်းပေါ်တွင်အရှေ့တီမောနိုင်ငံနှင့်လည်းကောင်းကုန်းနယ်နိမိတ်ထိစပ်လျက် ရှိသည်။ အရှေ့နှင့် အရှေ့မြောက်ဘက်တွင် ဖိလစ်ပိုင်နိုင်ငံနှင့် တောင်တရုတ်ပင်လယ်တို့ခြားလျက် တည်ရှိသည်။ စင်ကာပူနိုင်ငံနှင့် စင်ကာပူရေလက်ကြားခြား၍လည်းကောင်း၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ၏ ဆာဗား၊ ဆာရာဝတ်ပြည်နယ်များခြား၍လည်းကောင်း နီးကပ်စွာတည်ရှိသည်။

## မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း

အင်ဒိုနီးရှားနိုင်ငံတွင် ကျွန်းပေါင်း ၃၀၀၀ ကျော်ရှိပြီး ကျွန်းကြီးများမှာ စုမတ်တြား (Sumatra)၊ ဂျာဗား (Java)၊ ဘော်နီယို (Borneo) ကျွန်းတောင်ပိုင်း၊ စူလာဝေစီ (Sulawesi)၊ နယူးဂီနီကျွန်း (New Guinea) အနောက်ပိုင်းတို့ဖြစ်သည်။ ကျွန်းကြီးများတွင် တောင်တန်းများနှင့်ကမ်းခြေတစ်လျှောက်တွင်ကမ်းရိုးတန်းလွင်ပြင်များရှိသည်။ ကျွန်းများသည်ကုန်းမြေတည်ဆောက်ပုံအရ တိုက်ခုံအပိုင်းနှင့် သက်နုတွန့်ခေါက်တောင်တန်းအပိုင်းဟူ၍ ရှိသည်။ သက်နုတွန့်ခေါက်တောင်တန်းများတစ်လျှောက်တွင် မီးတောင်များရှိသည်။ မီးတောင်ရှင်ပေါင်း ၆၀ ခန့်ရှိသည်။

မြစ်အများစုသည် တိုတောင်းသော်လည်း စိုက်ပျိုးရေးအတွက် ရေသွင်းရန် အရေးပါသည်။ ကာလီမန်တန် (Kalimantan) (ဘော်နီယိုကျွန်းတောင်ပိုင်း) ပေါ်တွင်ရှိသော ၁၁၄၂ ကီလိုမီတာရှည်လျားသည့် ကာပတ်စ်မြစ် (Kapuas River) မှာ အရှည်ဆုံးမြစ် ဖြစ်သည်။ ၎င်းမြစ်သည် ကျွန်း၏မြောက်ဘက်တောင်တန်းများပေါ်တွင် မြစ်ဖျားခံပြီး တောင်တရုတ်ပင်လယ်အတွင်းသို့ စီးဝင်သည်။ အခြားထင်ရှားသောမြစ်များမှာ နယူးဂီနီကျွန်းပေါ်ရှိ စီပစ်မြစ် (Sepik River) နှင့် ဖလိုင်းမြစ် (Fly River)၊ ကာလီမန်တန် (ဘော်နီယိုကျွန်းတောင်ပိုင်း)ပေါ်ရှိ မဟာကမ်မြစ် (Mahakam River)၊ ဘာရီတိုမြစ် (Barito River) နှင့် စုမတ်တြားကျွန်းပေါ်ရှိ ဘာတန်ဟာရီမြစ် (Batang Hari River) တို့ဖြစ်သည်။

## ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာ

အင်ဒိုနီးရှားနိုင်ငံသည် အီကွေတာပတ်ဝန်းကျင်တွင်တည်ရှိသောကြောင့် တစ်နှစ်ပတ်လုံးအပူချိန်များပြီး မိုးများသော အပူပိုင်းစိုစွတ်ရာသီဥတုရရှိသည်။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်ပေါ်မူတည်၍ ရရှိသောအပူချိန်နှင့်မိုးရေချိန်တို့သည် နေရာအလိုက် ကွာခြားမှုရှိသည်။ အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မိုးပိုများသည်။

အပူချိန်နှင့် မိုးရေချိန်ပေါ်မူတည်၍ သဘာဝပေါက်ပင်အမျိုးအစား ကွဲပြားမှုရှိသည်။

အဋ္ဌမတန်း

အင်ဒိုနီးရှားနိုင်ငံ၏ မိုးများသောဒေသများတွင် အပူပိုင်းမိုးသစ်တောများ တွေ့ရသည်။ သစ်တော အများစုမှာ ရွှံ့ပြန့်အမြဲစိမ်းပင်များဖြစ်ပြီး စုမတ်တြား၊ ဘော်နီယို၊ စူလာဝေစီနှင့် နယူးဂီနီကျွန်း အနောက်ပိုင်းတို့တွင် တွေ့ရသည်။ ရေဝပ်သောနေရာများတွင် ရွှံ့ညွန်တောများ၊ ဒီရေရောက်သော ကမ်းရိုးတန်းနေရာများတွင် ဒီရေတောများနှင့် ဓနိတောများ တွေ့ရသည်။ တောင်မြင့်များပေါ်တွင် အယ်လ်ပိုင်နှင့်အယ်လ်ပိုင်ဆန်သောတောများကို တွေ့ရသည်။ ဆန်းဒါးကျွန်းငယ်များပေါ်တွင် မိုးရရှိမှု နည်းသောကြောင့် မြက်ခင်းများပေါက်ရောက်သည်။

ဂျာဗားကျွန်းရှိ မီးတောင်ပတ်ဝန်းကျင်နှင့် ၎င်းဒေသမှ စီးဆင်းလာသောမြစ်ချောင်းများ၏ အနည်ပို့ချသော လွင်ပြင်ဒေသများတွင် မီးတောင်ချော်မြေများတွေ့ရသည်။ မိုးများပြီး ရေဆင်းကောင်းသောဒေသများတွင် ဂဝံမြေများရှိသည်။

## လူဦးရေ၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက်လူဦးရေအများဆုံးနိုင်ငံ ဖြစ်သည်။ ၂၀၁၉ ခုနှစ် စာရင်းအရ လူဦးရေ ၂၇၀ သန်းကျော်ရှိသည်။ ဂျာဗားကျွန်းသည် လူနေအထူထပ်ဆုံး ဖြစ်၍ ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းကီလိုမီတာတွင် ၁၀၀၀ ယောက်ခန့် ရှိသည်။ စုမတ်တြားကျွန်းတွင် လူနေအသင့်အတင့်ထူထပ်ပြီး ကျန်ကျွန်းများတွင် လူနေကျဲပါးသည်။ လူဦးရေအများစုမှာမလေးလူမျိုးများဖြစ်သည်။တရုတ်လူမျိုးနှင့် အခြားလူမျိုး အနည်းငယ်ရှိသည်။ လူအများစုမှာ အစ္စလာမ်ဘာသာကိုကိုးကွယ်ကြပြီးဟိန္ဒူ၊ခရစ်ယာန်၊ဗုဒ္ဓဘာသာနှင့်နတ်ကိုးကွယ်မှု အနည်းငယ်ရှိသည်။

## စိုက်ပျိုးရေးလုပ်ငန်း

ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့တင်ပို့ရောင်းချရန် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော နိုင်ငံဖြစ်သည်။ မြေပြန့်ဒေသများတွင်သာမက တောင်စောင်းများတွင် လှေကားထစ်များ ပြုလုပ်၍ စိုက်ပျိုးသည်။ ဆီအုန်းနှင့် ရော်ဘာကို ပြည်ပသို့တင်ပို့ရန်အဓိကထားစိုက်ပျိုးသည်။ စပါး၊ ကြံ၊ ကော်ဖီ၊ လက်ဖက်၊ ဆေးရွက်ကြီး၊ ကိုကိုး၊ အုန်း၊ ပြောင်း၊ သစ်သီး စသည်တို့ကိုလည်း စိုက်ပျိုးသည်။ ရေသွင်းလုပ်ငန်းများတိုးချဲ့လာသဖြင့် ဆန်စပါးစိုက်ပျိုးရေးလည်း တိုးတက်လာသည်။

## သစ်တောလုပ်ငန်း

အင်ဒိုနီးရှားနိုင်ငံ၏ မိုးသစ်တောများသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး အပူပိုင်းမိုးသစ်တောဖြစ်သည်။အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောအများစုကို စုမတ်တြားကျွန်း၊ဘော်နီယိုကျွန်း တောင်ပိုင်းနှင့် နယူးဂီနီကျွန်း၏အနောက်ပိုင်းတို့တွင်တွေ့ရသည်။ အင်ဒိုနီးရှား၏သစ်တောများ ကို သစ်တောလုပ်ငန်းပေါ်မူတည်၍ အမျိုးအစား ၃ မျိုးခွဲနိုင်သည်။ ၎င်းတို့မှာ ထိန်းသိမ်းရေး

သစ်တော (Conservation Forest)၊ ကာကွယ်စောင့်ရှောက်ရေးသစ်တော (Protection Forest)၊ ထုတ်လုပ်ရေး သစ်တော (Production Forest) တို့ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသစ်တော ဧရိယာ၏ ထက်ဝက်ကျော်မှာ ထုတ်လုပ်ရေးသစ်တောဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းများ ပေါ်ရှိသစ်တောများတွင် တွားသွားသတ္တဝါများ၊ ကုန်းနေရေနေသတ္တဝါများနှင့် ငှက်မျိုးစိတ်များကို တွေ့ရပြီး ဆေးဖက်ဝင်အပင်များလည်း ပေါက်ရောက်သည်။ ၁၉၀၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ၏ သစ်တောဧရိယာသည် စုစုပေါင်းကုန်းမြေဧရိယာ၏ ၈၄ ရာခိုင်နှုန်းရှိခဲ့သည်။ သစ်ပင်များကို လောင်စာအဖြစ်လည်းကောင်း၊ စားကျက်မြေအဖြစ်နှင့် စိုက်ပျိုးမြေအဖြစ် သစ်တောများကိုခုတ်ထွင် ခြင်းကြောင့်လည်းကောင်း၊ စီးပွားဖြစ် ခြံကျယ်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကြောင့် လည်းကောင်း သစ်တောများ ပြုန်းတီးခဲ့သည်။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ၏ သစ်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာ ခြင်းနှင့် အတူ စီးပွားရေးအကျိုးအမြတ်အတွက် တန်ဖိုးရှိသော သစ်တောသယံဇာတများကို ထုတ် လုပ် အသုံးပြုခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် နဝမမြောက် သစ်ပျော့ဖတ်အများဆုံး ထုတ်လုပ်သောနိုင်ငံ ဖြစ်သည်။ စက္ကူထုတ်လုပ်မှုတွင် အဆင့် ၁၁ ရှိသည်။ ထိုကဲ့သို့ စီးပွားဖြစ် သစ်ထုတ်လုပ်မှုများကြောင့် သစ်တောများပျက်စီးခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောဧရိယာ ၂၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့သည်။ ဘော်နီယိုကျွန်းပေါ်ရှိ သဘာဝအလျောက် ပေါက်ရောက်နေသော သစ်မာပင်တစ်မျိုးဖြစ်သည့် ရာမင် (Ramin) ကိုပရိဘောဂပြုလုပ်၍ ဥရောပ နိုင်ငံများသို့ တင်ပို့ရောင်းချခြင်းကြောင့် မျိုးတုံးလုနီးပါး ရှိခဲ့သည်။



**ပုံ(၄.၂) အင်ဒိုနီးရှားနိုင်ငံကာလီမန်တန်(ဘော်နီယို)ကျွန်းပေါ်ရှိ သဘာဝအပူပိုင်းမိုးသစ်တောများပြုန်းတီးလာမှုပြပုံ**

အဋ္ဌမတန်း

ထုတ်လုပ်သောနိုင်ငံဖြစ်သဖြင့်

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာတွင်ဆီအုန်းအများဆုံး လည်း သစ်တောပြုန်းတီးမှု ဖြစ်ပေါ်စေ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ ချဲ့ထွင်လာခြင်းကြောင့်လည်း သစ်တောအတွင်းနေရာပေါင်းများစွာမီးရှို့ရှင်းလင်းမှု သည်။ ၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏မိုးသစ်တောအတွင်း ဖြစ်ပေါ်ခဲ့သည်။ လူဦးရေတိုးလာခြင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုး ကြောင့် လေထုညစ်ညမ်းမှု အန္တရာယ်ဖြစ်ပေါ်ခဲ့သည်။ အပူပိုင်းမိုးသစ်တောကြီးများအတွင်း ဂေဟစနစ် လာခြင်း၊ တောမီးလောင်ကျွမ်းခြင်းများကြောင့် ဖြစ်ပေါ်လျက်ရှိသည်။ များပျက်စီး၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောပြုန်းတီးမှုနှုန်းမှာ နှစ်စဉ်ဟက်တာ ၇၀၀၀၀၀ ခန့်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အပူပိုင်းမိုးသစ်တောများဖြစ်ပြီးလျှင် အပင်မျိုးစိတ်များ၊ သတ္တဝါ နိုင်ငံ၏သစ်တောအများစုမှာ မျိုးစိတ်များ ပေါကြွယ်ဝစွာရှိသော သစ်တောများဖြစ်သည်။ အင်ဒိုနီးရှားရှိသစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းမှာ အရေးပါသဖြင့် အစိုးရသည် သစ်တောပြုစုပျိုးထောင်ခြင်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

သစ်တောပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ရေဝေ၊ ရေလဲဧရိယာများ ပြန်လည် ပြုစုပျိုးထောင်ခြင်း၊ တောမီးလောင်ခြင်းများကို ကာကွယ်ထိန်းချုပ်ခြင်း၊ ဇီဝမျိုးကွဲများ စုံလင်မှုကို ထိန်းသိမ်းခြင်း၊ သစ်တောအသုံးပြုခြင်းနှင့် သစ်ထုတ်လုပ်ငန်းများကို ပြန်လည်ကြီးကြပ်ခြင်း၊ လူ နေထိုင်မှုများပြားရာအရပ်ဒေသများအနီးတွင်ဒေသသုံးသစ်တောများကိုစိုက်ပျိုးရန်အားပေးကူညီ ခြင်း စသည်ဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## တွင်းထွက်နှင့် စက်မှုလုပ်ငန်း

အင်ဒိုနီးရှားနိုင်ငံသည် တွင်းထွက်သယံဇာတ ကြွယ်ဝသောနိုင်ငံ ဖြစ်သည်။ ရေနံ၊ သဘာဝ ဓာတ်ငွေ့၊ ရွှေ၊ ကျောက်မီးသွေး၊ ခဲမဖြူ၊ ငွေ၊ ကြေးနီ၊ ဘောက်ဆိုဒ်၊ သွပ်၊ နီကယ်နှင့် သံရိုင်းအစ ရှိသည့် သတ္တုသိုက်များကြွယ်ဝသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို စုမတ်တြား၊ ကာလီမန်တန် (ဘော်နီယိုကျွန်းတောင်ပိုင်း)၊ ဂျာဗားနှင့် တောင်တရုတ်ပင်လယ်ကမ်းလွန်ကျွန်းများတွင် တွေ့ရ သည်။

အင်ဒိုနီးရှားသည် ကမ္ဘာပေါ်တွင် ခဲမဖြူအများဆုံးထုတ်လုပ်သည့် နိုင်ငံများအနက် တစ်နိုင်ငံ အပါအဝင် ဖြစ်သည်။ ခဲမဖြူကို ဘန်ကာ (Bangka)၊ ဆင်းကက် (Singkep) နှင့် ဘယ်လီတုန်း (Belitung)၊ ကာလီမန်တန် (ဘော်နီယိုကျွန်းတောင်ပိုင်း) အနောက်တောင်ဘက် ကမ်းခြေတစ်လျှောက် တွေ့ရသည်။ ဘောက်ဆိုက်ကို ရိုင်အောကျွန်းများ (Riau Islands)နှင့် ကာလီမန်တန်ကျွန်း အနောက်ပိုင်းတွင် တွေ့ရသည်။ နီကယ်ကို စယ်လဘီး (Celebes)၊ ဟာမာ ဟီရာ(Halmahera)၊မိုလာကပ်စ်ကျွန်းနှင့်နယူးဂီနီကျွန်းအနောက်ပိုင်းတို့တွင်တွေ့ရသည်။မန်ဂနိ

ကို ဂျာဗားကျွန်း အလယ်ပိုင်း၊ စုမတ်တြား၊ ကာလီမန်တန်၊ စယ်လဘီးနှင့် တီမောတို့တွင်လည်းကောင်း၊ ကြေးနီကိုနယူးဂီနီကျွန်းအနောက်ပိုင်းတွင်လည်းကောင်းတွေ့ရသည်။ ရွှေကိုအဓိကအားဖြင့် နယူးဂီနီကျွန်း အနောက်ပိုင်းတွင် တွေ့ရသည်။

ဆန်စက်၊ သကြားစက်၊ ဆီစက်၊ သစ်ခွဲစက်၊ ရေနံချက်စက်နှင့်စက္ကူစက်၊ ပါတိတ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ မော်တော်ယာဉ်တပ်ဆင်ရေးလုပ်ငန်း၊ တာယာလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများရှိသည်။ စက်မှုလုပ်ငန်းအများစုကို ဂျာဗားကျွန်း၊ စုမတ်တြားကျွန်းနှင့်ကာလီမန်တန်အရှေ့ပိုင်းတို့တွင် တွေ့ရသည်။

## ပို့ဆောင်ဆက်သွယ်ရေးနှင့် မြို့ကြီးများ

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းစုနိုင်ငံဖြစ်သောကြောင့် ရေကြောင်းခရီးဆက်သွယ်မှုမှာ များစွာအရေးပါသည်။ ဂျာဗားကျွန်းနှင့်စုမတ်တြားကျွန်းပေါ်တွင်ရထားလမ်းများရှိသည်။ ကျွန်းများအကြားနှင့် အခြားနိုင်ငံများသို့ ရေကြောင်းလမ်း၊ လေကြောင်းလမ်းများဖြင့် ဆက်သွယ်သွားလာနိုင်သည်။ ဂျကာတာမြို့ (Jakarta)ရှိ ဆိုကာနိုဟာတာ (Soekano-Hatta) လေဆိပ်သည် နိုင်ငံ၏ အဓိက အပြည်ပြည်ဆိုင်ရာလေဆိပ် ဖြစ်သည်။




ပုံ(၄.၃) အင်ဒိုနီးရှားနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးပြပုံ

ဂျာဗားကျွန်း၏ အရှေ့-အနောက်ဖြတ်သန်းသွားသော ဂျာဗားအဝေးပြေးကွန်ရက် (Trans-Java Toll Road Network) သည် အရှည် ၁၁၆၇ ကီလိုမီတာ (၇၂၅ မိုင်) ခန့်ရှိပြီး ဂျကာတာမြို့နှင့် စူရာဘာယာ (Surabaya) မြို့များအပါအဝင် ကျန်မြို့ကြီးများအားလုံးနီးပါးကို ဆက်သွယ်ပေးထားသည်။ စုမတ်တြာအဝေးပြေးလမ်း (Trans- Sumatra High Way) သည် ကျွန်း၏ တောင်-မြောက်လမ်းမကြီး ဖြစ်သည်။ ထိုလမ်းသည် ၂၅၀၈.၅ ကီလိုမီတာရှည်သည်။

## မြို့ကြီးများ

### ဂျကာတာမြို့ (Jakarta)

ဂျကာတာမြို့သည် ဂျာဗားကျွန်းအနောက်မြောက်ကမ်းရိုးတန်းပေါ်၌ရှိပြီး နိုင်ငံ၏မြို့တော်ဖြစ်သည်။ အဓိက သင်္ဘောဆိပ်မြို့လည်း ဖြစ်သည်။

### စူရာဘာယာမြို့ (Surabaya)

စူရာဘာယာမြို့သည် ဂျာဗားကျွန်းအရှေ့ပိုင်း၏ သင်္ဘောဆိပ်မြို့ဖြစ်သည်။

### ဘန်ဒေါင်းမြို့ (Bandung)

ဘန်ဒေါင်းမြို့သည် ဂျာဗားကျွန်း အနောက်ပိုင်းရှိ တောင်ပေါ်မြို့ဖြစ်သည်။

### မယ်ဒွန်မြို့ (Medan)

မယ်ဒွန်မြို့သည် စုမတ်တြာကျွန်းမြောက်ပိုင်းတွင်ရှိပြီး အရေးပါသောသင်္ဘောဆိပ်မြို့ဖြစ်သည်။

အခြားထင်ရှားသောမြို့များမှာ စီမာရန် (Semarang)၊ ဘီကာစီ (Bekasi)၊ ဒယ်ပေါ့ခ် (Depok)၊ ပါလန်ဘန် (Palembang) တို့ဖြစ်သည်။

**အဓိကအချက်များ**

- အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအဖွဲ့တွင်ပါဝင်သော ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သည်။
- အင်ဒိုနီးရှားနိုင်ငံသည် ကုန်းမြေဧရိယာ စတုရန်းကီလိုမီတာပေါင်း ၁. ၉ သန်းကျော် ကျယ်ဝန်းပြီး ကမ္ဘာ့အကြီးဆုံး ကျွန်းစုနိုင်ငံဖြစ်ကာ ကျွန်းပေါင်း ၃၀၀၀ ကျော်ပါဝင်သည်။
- အင်ဒိုနီးရှားနိုင်ငံရှိ သက်နုတွန့်ခေါက်တောင်တန်းများတစ်လျှောက်တွင် မီးတောင်များရှိပြီး မီးတောင်ရှင်ပေါင်း ၆၀ ခန့်ရှိသည်။
- အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်ပတ်လုံး မိုးများသော အပူပိုင်းစိုစွတ်ရာသီဥတု ရရှိသည်။
- ကမ္ဘာပေါ်တွင် စတုတ္ထမြောက်လူဦးရေအများဆုံးနိုင်ငံ ဖြစ်သည်။
- စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောနိုင်ငံ ဖြစ်သည်။
- အင်ဒိုနီးရှားနိုင်ငံ၏ မိုးသစ်တောများသည် ကမ္ဘာပေါ်တွင် ဧရိယာအားဖြင့် တတိယ အကြီးဆုံး အပူပိုင်းမိုးသစ်တောတစ်ခုအဖြစ်ပါဝင်သည်။
- အင်ဒိုနီးရှားနိုင်ငံသည် တွင်းထွက်သယံဇာတ ကြွယ်ဝသောနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် ခဲမဖြူအများဆုံးထုတ်လုပ်သည့် နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင် ဖြစ်သည်။
- ဂျကာတာမြို့သည် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်နှင့် အဓိကသင်္ဘောဆိပ်မြို့ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ အင်ဒိုနီးရှားနိုင်ငံနှင့် ထိစပ်နေသော ပင်လယ်နှင့် သမုဒ္ဒရာများကို အရပ်မျက်နှာ အလိုက် ရှင်းလင်းဖော်ပြပါ။

၂။ အင်ဒိုနီးရှားနိုင်ငံ၏ ရာသီဥတုအမျိုးအစားကိုဖော်ပြ၍ ပေါက်ရောက်သော သဘာဝ ပေါက်ပင်အမျိုးအစားများကို ဖော်ပြပါ။

၃။ အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောလုပ်ငန်းအကြောင်းကိုရေးပါ။

၄။ အင်ဒိုနီးရှားနိုင်ငံ၏ တွင်းထွက်သယံဇာတပစ္စည်းများနှင့် ယင်းတို့ထွက်ရှိရာဒေသ များကို ဖော်ပြပါ။

## ၄.၂ စင်ကာပူသမ္မတနိုင်ငံ (The Republic of Singapore)

**သင်ခန်းစာမိတ်ဆက်**

- စင်ကာပူနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အရွယ်ပမာဏ အငယ်ဆုံးနိုင်ငံဖြစ်၍ မြို့ကြီးတစ်မြို့သာဖြစ်သော မြို့ပြနိုင်ငံ (City State) ဖြစ်သည်။ သဘာဝအရင်းအမြစ် မကြွယ်ဝသော်လည်း အာဆီယံဒေသတွင် တည်နေရာအရအရေးပါမှုနှင့် သဘာဝဆိပ်ကမ်းကောင်းဖြစ်ခြင်းကြောင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အဓိက လေ့လာနိုင်မည် ဖြစ်သည်။

**တည်နေရာနှင့် အကျယ်အဝန်း**

စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှရှိ ကျွန်းနိုင်ငံတစ်ခုဖြစ်ပြီး စင်ကာပူကျွန်းနှင့် ကျွန်းငယ်ပေါင်း ၆၀ ခန့်ရှိသည်။ အာဆီယံနိုင်ငံများတွင် အရွယ်ပမာဏ အသေးငယ်ဆုံးနိုင်ငံဖြစ်သည်။ အီကွေတာ၏မြောက်ဘက် ၁၃၇ ကီလိုမီတာ အကွာတွင်ရှိသည်။




ပုံ(၄.၄) စင်ကာပူနိုင်ငံ၏တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

စင်ကာပူနိုင်ငံသည် မြောက်လတ္တီကျူ ၁ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၁၀၃ဒီဂရီ ဆုံရာ၌ တည်ရှိသည်။ ဧရိယာစတုရန်းကီလိုမီတာ ၇၂၄ ကျယ်ဝန်းသည်။ ကမ်းရိုးတန်းအရှည် ၁၉၃ ကီလိုမီတာ ရှိသည်။ အဝေးဆုံးကျွန်းမှာ ပက်ဒရာဘရန်ကာ (Pedra Branca) ကျွန်း ဖြစ်သည်။ ဂျူရောင်း (Jurong) ကျွန်း၊ ပူလာတကွန် (Pulau Tekong)ကျွန်း၊ ပူလာအူဘင် (Pulau Ubin)ကျွန်း၊ ဆန်တိုစာ (Santosa) ကျွန်းများသည် ကျွန်းကြီးများဖြစ်သည်။ ကျွန်းနိုင်ငံဖြစ်၍ ကုန်းမြေ နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံမရှိသော်လည်း ဂျိုဟိုးရေလက်ကြားခြား၍ မလေးရှားနိုင်ငံ၏ မလေးကျွန်းဆွယ်ပိုင်းနှင့်လည်းကောင်း၊ စင်ကာပူရေလက်ကြားခြား၍ အင်ဒိုနီးရှားနိုင်ငံ စုမတ်ကြားကျွန်းနှင့်လည်းကောင်း နီးကပ်စွာတည်ရှိသည်။

## မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း

စင်ကာပူနိုင်ငံသည် မြေမျက်နှာသွင်ပြင်အနေအထားအားဖြင့် အလယ်ပိုင်းတောင်ကုန်းဒေသ (Central Hill Region)၊ အနောက်ဘက်တောင်ကုန်းနှင့်ချိုင့်ဝှမ်းဒေသ (Western Hill and Valley Region)၊ အရှေ့ဘက်မြေပြန့်ဒေသ(Eastern Flat Region) ဟူ၍ အပိုင်း ၃ပိုင်းရှိသည်။ စင်ကာပူနိုင်ငံ၏ကုန်းမြေအမြင့်ဧရိယာအများစုသည် ပင်လယ်ရေမျက်နှာပြင် အထက် ၅ မီတာထက် မပိုပေ။ အမြင့်ဆုံးနေရာမှာ ဘူကစ်တီမတောင်ကုန်း (Bukit Timah Hill)ဖြစ်ပြီး ၁၆၅ မီတာသာ မြင့်သည်။

အဓိကစီးဆင်းသောမြစ်များမှာ ဆွန်ဂီဆီလက်တာ (Sungei Seletar) နှင့် ဆွန်ဂီကဲလန် (Sungei Kollang) မြစ်များဖြစ်သည်။ ၎င်းတို့သည် အလယ်ပိုင်းတောင်ကုန်းဒေသမှ စီးဆင်းကြသော မြစ်များဖြစ်သည်။

## ရာသီဥတုနှင့် သဘာဝပေါက်ပင်

အီကွေတာနှင့်အလွန်နီးကပ်စွာတည်ရှိသောကြောင့် အီကွေတာရာသီဥတု ရရှိသည်။ တစ်နှစ်ပတ်လုံး အပူချိန်မြင့်မား၍ မိုးရွာသွန်းသည်။ အများအားဖြင့် ပြန်ကျမိုး (Convectional Rain) များရွာသွန်းသည်။ အပူပိုင်းအမြဲစိမ်းတောများပေါက်ရောက်၍ မြောက်နှင့်အရှေ့မြောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင် စိမ့်တောများရှိသည်။

## လူဦးရေ၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

၂၀၁၉ ခုနှစ် စာရင်းအရ စင်ကာပူနိုင်ငံ၏လူဦးရေမှာ ၆ သန်းနီးပါးရှိသည်။ ကျွန်း၏အနောက်မြောက်ပိုင်းဒေသရှိစီလက်တာ(Seletar)တွင် လူနေအထူထပ်ဆုံးဖြစ်၍ ကမ်းရိုးတန်းနှင့် အခြားကျွန်းငယ်များပေါ်တွင် လူနေကျဲပါးသည်။ တရုတ်၊ မလေး၊ အိန္ဒိယနှင့် ပါကစ္စတန်လူမျိုးများ နေထိုင်သည်။ ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်ပြီး အစ္စလာမ်၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာကိုးကွယ်မှု

အငှမတန်း

များလည်း ရှိသည်။

**စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း**

စင်ကာပူနိုင်ငံသည်သေးငယ်သောကျွန်းနိုင်ငံဖြစ်၍စက်မှုလုပ်ငန်း၊ကုန်သွယ်ရေးလုပ်ငန်း

စင်ကာပူနိုင်ငံသည်သေးငယ်သောကျွန်းနိုင်ငံဖြစ်၍ စက်မှုလုပ်ငန်း ကုန်သွယ်ရေးလုပ်ငန်း

တို့နှင့် နှိုင်းစာလျှင် စိုက်ပျိုးရေးလုပ်ငန်းသည် အရေးမပါလှပေ။ မြို့ပြနိုင်ငံဖြစ်၍ နိုင်ငံဧရိယာ၏ စိုက်ပျိုးမြေမှာ ၁.၆ ရာခိုင်နှုန်း ခန့်သာရှိပြီး အစားအစာအတွက်ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိ၍ မလေးရှားနှင့် အခြားနိုင်ငံများမှ တင်သွင်းရသည်။ အလယ်ပိုင်းတောင်ကုန်းဒေသများတွင် ရော်ဘာ အဓိကထားစိုက်၍ အရှေ့မြောက်နှင့် အနောက်မြောက်ကမ်းခြေဒေသများတွင် အုန်းစိုက်ပျိုး ကြသည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဈေးကွက်ဝင်ဥယျာဉ်စိုက်ပျိုးရေး လုပ်ငန်းအနေဖြင့် လုပ်ကိုင်သည်။

တောင်တရုတ်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင်မူ ရေလုပ်ငန်းကို လုပ်ကိုင်ကြသည်။

**စက်မှုလုပ်ငန်း**

၁၉၆၀ ပြည့်နှစ် အစောပိုင်းမှစ၍ စင်ကာပူနိုင်ငံ၏စီးပွားရေးသည် ကုန်စည်ဖလှယ်သည့် လုပ်ငန်းကိုသာမက စက်မှုလုပ်ငန်းများကိုလည်း တိုးချဲ့တည်ထောင်ခဲ့သည်။ အပေါ့စားစက်မှုလုပ်ငန်းအပြင် အကြီးစားစက်မှုလုပ်ငန်းများ တိုးချဲ့တည်ဆောက်ခဲ့သည်။ ဂျူရောင်း (Jurong) စက်မှုလုပ်ငန်းအပါအဝင်စက်မှုရပ်ဝန်း၆ခုရှိသည်။ သဘာဝအရင်းအမြစ်ကြွယ်ဝမှုမရှိသော်လည်း ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်းများအပေါ် အခြေခံ၍ စက်မှုကုန်ချောပစ္စည်းများ ထုတ်လုပ်သည်။ ထို့ပြင် အဆင့်မြင့်နည်းပညာသုံး အီလက်ထရောနစ်ပစ္စည်းများကိုလည်း ထုတ်လုပ်သည်။ စင်ကာပူနိုင်ငံသည် စက်မှုလုပ်ငန်းမျိုးစုံ လုပ်ကိုင်ခြင်းကြောင့် စက်မှုလုပ်ငန်းကဏ္ဍ လျင်မြန်စွာ တိုးတက်လျက်ရှိသည်။

**ကုန်သွယ်ရေး**

စင်ကာပူနိုင်ငံအနေဖြင့် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကိုဆက်သွယ်ပေးသည့် မလက္ကာရေလက်ကြားထိပ်တွင်တည်ရှိခြင်း၊ အင်္ဂလန်မှအိန္ဒိယနိုင်ငံချင်နိုင်းကိုဖြတ်၍ ဩစတြေးလျသို့ ပျံသန်းသောလေယာဉ်များ လေယာဉ်ဆီဖြည့်တင်းနိုင်ခြင်း၊ ရေနက်ဆိပ်ကမ်းကောင်းရှိခြင်းစသည့် အချက်များသည် စင်ကာပူကို စီးပွားရေး၊ ကုန်သွယ်ရေး ဗဟိုအချက်အချာကျသော နိုင်ငံတစ်ခုဖြစ်ရန် ပံ့ပိုးပေးသောတည်နေရာဆိုင်ရာ အားသာချက်များဖြစ်စေသည်။ အရှေ့တောင်အာရှတွင် တည်နေရာ၏အားသာမှုနှင့် သဘာဝဆိပ်ကမ်းကောင်းရှိခြင်းကြောင့် စင်ကာပူနိုင်ငံ၏ ကုန်သွယ်ရေးလုပ်ငန်းသည် အရေးပါသည်။ စင်ကာပူနိုင်ငံ၏ လွတ်လပ်စွာကုန်သွယ်မှုမူဝါဒ (Free Trade and Free Port Policy)ကြောင့် အရှေ့အလယ်ပိုင်းဒေသနှင့် အိမ်နီးချင်းနိုင်ငံများမှ

ရေနံစိမ်းနှင့် ဓာတ်ငွေ့များတင်သွင်းပြီး သဘာဝဓာတ်ငွေ့ရည်နှင့် ရေနံထွက်ပစ္စည်းများထုတ်လုပ်၍ ဂျပန်နှင့် အခြားနိုင်ငံများသို့တင်ပို့သည်။ ထို့ပြင် ရော်ဘာလုပ်ငန်း၊ ဓာတုထွက်ကုန်လုပ်ငန်း၊ သိပ္ပံပစ္စည်းကိရိယာလုပ်ငန်း၊ စက္ကူနှင့်ပုံနှိပ်လုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများမှ ထုတ်ကုန်များကိုလည်း အာဆီယံဒေသရှိ နိုင်ငံများနှင့်အခြားနိုင်ငံများသို့တင်ပို့သည်။ အာဆီယံဒေသရှိနိုင်ငံများသည် စင်ကာပူနိုင်ငံနှင့် အများဆုံးကုန်သွယ်မှုပြုလုပ်သော နိုင်ငံများဖြစ်ပြီး အမေရိကန် ပြည်ထောင်စု၊ ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သည်လည်း စင်ကာပူနိုင်ငံ၏ အရေးပါသော ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည်။

## ပို့ဆောင်ဆက်သွယ်ရေး




**ပုံ(၄.၅) စင်ကာပူနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးပြပုံ**

စင်ကာပူနိုင်ငံသည် ပြည်တွင်း၊ ပြည်ပ ပို့ဆောင်ဆက်သွယ်ရေးဖွံ့ဖြိုးသော နိုင်ငံဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ဆိပ်ကမ်းလုပ်ငန်းသည် နိုင်ငံ၏အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်းအတွက် ဆိပ်ကမ်းများ ပြည့်စုံစွာတည်ရှိပြီး ၂၀၁၅ ခုနှစ်ကတည်းကပင် ကမ္ဘာ့ထိပ်တန်းပင်လယ်ဆိပ်ကမ်းမြို့တော်တစ်ခုဖြစ်ခဲ့သည်။ လက်ရှိတွင် စင်ကာပူနိုင်ငံသည် ကမ္ဘာတွင် သင်္ဘောဆိုက်ကပ်မှု တန်ချိန်စုစုပေါင်း ဒုတိယအများဆုံးဆိပ်ကမ်းဖြစ်သည်။

ကွန်တိန်နာ အတင်အချပြုလုပ်သော ကမ္ဘာ့ပဋ္ဌမမြောက်ဆိပ်ကမ်းဖြစ်သည်။ ကမ္ဘာ့ရေနံစိမ်း ကုန်သွယ်မှု ပမာဏထက်ဝက်ခန့်သည် စင်ကာပူနိုင်ငံကို ဖြတ်သန်း၍တင်ပို့မှုပြုကြရသည်။

ထို့ပြင်စင်ကာပူနိုင်ငံသည်ကမ္ဘာ့ကုန်သွယ်မှုတွင်ကုန်ပစ္စည်းရွှေ့ပြောင်းတင်ချမှုအများဆုံး ပြုလုပ်ရသောနိုင်ငံဖြစ်ပြီး အာရှဒေသ၏ ဒုတိယအကြီးဆုံးဆိပ်ကမ်းလည်းဖြစ်သည်။ စင်ကာပူ နိုင်ငံ၏ သဘာဝရေနက်ဆိပ်ကမ်းသည် တစ်နှစ်လုံးအသုံးပြုနိုင်ပြီး နိုင်ငံပေါင်း ၁၂၀ ကျော်ရှိ ဆိပ်ကမ်းပေါင်း ၆၀၀ ခန့်နှင့် ချိတ်ဆက်ထားသည်။ နှစ်စဉ်ပျမ်းမျှ သင်္ဘော ၁၀၀၀၀၀ ကျော် စင်ကာပူဆိပ်ကမ်းသို့ ဆိုက်ကပ်ကြသည်။ စင်ကာပူနိုင်ငံမှ အနီးပတ်ဝန်းကျင်ရှိ ကျွန်းနိုင်ငံများ ဖြစ်ကြသော အင်ဒိုနီးရှား၊ မလေးရှားကျွန်းစုပိုင်းနှင့် မလေးကျွန်းဆွယ်ရှိ မြို့များသို့ ကုန်းလမ်း၊ ရေလမ်းခရီးဖြင့် ဆက်သွယ် သွားလာနိုင်သော ကူးတို့လုပ်ငန်းရှိသည်။

စင်ကာပူနိုင်ငံသည် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိ သည်။ ရထားလမ်းများ၊ အများပြည်သူသုံး ဘတ်စကားများနှင့် ယာဉ်လမ်းကြောင်းများကို တိုးချဲ့ပေးပြီး အိမ်သုံးကားများအပေါ် မှီခိုသွားလာမှု လျော့ကျအောင် ဆောင်ရွက်လျက်ရှိသည်။ ဘတ်စကားဂိတ်များ၊ ဘူတာရုံများသို့ သွားလာရေးလွယ်ကူအောင် လျှောက်လမ်းများကိုလည်း တိုးချဲ့တည်ဆောက်ထား ပြီး အရှည်ကီလိုမီတာ ၂၀၀ ခန့်ရှိသည်။

၂၀၁၉ ခုနှစ် စာရင်းအရ စင်ကာပူ၏ ရထားလမ်းကွန်ရက်အရှည် ၂၃၀ ကီလိုမီတာ ရှိသည်။ နိုင်ငံအနောက်ဘက်ရှိ ဂျူရောင်းစက်မှုရပ်ဝန်းမှ အခြားစက်မှုရပ်ဝန်းများသို့ ဆက်သွယ် ထားသော ရထားလမ်း ၂ခုရှိသည်။ မြောက်ဘက်တွင် မလေးရှားနိုင်ငံနှင့် ဆက်သွယ်ထားသော ရထားလမ်းများ လည်း ရှိသည်။

စင်ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်သော ချန်ဂီလေဆိပ်သည် ကမ္ဘာ့ ဝန်ဆောင်မှုအကောင်းဆုံးနှင့် လေယာဉ်ဆိုက်ရောက်မှု အများဆုံး လေဆိပ်တစ်ခုဖြစ်သည်။ နှစ်စဉ် ခရီးသည် ပေါင်း ၆၈ သန်းကျော် ဖြတ်သန်းသွားလာမှုရှိပြီး ကုန်ပစ္စည်းတင်လေယာဉ်များမှ ကုန်ပစ္စည်းတန်ချိန် ၂ သန်းခန့် သယ်ယူပို့ဆောင်မှုရှိသည်။ ကမ္ဘာပေါ်ရှိ လေကြောင်းလိုင်းပေါင်း မြောက်မြားစွာ ဝင်ရောက်ဆိုက်ကပ် ရပ်နားပြီး နှစ်စဉ် လေယာဉ်စင်းရေ ၃ သိန်းခန့် အဝင် အထွက်ရှိသည်။

**အဓိကအချက်များ**

- စင်ကာပူနိုင်ငံသည် အာဆီယံနိုင်ငံများတွင်အရွယ်ပမာဏအသေးငယ်ဆုံးနိုင်ငံဖြစ်သည်။
- စင်ကာပူနိုင်ငံ၏ အမြင့်ဆုံးနေရာမှာ ဘူကစ်တီမတောင်ကုန်း (Bukit Timah Hill) ဖြစ်ပြီး ၁၆၅ မီတာမြင့်သည်။
- စင်ကာပူနိုင်ငံသည် အီကွေတာရာသီဥတု ရရှိသဖြင့် တစ်နှစ်ပတ်လုံး အပူချိန်မြင့်မား၍ အများအားဖြင့် ပြန်ကျမိုးများ ရွာသွန်းသည်။
- ၂၀၁၉ ခုနှစ် စာရင်းအရ လူဦးရေ ၆ သန်းနီးပါး ရှိသည်။
- ဆိပ်ကမ်းကောင်းများရှိခြင်းကြောင့် ကုန်သွယ်ရေးလုပ်ငန်း အရေးပါသည်။
- စင်ကာပူဆိပ်ကမ်းသည် အာရှဒေသ၏ ဒုတိယအကြီးဆုံးဆိပ်ကမ်းဖြစ်သည်။
- ချန်ဂီလေဆိပ်သည် အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်ပြီး ကမ္ဘာ့ဝန်ဆောင်မှု အကောင်းဆုံးနှင့် လေယာဉ်ဆိုက်ရောက်မှုအများဆုံးလေဆိပ်တစ်ခု ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ စင်ကာပူနိုင်ငံ၏ တည်နေရာသည်ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးစေရန်အတွက် မည်သို့အရေးပါကြောင်း ရှင်းပြပါ။

၂။ စင်ကာပူနိုင်ငံ၏ စက်မှုလုပ်ငန်းများကို ဖော်ပြပါ။

၃။ စင်ကာပူနိုင်ငံ၏ ပြည်တွင်း၊ ပြည်ပ ပို့ဆောင်ဆက်သွယ်ရေးအကြောင်းကို ဖော်ပြပါ။

## ၄.၃ ဘရူနိုင်းနိုင်ငံ (Negara Brunei Darussalam)

**သင်ခန်းစာမိတ်ဆက်**

ဘရူနိုင်းနိုင်ငံသည် ဘော်နီယိုကျွန်း၏မြောက်ဘက်ရှိကျွန်းနိုင်ငံဖြစ်၍ မြောက်ဘက်တွင် တောင်တရုတ်ပင်လယ်နှင့် ဘရူနိုင်းပင်လယ်အော်တို့ကို မျက်နှာမူလျက်ရှိသည်။ တောင်ဘက်အတွင်းပိုင်းတွင်တောင်ထူထပ်သော်လည်းမြောက်ဘက်ကမ်းခြေပိုင်းတွင်မြစ်များမှပို့ချထားသောအနည်များဖြင့် တည်ဆောက်ထားသော ကမ်းခြေလွင်ပြင်ရှိသည်။

## တည်နေရာ၊ အကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်




ပုံ(၄.၆) ဘရူနိုင်းနိုင်ငံ၏တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းပြပုံ

ဘရူနိုင်းနိုင်ငံသည် တောင်တရုတ်ပင်လယ်ကိုမျက်နှာမူလျက် ဘော်နီယိုကျွန်းအနောက်မြောက်ကမ်းခြေပေါ်၌တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြောက်လတ္တီကျူ ၄ ဒီဂရီနှင့် ၅ ဒီဂရီ ၃ မိနစ်အကြား၊ အရှေ့လောင်ဂျီကျူ ၁၁၄ ဒီဂရီနှင့် ၁၁၅ ဒီဂရီ ၂၅ မိနစ်အကြားတွင် တည်ရှိသည်။

ပြည်နယ်လေးခုရှိ၍ နိုင်ငံ၏ဧရိယာမှာ ၅၇၇၆ စတုရန်းကီလိုမီတာ ဖြစ်သည်။ အနောက်ဘက်ပိုင်းမှာ ပိုမိုကျယ်ဝန်းပြီးလျှင် ပိုမိုဖွံ့ဖြိုးသည်။ ဘရူနိုင်းနိုင်ငံ၏ အရှေ့တောင်နှင့် အနောက်ဘက်တွင် မလေးရှားနိုင်ငံ၏ ဆာရာဝတ်ပြည်နယ်နှင့် ထိစပ်နေပြီး မြောက်ဘက်တွင် တောင်တရုတ်ပင်လယ်၊ ဘရူနိုင်းပင်လယ်အော်တို့နှင့် ထိစပ်နေသည်။

ဘရူနိုင်းနိုင်ငံ၏ တောင်ဘက်အတွင်းပိုင်းသည် တောင်ထူထပ်သော်လည်း မြောက်ဘက်ကမ်းခြေပိုင်းသည် မြစ်များမှ ပို့ချထားသော အနည်များဖြင့် တည်ဆောက်ထား၍ ညီညာသည်။ ကမ်းခြေလွင်ပြင်အနောက်ဘက်တွင် တောင်ထူထပ်သောဒေသရှိသည်။ တောင်တန်းများ၏ ပျမ်းမျှအမြင့်မှာ မီတာ ၉၀၀ ကျော်ဖြစ်သည်။ ထင်ရှားသောမြစ်များမှာ ဘယ်လိတ် (Belait)၊ ကျူတုန် (Tutong) နှင့် တမ်ဘူရွန် (Temburong) တို့ဖြစ်သည်။

## ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာ

ဘရူနိုင်းနိုင်ငံသည် တည်နေရာအရ အပူပိုင်းအီကွေတာရာသီဥတုရရှိ၍ တစ်နှစ်ပတ်လုံး ပူနွေးစိုစွတ်သည်။ ကုန်းမြင့်ပိုင်းများတွင် အပူလျော့ပိုင်းစိုစွတ်ရာသီဥတုရရှိသည်။ အရှေ့မြောက်မုတ်သုံရာသီဥတု ရရှိချိန်တွင် မိုးကောင်းစွာရရှိသည်။

တောင်ပေါ်ဒေသများတွင် အပူပိုင်းအမြဲစိမ်းသစ်တောများ ပေါက်ရောက်သည်။ ကမ်းရိုးတန်းတစ်လျှောက် အချို့နေရာများနှင့် မြစ်ချောင်းများတစ်လျှောက်တွင် ဒီရောက်တောများ ပေါက်ရောက်သည်။ ဘရူနိုင်းနိုင်ငံ၏ မြေဆီလွှာသည် ရာသီဥတုတိုက်စားခြင်း၊ စိမ့်စားခံရမှုများခြင်းတို့ကြောင့် အများအားဖြင့် မြေဩဇာ မကောင်းချေ။ နုန်းမြေကြွယ်ဝသော မြစ်ဝှမ်းများတစ်လျှောက်ရှိ ရေလွှမ်းလွင်ပြင်နှင့် ကမ်းခြေရှိနုန်းလွင်ပြင်ငယ်များတွင် မြေဩဇာကောင်းမွန်၍ စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သည်။

## လူဦးရေနှင့် လူမျိုး

ဘရူနိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်စာရင်းအရ လူဦးရေ ၄ သိန်းကျော်ရှိသည်။ လူဦးရေ၏ ၆၅ ရာခိုင်နှုန်းခန့်သည် မလေးလူမျိုးများဖြစ်ပြီး တရုတ်နှင့် အခြားလူမျိုးများလည်း နေထိုင်ကြသည်ကို တွေ့ရသည်။ လူဦးရေ၏ထက်ဝက်နီးပါးသည် မြို့တော် ဘန်ဒါ ဆယ်ရီဘယ်ဂါဝမ် (Bander Seri Begawan)တွင် နေထိုင်ကြသည်။

## စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း

နိုင်ငံဧရိယာ၏ ၁၅ ရာခိုင်နှုန်းခန့်သာစိုက်ပျိုးနိုင်၍ စိုက်ပျိုးရေးကဏ္ဍကိုတိုးချဲ့မှုများပြုလုပ်လာသည်။ အဓိက ဆန်စပါးစိုက်ပျိုး၍ငှက်ပျော၊ ကန်စွန်းဥ၊ အုန်း၊ ပီလောပီနံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ကိုလည်း စိုက်ပျိုးသည်။ အီကွေတာရာသီဥတုရှိသောဒေသဖြစ်၍ ရော်ဘာနှင့် ဆီအုန်းတို့ကို တိုးချဲ့စိုက်ပျိုးလာပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

## ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဘရူနိုင်းနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သည်။ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းတင်ပို့မှုသည် နိုင်ငံပို့ကုန်တန်ဖိုး၏ ၉၅ ရာခိုင်နှုန်းရှိသည်။ ဘရူနိုင်းနိုင်ငံသည် အာဆီယံဒေသတွင်ရေနံစိမ်းအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ ဘရူနိုင်းနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့်လုပ်ငန်းများရှိခြင်းကြောင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုသည်။

ဘရူနိုင်းနိုင်ငံသည် ရေနံကို ၁၉၂၉ ခုနှစ်တွင် စတင်တွေ့ရှိထုတ်လုပ်ခဲ့ပြီး ၁၉၆၀ ပြည့်လွန်

အငှမတန်း

နှစ်များတွင် ကမ်းလွန်ပင်လယ်ပြင်မှလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များတွေ့ရှိ၍ ထုတ်လုပ်လာနိုင်သည်။ ဘရူနိုင်းနိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ သိန်းကျော်ထုတ်လုပ်ပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ ရေနံစိမ်းစည်ပေါင်း ၂ သိန်းကျော်နှင့်ညီမျှသော ပမာဏဖြင့် ထုတ်လုပ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့အဓိကထွက်ရှိသောနေရာများမှာ ဘာရမ်မြစ်ဝကျွန်း ကမ်းလွန်ပိုင်းရှိ အမ်ပါ အရှေ့တောင်ဘက်နှင့် ချန်ပီယမ်ကမ်းလွန် ရေနံထုတ်လုပ်မှုအပြင် ဘော်နီယိုကျွန်းပေါ်ရှိ ဆယ်ရီယာ(Seria)ရေနံမြေတို့မှ ထုတ်လုပ်သည်။ ဘရူနိုင်းနိုင်ငံ၏ ကုန်ထုတ်လုပ်မှုတန်ဖိုးတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ခြင်းလုပ်ငန်း၊ သဘာဝဓာတ်ငွေ့ရည်နှင့် မက်သနောထုတ်လုပ်မှုလုပ်ငန်းတို့၏တန်ဖိုးမှာ အများဆုံးဖြစ်သည်။




**ပုံ(၄.၇) ဘရူနိုင်းနိုင်ငံ၏ တွင်းထွက်ပစ္စည်းများနှင့် ပို့ဆောင်ဆက်သွယ်ရေးပြပုံ**

နိုင်ငံ၏ဝင်ငွေသည် အဓိကအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ရရှိသည်။ ဘရူနိုင်းနိုင်ငံသည် ပြည်ပသို့ ရေနံစိမ်းအမြောက်အမြား တင်ပို့ပြီး အာဆီယံဒေသတွင် ရေနံစိမ်းအများဆုံးထုတ်လုပ်နိုင်သောနိုင်ငံများတွင် တစ်နိုင်ငံအဖြစ် ပါဝင်သည်။ သဘာဝဓာတ်ငွေ့ရည်စက်ရုံတည်ထောင်၍ သဘာဝဓာတ်ငွေ့ရည်ကို ဂျပန်သို့အဓိကတင်ပို့သည့်အပြင် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများသို့လည်း တင်ပို့သည်။ ဘရူနိုင်းနိုင်ငံသည် ကမ္ဘာတွင် သဘာဝဓာတ်ငွေ့အမြောက်အမြားထုတ်လုပ်သော နိုင်ငံများအနက် တစ်ခုအပါအဝင် ဖြစ်သည်။

ဘရူနိုင်းနိုင်ငံသည် အိုပက်အဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း ရေနံတင်ပို့မှုတွင် အိုပက်နှင့် အပေါင်း (OPEC+) နိုင်ငံတစ်ခုအနေဖြင့် ရေနံတင်ပို့မှုတွင် ပူးပေါင်းဆောင်ရွက်မှုရှိခဲ့သည်။

**ပို့ဆောင်ဆက်သွယ်ရေး**

ဘရူနိုင်းနိုင်ငံသည် ပို့ဆောင်ဆက်သွယ်ရေးအတွက် အဓိကအားဖြင့် မြစ်ချောင်းအတွင်း ရေကြောင်းသွားလာမှုနှင့် ပင်လယ်ရေကြောင်းသွားလာမှုတို့အပေါ်တွင် မှီခိုရသည်။ ဘရူနိုင်းနိုင်ငံတွင် မီးရထားလမ်းရှိသော်လည်း ခရီးသည်ပို့ဆောင်ရေးအတွက် အသုံးပြုမှုမရှိပေ။ ကမ်းရိုးတန်းဒေသများတွင် လမ်းကွန်ရက်များတည်ဆောက်ပြီး အတွင်းပိုင်းသို့ တိုးချဲ့လျက်ရှိသည်။ ဘော်နီယိုကျွန်းပတ် အဝေးပြေးလမ်း (Trans Borneo Highway) သည် မလေးရှားနိုင်ငံ ဆာဗား၊ ဆာရာဝတ်နှင့်ဘရူနိုင်း နိုင်ငံကိုဖြတ်ပြီး အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ကိုရောက်ရှိသည်။ ဘရူနိုင်းနိုင်ငံတွင် အဓိက ပင်လယ်ကူးသင်္ဘောဆိပ်နှစ်ခုရှိသည်။ ကြီးမားသည့်ရေနက်ဆိပ်ကမ်းများဖြစ်သော မူရာ (Muara)နှင့် ကွာလာဘယ်လိတ် (Kuala Belait)တို့မှ ဟောင်ကောင်နှင့် စင်ကာပူသို့ တိုက်ရိုက်ရေကြောင်း ဆက်သွယ်ရေးရှိသည်။ ဘန်ဒါဆယ်ရီဘယ်ဂါဝမ်တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိသည်။

**မြို့ကြီးများ**

**ဘန်ဒါဆယ်ရီဘယ်ဂါဝမ်မြို့ (Bandar Seri Begawan)**

ဘန်ဒါဆယ်ရီဘယ်ဂါဝမ်သည်နိုင်ငံ၏မြို့တော်ဖြစ်သည်။ ဘရူနိုင်းမြစ်၏မြောက်ဘက်ကမ်းတွင် တည်ရှိသည်။ ဘာသာရေးအဆောက်အအုံများ၊ ပြတိုက်များ၊ အခြားရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၊ ခမ်းနားသောဘုရင့်နန်းတော် စသည်တို့ရှိခြင်းကြောင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သည့်မြို့ဖြစ်သည်။

**ကွာလာဘယ်လိတ်မြို့ (Kuala Belait)**

ကွာလာဘယ်လိတ်မြို့သည်နိုင်ငံ၏အနောက်တောင်ဘက်တောင်တရုတ်ပင်လယ်ကမ်းရိုးတန်းတွင်တည်ရှိပြီး ဒုတိယလူဦးရေ အများဆုံးမြို့ဖြစ်သည်။ ကုန်းတွင်းပိုင်းဓာတ်ငွေ့ပိုက်လိုင်းများရှိခြင်း၊ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့်နေရာများရှိခြင်းတို့ကြောင့် ထင်ရှားသည်။

**ဆယ်ရီယာမြို့ (Seria)**

ဆယ်ရီယာမြို့သည် နိုင်ငံ၏မြို့တော် ဘန်ဒါဆယ်ရီဘယ်ဂါဝမ်၏ အနောက်တောင်ဘက် ၁၀၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိသည်။ နိုင်ငံ၏ရေနံစက်မှုလုပ်ငန်းများ အဓိကစတင်လုပ်ကိုင်သောမြို့ ဖြစ်သည်။

**ကျူတုန်မြို့ (Tutom)**

ကျူတုန်မြို့သည် ဘရူနိုင်းနိုင်ငံ၏ ပထမဆုံးစီးပွားဖြစ် ကုန်းတွင်းရေနံရှာဖွေရာနေရာ ဖြစ်ပြီး ရေနံစက်မှုလုပ်ငန်း အဓိကလုပ်ကိုင်သောမြို့ဖြစ်သည်။

အခြားမြို့များမှာ ကပေါ့(Kapok)၊ ဘန်ဂါ(Bangar)နှင့် မန်တီရီ (Mentiri)မြို့တို့ဖြစ်သည်။

**အဓိကအချက်များ**

- ဘရူနိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အရွယ်ပမာဏအားဖြင့် ဒုတိယ အငယ်ဆုံး နိုင်ငံဖြစ်သည်။
- ဘရူနိုင်းနိုင်ငံသည် ဘုရင်အုပ်ချုပ်သည့်နိုင်ငံ ဖြစ်ပြီး ၂၀၁၉ ခုနှစ်စာရင်းအရ လူဦးရေ ၄ သိန်းကျော် ရှိသည်။
- ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဘရူနိုင်းနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သည်။
- မြို့တော်မှာ ဘန်ဒါဆယ်ရီဘယ်ဂါဝမ် ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ဘရူနိုင်းနိုင်ငံ၏နိုင်ငံဝင်ငွေအများဆုံးအဓိကရသော သယံဇာတတွင်းထွက်နှင့်ပို့ကုန် တင်ပို့သောနိုင်ငံများကို ဖော်ပြပါ။

၂။ ဘရူနိုင်းနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးကို ရှင်းပြပါ။

၃။ ဘရူနိုင်းနိုင်ငံ၏မြို့တော်နှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးသောမြို့ကြီးများအကြောင်း ရှင်းပြပါ။

## ၄.၄ ဖိလစ်ပိုင်သမ္မတနိုင်ငံ (The Republic of Philippines)

**သင်ခန်းစာမိတ်ဆက်**

- ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ပါဝင်ပြီး ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည်။ မြေမျက်နှာသွင်ပြင်မှာ တောင်ထူထပ်၍ မြေပြန့်နည်းပါးသည်။

**တည်နေရာနှင့် အကျယ်အဝန်း**

ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအတွင်းတည်ရှိသော ကျွန်းစုနိုင်ငံဖြစ်သည်။ မြောက်လတ္တီကျူ ၄ ဒီဂရီ ၂၃ မိနစ်နှင့် ၂၁ ဒီဂရီ ၂၅ မိနစ်အကြား၊ အရှေ့

လောင်ဂျီကျူ ၁၁၆ ဒီဂရီနှင့် ၁၂၇ ဒီဂရီအကြားတွင် တည်ရှိသည်။ ကျွန်းပေါင်း ၇၀၀၀ ကျော်ရှိပြီး အကြီးဆုံးကျွန်းများမှာ လူဇုန် (Luzon)၊ မင်ဒါနာအို (Mindanao)၊ နေးဂရော့စ် (Negros)၊ ပလာဝမ်း (Palawon)၊ ပနေး (Panay) နှင့် မင်ဒိုးရိုး (Mindoro) ကျွန်းများဖြစ်သည်။ နိုင်ငံ၏ ဧရိယာမှာစတုရန်းကီလိုမီတာ ၃ သိန်းခန့်ရှိသည်။ အရှေ့ဘက်တွင် ဖိလစ်ပိုင်ပင်လယ်၊ တောင်ဘက်တွင် စယ်လဘီးပင်လယ် (Celebes Sea)၊ တောင်ဘက်နှင့် အနောက်ဘက်တွင် ဆူလူပင်လယ် (Sulu Sea)၊ အနောက်နှင့်မြောက်ဘက်တွင် တောင်တရုတ်ပင်လယ်တို့ ဝန်းရံထားသည်။




ပုံ(၄.၈) ဖိလစ်ပိုင်နိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့်ရေဆင်းပြပုံ

ပုံ (၅. ၂)တွင် ပင်လယ်ရေပြင်အထက်အမြင့်ပေများကို ဖော်ပြထားသည်။ တူညီသောအမြင့်ပေရှိသည့်အမှတ်အသားများကိုဆက်သွယ်လိုက်သောအခါပုံ(၅. ၃)တွင်ဖော်ပြထားသည့်အတိုင်း ကွန်တို မြေပုံရရှိနိုင်သည်။




ပုံ (၅.၂)




ပုံ (၅.၃)

**အမြင့်ပေမှတ်သားနည်း**

ကွန်တိုမျဉ်းများ ရေးဆွဲပြီးသောအခါ အမြင့်ပေများကို မှတ်သားထားပြီး ဖော်ပြထားသည်။ ကွန်တိုမြေပုံတစ်ခုတွင် အမြင့်ပေကွာခြားချက်တစ်မျိုးသာလျှင် အသုံးပြုသည်။ ဥပမာ - ၁၀၀ ပေ၊ ၂၀၀ ပေ၊ ၃၀၀ ပေ စသည်ဖြင့် ပေ ၁၀၀ စီကွာခြား၍သော်လည်းကောင်း၊ ၅၀ ပေ၊ ၁၀၀ ပေ၊ ၁၅၀ ပေ စသည်ဖြင့် ပေ ၅၀စီ ကွာခြား၍လည်းကောင်းထားနိုင်သည်။

ကွန်တို အမြင့်ပေ မှတ်သားနည်း နှစ်မျိုးရှိရာ ၎င်းတို့မှာ

(က) ကွန်တိုမျဉ်းကြောင်းပေါ်တွင် မှတ်သားနည်း

(ခ) ကွန်တိုမျဉ်းကြောင်း၏မြင့်ရာဘက်တွင်ကပ်၍ မှတ်သားနည်း။ ပုံ (၅. ၄)က နှင့် (၅. ၄) ခ တို့သည် မှန်သောမှတ်သားနည်းများ ဖြစ်ကြသည်။ ပုံ (၅. ၅) ကနှင့် ပုံ (၅. ၅) ခ တို့သည် မှားသောမှတ်သားနည်းများ ဖြစ်သည်။




ပုံ (၅. ၄) (က)
မှန်သောမှတ်သားနည်း




ပုံ (၅. ၄) (ခ)
မှန်သောမှတ်သားနည်း




ပုံ (၅. ၅) (က)
မှားသောမှတ်သားနည်း




ပုံ (၅. ၅) (ခ)
မှားသောမှတ်သားနည်း

**မြေမျက်နှာသွင်ပြင်အမျိုးမျိုး၏ ကွန်တိုပုံများ**

ပကတိမြေပြင်လက္ခဏာများ အမျိုးမျိုးကွဲပြားနေသကဲ့သို့ ကွန်တိုမြေပုံများသည်လည်း မြေပြင်လက္ခဏာကိုလိုက်၍ ကွဲပြားခြားနားနေသည်။ ထို့ကြောင့် မြေမျက်နှာသွင်ပြင်အမျိုးမျိုး၏ ကွန်တိုပုံများကို လေ့လာရန်လိုအပ်သည်။

## ဆင်ခြေလျှော

ကွန်တိုမျဉ်း တစ်ကြောင်းနှင့် တစ်ကြောင်း နီးကပ်စွာတည်ရှိလျှင် မတ်စောက်သော ဆင်ခြေလျှော ရှိသည်။ ကွန်တိုမျဉ်းတစ်ကြောင်းနှင့်တစ်ကြောင်း ဝေးကွာစွာတည်ရှိလျှင် ပြေပြစ်သော ဆင်ခြေလျှောရှိသည်။




ပုံ (၅.၆)




ပုံ (၅.၇)ညီညာသောဆင်ခြေလျှော

ကွန်တိုမျဉ်းတစ်ကြောင်းနှင့် တစ်ကြောင်း အကွာအဝေး တူညီလျှင် ညီညာသောဆင်ခြေလျှောရှိသည်။ ကွန်တိုမျဉ်းများသည် အနိမ့်ပိုင်းကျဲ၍ အမြင့်ပိုင်းတွင်စိပ်လျှင် ခွက်သော ဆင်ခြေလျှော ရှိသည်။




ပုံ (၅.၈) ခုံးသောဆင်ခြေလျှော

ကွန်တိုမျဉ်းများသည် အနိမ့်ပိုင်းတွင်စိပ်၍ အမြင့်ပိုင်းတွင် ကျဲလျှင် ခုံးသောဆင်ခြေလျှော ရှိသည်။

**တောင်နှင့်တောင်ကုန်း**

ဆင်ခြေလျှောအောက်ခြေမှ အထက်ဘက်သို့ ဆင်ခြေလျှော မတ်စောက်သောကုန်းမြေကို တောင်ဟု ခေါ်ပြီး တောင်ထက်နိမ့်သောအပိုင်းကို တောင်ကုန်းဟု ခေါ်သည်။ ပုံ (၅.၉) သည် ကတော့ပုံ တောင်ကုန်းတစ်ခု၏ ပုံဖြစ်သည်။




ပုံ (၅.၉) တောင်နှင့်တောင်ကုန်း

**ကုန်းပြင်မြင့်**

အနိမ့်ပိုင်းတွင် ကွန်တိုမျဉ်းများစိပ်ပြီး အမြင့်ပိုင်းတွင် ကွန်တိုမျဉ်း အလွန်ကျဲနေလျှင် ကုန်းပြင်မြင့်ဖြစ်သည်။




ပုံ (၅.၁၀) ကုန်းပြင်မြင့်

**တောင်တန်းနှင့်တောင်ကြား**

တောင်ပုံ ကွန်တိုမျဉ်းများ နီးကပ်စွာသွယ်တန်းတည်ရှိနေလျှင် တောင်တန်းဖြစ်သည်။ တောင်ထိပ်တစ်ခုနှင့်တစ်ခုကြားရှိ အလွန်နိမ့်ကျစွာတည်ရှိသောနေရာမှာ တောင်ကြားဖြစ်သည်။




ပုံ (၅.၁၁) တောင်တန်းနှင့်တောင်ကြား

**တောင်စွယ်**

ကွန်တိုမျဉ်းများ နိမ့်ရာဘက်သို့ ကွေးထွက်နေသော နေရာသည် တောင်စွယ် ဖြစ်သည်။




ပုံ (၅.၁၂) တောင်စွယ်

**ချိုင့်ဝှမ်း**

ကွန်တိုမျဉ်းများ မြင့်ရာဘက်သို့ ကွေးထွက်နေသော နေရာသည် ချိုင့်ဝှမ်းဖြစ်သည်။

**မြစ်ချောင်း**

ကွန်တိုမျဉ်းများသည် သာမန်အားဖြင့် တစ်ကြောင်းနှင့်တစ်ကြောင်းဖြတ်သွားခြင်း မရှိပေ။ ကွန်တိုမျဉ်းများကို ကန့်လန့်ဖြတ်၍နေသောမျဉ်းကောက်သည် မြစ် သို့မဟုတ် ချောင်းဖြစ်သည်။ မြစ်ချောင်းတို့သည် ချိုင့်ဝှမ်းတစ်လျှောက်စီးဆင်းပါက မြစ်ချောင်းဖြတ်သော နေရာ၌ ကွန်တိုမျဉ်းများသည် မြင့်ရာဘက်သို့ ကွေ့ဝင်နေသည်။




ပုံ (၅.၁၃) မြစ်၊ ချောင်း

ကွန်တိုမြေပုံတွင် မြစ်ချောင်းတိုင်းသည် ကွန်တိုမျဉ်းကို အစဉ်ဖြတ်မည် မဟုတ်ပေ။ ညီညာသောမြေပြင်ကိုဖြတ်သန်းစီးဆင်းနေသော မြစ်ချောင်းတို့သည် ကွန်တိုမျဉ်းနှင့်အပြိုင် တည်ရှိနေနိုင်သည်။

ကွန်တိုမြေပုံများကို မြေပြင်လက္ခဏာပြမြေပုံများမှ ထုတ်နုတ်ရေးဆွဲ၍သော်လည်းကောင်း၊ မြေပြင်ပေါ်တွင်မြေတိုင်းကိရိယာတစ်ခုခုဖြင့် တိုင်းတာ၍သော်လည်းကောင်း ရေးဆွဲနိုင်သည်။

ပုံ (၅.၁၄) သည် မြေပြင်လက္ခဏာပြမြေပုံမှ ထုတ်နုတ်ရေးဆွဲထားသော ကွန်တိုမြေပုံဖြစ်သည်။

ထိုကဲ့သို့ ရေးဆွဲထားသောပုံများကို အသုံးပြု၍လည်း ဒေသတစ်ခု၏ ရုပ်ဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ ပထဝီဝင်အခြေအနေများကို ဖတ်ရှုလေ့လာနိုင်သည်။ ထိုမြေပုံများရေးဆွဲရာတွင် အသုံးပြုသောမြေပုံသင်္ကေတများကိုလည်း မြေပြင်လက္ခဏာပြပုံများတွင် အသုံးပြုသော သင်္ကေတများအတိုင်း အသုံးပြုနိုင်သည်။

**သင်္ကေတများ ရည်ညွှန်းချက်**

ကွန်တိုမြေပုံများတွင် ရေးဆွဲထားသော သွင်ပြင်လက္ခဏာရပ်များကို မြေပြင်လက္ခဏာပြမြေပုံများတွင် အစဉ်အလာအားဖြင့် သုံးစွဲသည့်သင်္ကေတများဖြင့် ဖော်ပြလေ့ရှိသည်။



ကွန်တိုမြေပုံဖတ်ရှုရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကွန်တိုမြေပုံကို ဖတ်ရှုလေ့လာတတ်ရန် လိုအပ်သည်။ ထိုသို့လေ့လာရာ၌ ကွန်တိုမျဉ်းများ၏အကြောင်းကို ကြေညက်စွာသိရှိနားလည် သဘောပေါက်ထားမှသာ မြေပုံပေါ်တွင်ပါရှိသည့်ကွန်တိုမျဉ်းများ၏ အနေအထားကိုကြည့်၍ ပကတိမြေပြင်အသွင်အပြင်ကို သိရှိနိုင်မည်။
- ကွန်တိုမြေပုံတွင်ဖော်ပြထားသော ရည်ညွှန်းချက်များ ဖြစ်သည့် မြို့၊ရွာ၊ လမ်း၊ သစ်တော၊ တူးမြောင်းစသည့်အမှတ်အသားများကိုကြည့်ရှုလေ့လာပြီး မြေပုံပါဒေသတစ်ခု၏ သဘာဝအခြေအနေ၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို စုံလင်စွာသိရှိအောင် လေ့လာနိုင်မည်။ သို့မှသာ မြေပုံပါဒေသ၏အကြောင်းအရာကို ဖတ်ရှုရေးသားနိုင်မည် ဖြစ်သည်။
- ကွန်တိုမြေပုံများပေါ်တွင် အရပ်မျက်နှာအညွှန်းကိုလည်းဖော်ပြလေ့ရှိသည်။ ထိုအရပ်မျက်နှာအညွှန်းအရ မြေပုံပါအခြင်းအရာများ၏ တည်နေရာဆက်နွှယ်မှုများကို ဖော်ပြနိုင်သည်။
- ကွန်တိုမြေပုံ၏အောက်တွင် ထိုမြေပုံ၏အလျားလိုက်စကေးကို ဖော်ပြထားလေ့ရှိသည်။ အလျားလိုက်စကေးဆိုသည်မှာ ပကတိမြေပြင်ပေါ်ရှိ အမှတ်နှစ်နေရာ၏ အလျားလိုက်အကွာအဝေးကို မြေပုံပေါ်တွင် အကျဉ်းချုံးဖော်ပြထားသော သတ်မှတ်ချက်ပင်ဖြစ်သည်။ ထိုစကေးကို အသုံးပြု၍ တည်နေရာများ၏ အကွာအဝေးကို တိုင်းတာတွက်ချက်နိုင်သည်။
- ကွန်တိုမြေပုံပါဒေသ၏ အလျားအနံကို တိုင်းတာ၍ စကေးအရ မြေပြင်အကွာအဝေးကို ရှာပြီး အလျားနှင့်အနံကို မြှောက်ကာ ထိုဒေသ၏ မြေပြင်ဧရိယာကို တွက်ချက်နိုင်ပါသည်။

**ပုံ(၅.၁၄) ကို လေ့လာပြီး အောက်ပါတို့ကို ဖြေဆိုပါ။**

၁။ ဤပုံတွင်ပါရှိသည့် ဒေသ၏ဧရိယာသည် မည်မျှရှိသနည်း။

၂။ ဤပုံသည် ကွန်တိုအမြင့်ပေခြားနားခြင်း မည်မျှဖြင့်ရေးဆွဲထားသောပုံဖြစ်သနည်း။

၃။ ဤပုံပါဒေသ၏ တောင်တန်းများသည် မည်ကဲ့သို့သွယ်တန်းနေသနည်း။

၄။ ကဿဖတောင်သည် မည်မျှမြင့်သနည်း။

၅။ သင်းတော်ချောင်းသည် မည်သည့်ဘက်မှ မည်သည့်ဘက်သို့ စီးဆင်းသနည်း။

၆။ ရေတွင်းဖြူနှင့် ဒရိုးရွာကို အဖြောင့်တိုင်းလျှင် မိုင်မည်မျှကွာဝေးသနည်း။

၇။ ဤဒေသကို ဖြတ်သန်းသွားသော မီးရထားလမ်းသည် မည်သည့်မြို့များကို ဆက်သွယ်ထားသနည်း။

၈။ ဤဒေသတွင် မည်သည့်စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသနည်း။




ပုံ (၅.၁၄)

မှတ်ချက်။ ။ အောက်ပါမျဉ်းစကေးကိုအသုံးပြုပြီးတိုင်းတာတွက်ချက်နိုင်ပါသည်။

၁ မိုင် ၀ မိုင် ၁ မိုင် ၂ မိုင် ၃ မိုင်

အဖြေ

၁။ ဤပုံတွင်ပါရှိသည့် ဒေသ၏ဧရိယာသည် ၂၉ စတုရန်းမိုင်ဖြစ်ပါသည်။

၂။ ဤပုံသည် ကွန်တိုအမြင့်ပေခြားနားခြင်း ပေ ၁၀၀ ဖြင့် ရေးဆွဲထားသောပုံဖြစ်ပါသည်။

၃။ ဤပုံပါဒေသ၏ တောင်တန်းများသည် မြောက်မှ တောင်သို့ သွယ်တန်းနေပါသည်။

၄။ ကဿဖတောင်သည် ပေ ၈၀၀ ကျော်မြင့်ပါသည်။

၅။ သင်းတော်ချောင်းသည် အရှေ့မြောက်မှ အနောက်တောင်သို့ စီးဆင်းနေပါသည်။

၆။ ရေတွင်းဖြူနှင့် ဒရိုးရွာကို အဖြောင့်တိုင်းလျှင် ၇ မိုင် ကွာဝေးပါသည်။

၇။ ဤဒေသကို ဖြတ်သန်းသွားသော မီးရထားလမ်းသည် ရန်ကုန်မြို့နှင့် သထုံမြို့များကို ဆက်သွယ်ထားပါသည်။

၈။ ဤဒေသတွင် ရော်ဘာခြံစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

**အဓိကအချက်များ**

- ကွန်တိုဆိုသည်မှာ ပင်လယ်ရေမျက်နှာပြင် အမြင့် သို့မဟုတ် အနိမ့် တူညီသောနေရာများကို ဆက်သွယ်ရေးဆွဲထားသောမျဉ်း ဖြစ်သည်။
- ကွန်တိုမြေပုံတစ်ခုတွင် အမြင့်ပေကွာခြားချက်တစ်မျိုးသာလျှင် အသုံးပြုသည်။
- ကွန်တိုမြေပုံများသည်လည်း မြေပြင်လက္ခဏာကိုလိုက်၍ ကွဲပြားခြားနားနေသည်။
- ကွန်တိုမျဉ်းများသည် သာမန်အားဖြင့် တစ်ကြောင်းနှင့်တစ်ကြောင်းဖြတ်သွားခြင်း မရှိပေ။
- ကွန်တိုမျဉ်းများကို ကန့်လန့်ဖြတ်၍နေသောမျဉ်းကောက်သည် မြစ် သို့မဟုတ် ချောင်း ဖြစ်သည်။
- ကွန်တိုမြေပုံတွင်ဖော်ပြထားသော ရည်ညွှန်းချက်များဖြစ်သည့် မြို့၊ ရွာ၊ လမ်း၊ သစ်တော၊ တူးမြောင်းစသည့် အမှတ်အသားများကို ကြည့်ရှုလေ့လာပြီး မြေပုံပါဒေသတစ်ခု၏ သဘာဝအခြေအနေ၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို စုံလင်စွာသိရှိအောင် လေ့လာနိုင်မည်ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ကွန်တိုမြေပုံ၏ အဓိပ္ပာယ်ကိုရှင်းပြပါ။

၂။ ကွန်တိုမျဉ်းများ၏ အနေအထားများကို လေ့လာ၍ မြေမျက်နှာသွင်ပြင်ကို မည်သို့ ခွဲခြား နိုင်သနည်း။

အရှေ့မတန်း

## မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း

ဖိလစ်ပိုင်နိုင်ငံ၏ မြေမျက်နှာသွင်ပြင်သည် တောင်ထူထပ်သောကျွန်းများဖြစ်၍ မြေပြန့်ဒေသ နည်းပါးသည်။ လူဇုန်ကျွန်း၏မြောက်ဘက်စွန်းတွင် ပူလက်ဂ်တောင် (Mt. Pulag)နှင့် မင်ဒါနာအိုကျွန်းပေါ်ရှိအေပိုတောင် (Mt.Apo)တို့သည်အမြင့်ဆုံးတောင်ထွတ်များဖြစ်သည်။ မီးတောင်များလည်း အများအပြားရှိသည်။ အများစုမှာ မီးတောင်သေများဖြစ်သော်လည်း မီးတောင်ရှင်များလည်းရှိသည်။ အကျယ်ပြန့်ဆုံးကမ်းရိုးတန်းလွင်ပြင်ကို လူဇုန်ကျွန်း၊ မင်ဒါနာအိုကျွန်း၊ ပနေးကျွန်းနှင့် နေးဂရော့စ်ကျွန်းများတွင် တွေ့ရသည်။

ဖိလစ်ပိုင်နိုင်ငံ၏မြစ်များသည် တို၍ အများအားဖြင့် ရာသီအလိုက်စီးဆင်းသောမြစ်များဖြစ်ကြသည်။ လူဇုန်ကျွန်း၏ အရှေ့မြောက်ဘက်ရှိ ကာဂရန်မြစ် (Cagayann River) သည် နိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သည်။ နိုင်ငံ၏တောင်ပိုင်း မင်ဒါနာအိုမြောက်ဘက်စွန်းတွင် အရေးအပါဆုံးနှင့် အရှည်ဆုံးမြစ်ဖြစ်သည်။ နိုင်ငံ၏တောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်ရှိ မင်ဒါနာအိုမြစ်နှင့် အာဂူဆန်မြစ် (Agusan)၊ မနီလာပင်လယ်အော်အတွင်း စီးဝင်သော ပမ်ပန်ဂါ (Pampanga) မြစ်တို့သည်လည်း ထင်ရှားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် မြစ်အများစုကို ရေအားလျှပ်စစ်ထုတ်ယူရေးအတွက် အသုံးပြုကြသည်။

## ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာ

ဖိလစ်ပိုင်နိုင်ငံသည် အပူပိုင်းမိုးသစ်တောရာသီဥတု၊ အပူပိုင်းဆဗားနားရာသီဥတု၊ အပူပိုင်းမုတ်သုံနှင့် အပူလျော့ပိုင်းစိုစွတ်ရာသီဥတုများ ရရှိသည်။ နွေရာသီ၌ တိုက်ခတ်သောမုတ်သုံလေသည် ကျွန်းအများစုကို မိုးများစွာရရှိစေသည်။ ဆောင်းမုတ်သုံလေသည် ခြောက်သွေ့စေသည်။ တောင်တန်းများ ကာရံထားသော အတွင်းပိုင်းမြေနိမ့်ဒေသများတွင် မိုးရရှိမှုလျော့နည်းသည်။ ပစိဖိတ်သမုဒ္ဒရာတွင်ကျရောက်သော တိုက်ဖွန်းမုန်တိုင်းလမ်းကြောင်းတွင်ကျရောက်၍ မုန်တိုင်းဒဏ် မကြာခဏ ခံစားရသည်။

ကျွန်းအများစုတွင် အပူပိုင်းမိုးသစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ အချို့မီးတောင်များအနီးတွင်ရှိသော ဘော့စ်ချော်မြေများသည် မြေသြဇာကောင်းမွန်သော မြေဆီလွှာများဖြစ်သည်။

## လူဦးရေ၊ လူမျိုးနှင့် ယဉ်ကျေးမှု

၂၀၁၉ ခုနှစ် စာရင်းအရ ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေမှာ ၁၀၉ သန်းကျော်ဖြစ်သည်။ တစ်စတုရန်းကီလိုမီတာတွင် လူနေသိပ်သည်းမှုမှာ ၃၆၀ ယောက်ကျော်ဖြစ်သည်။ မြို့ပြလူဦးရေ ၅၂ သန်းခန့် ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကျွန်းနိုင်ငံဖြစ်သည့်အားလျော်စွာ စပိန်ကိုလိုနီလက်အောက် မကျရောက်မီကပင် လူမျိုးစုများစွာ နေထိုင်ကြသည်။ ဖိလစ်ပိုင်လူမျိုးအများစုမှာ နီဂရစ်တို၊ ပိုလီနီးရှန်း၊

မွန်ဂိုလွိုက်လူမျိုးများနှင့် ရောနှောသောလက္ခဏာရပ်ရှိသည်။ ဩစတြိုနီးရှန်းအနွယ်ဝင်များ ဖြစ်ကြသည်။ ဘာသာစကားမျိုးကွဲပေါင်း ၁၇၀ ကျော်ရှိသည်။ အများအားဖြင့် ဩစတြိုနီးရှန်း ဘာသာစကား အုပ်စုဝင်များဖြစ်ကြသည်။

လူအများစုသည် ရိုမန်ကက်သလစ်ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ခရစ်ယာန်ဘာသာကိုးကွယ်၍ ၅ ရာခိုင်နှုန်းကျော်မှာ အစ္စလာမ်ဘာသာနှင့် ကျန် ၅ ရာခိုင်နှုန်းခန့်မှာ ဗုဒ္ဓဘာသာ၊ ဆစ်ခ်နှင့် ဟိန္ဒူဘာသာကိုးကွယ်မှုများ ဖြစ်ကြသည်။ ဒေသခံတိုင်းရင်းသားများသည် နတ်ကိုးကွယ်သူများဖြစ်ကြသည်။ တောင်ဘက်ဆုံး မင်ဒါနာအိုနှင့် အခြားကျွန်းငယ်များတွင် နေထိုင်သူများသည် အစ္စလာမ်ဘာသာကို အများဆုံးကိုးကွယ်ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၏အမည်မှာစပိန်ဘုရင်ဒုတိယဖြောက်ဖိလစ်ကိုဂုဏ်ပြု၍ အင်္ဂလိပ်ဘာသာဖြင့် The Philippines ဟုခေါ်ဆိုခြင်း ဖြစ်သည်။ စပိန်တို့သည် ၁၅၆၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံကို သိမ်းပိုက်ခဲ့သည်။ စပိန်အုပ်ချုပ်ရေးနှင့်အတူ ရိုမန်ကက်သလစ်သာသနာပြုများလည်း ပါလာသည်။

ဖိလစ်ပိုင်နိုင်ငံသည် တည်နေရာအရ ပင်လယ်ရေကြောင်းသွားလာရေးနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်း ဆက်သွယ်ရေးအတွက် မဟာဗျူဟာအချက်အချာကျသောနေရာ ဖြစ်သည်။ ကျွန်းများတွင် လူမျိုးစုအများအပြားနှင့် ယဉ်ကျေးမှုအများအပြားတွေ့နိုင်သည်။ စပိန်တို့လက်အောက်သို့ နှစ်ပေါင်း ၃၀၀ ကျော် ကျရောက်ခဲ့ပြီး အမေရိကန်တို့လက်အောက်တွင် နှစ် ၄၀ ကျော် ကျရောက်ခဲ့သည့်အတွက် ၎င်းတို့၏ယဉ်ကျေးမှု အမွေအနှစ်များစွာ ကျန်ခဲ့သည်။

စပိန်တို့သည် လက်တင်အမေရိကမှ တစ်ဆင့်လာရောက်ခဲ့ခြင်းဖြစ်၍ ယနေ့ ဖိလစ်ပိုင်၏ ယဉ်ကျေးမှုသည် လက်တင်အမေရိကယဉ်ကျေးမှုနှင့် ဆင်တူသည်။ ဖိလစ်ပိုင်တွင် အနောက်တိုင်းယဉ်ကျေးမှုအမွေအနှစ်များအပြင် အာရှယဉ်ကျေးမှုအမွေအနှစ်များကိုပါ တွေ့နိုင်သည်။

ရှေးဟောင်းယဉ်ကျေးမှုများစွာရှိသည့် မနီလာမြို့ရှိ အမျိုးသားပြတိုက်သည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာ အဓိကနေရာဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် စပိန်တို့၏ အကောင်းဆုံးအမွေအနှစ်များဖြစ်သော ရှေးဟောင်းအဆောက်အအုံများ၊ ဗိသုကာလက်ရာများကိုလည်း များစွာတွေ့ရှိနိုင်သည့်အပြင် တေးဂီတ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာက လေးစားကြသည်။ ဖိလစ်ပိုင်နိုင်ငံရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ဘုရားကျောင်းများစွာတို့သည် ယူနက်စကိုအဖွဲ့ကြီး၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

**စိုက်ပျိုးရေး**

နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။ လူဇုန်ကျွန်းနှင့် ဗီစာရန် (Visayan) ကျွန်းများရှိမြေနိမ့်လွင်ပြင်များတွင် စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်သည်။

အဓိကစိုက်ပျိုးသီးနှံများမှာ ဆန်စပါး၊ ပြောင်းဖူး၊ ကန်စွန်းဥ၊ မြေပဲ၊ ပဲအမျိုးမျိုး၊ အုန်း၊ ကြံ၊ မနီလာ လျှော်၊ နာနတ်၊ ငှက်ပျောတို့ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် ကော်ဖီနှင့်ရော်ဘာလည်း အနည်းငယ် စိုက်ပျိုးသည်။ ကမ္ဘာပေါ်တွင် အုန်းဆီ၊ အုန်းသီးဆံခြောက်နှင့် မနီလာလျှော် အများဆုံး တင်ပို့သော နိုင်ငံဖြစ်ပြီး သကြားနှင့်သစ်သီးများသည်လည်း အရေးပါသောပို့ကုန်များ ဖြစ်သည်။

### တွင်းထွက်နှင့် စက်မှုလုပ်ငန်း

ဖိလစ်ပိုင်နိုင်ငံ၏ အဓိကတွင်းထွက်များမှာ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ နီကယ်တို့ ဖြစ်သည်။ အများအားဖြင့် လူဇုန်ကျွန်းပေါ်တွင် တွေ့ရှိရသည်။ ထင်ရှားသော စက်မှုလုပ်ငန်းများမှာ အစားအစာ ပြုပြင်ထုတ်လုပ်သောလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ ပရိဘောဂ လုပ်ငန်းအပြင် အခြားသော လုပ်ငန်းများမှာ သစ်လုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဓာတုဗေဒလုပ်ငန်းနှင့် သတ္တုပစ္စည်းလုပ်ငန်းတို့ဖြစ်သည်။

### ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းသည် ဖိလစ်ပိုင်နိုင်ငံ၏ အားထားရသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ကမ်းခြေများ၊ အမျိုးသားဥယျာဉ်၊ သဘာဝဥယျာဉ်နှင့် အပန်းဖြေဥယျာဉ်များ၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် မြို့များနှင့် ယဉ်ကျေးမှု သမိုင်းကြောင်းဆိုင်ရာအဆောက်အအုံများရှိခြင်း၊ ဇီဝမျိုးကွဲများ ကြွယ်ဝခြင်း၊ တောင်တန်းများ၊ မိုးသစ်တောများနှင့် ကျွန်းများရှိခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများကို အဓိကဆွဲဆောင်ရန် နေရာများပေါ်များသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပွဲတော်များနှင့် ဌာနေတိုင်းရင်းသား ရိုးရာဓလေ့ထုံးစံများသည်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရေးအတွက် ဆွဲဆောင်နိုင်သည့် အချက်များဖြစ်သည်။

### ပို့ဆောင်ဆက်သွယ်ရေးနှင့် မြို့ကြီးများ

ဖိလစ်ပိုင်နိုင်ငံသည်ကျွန်းနိုင်ငံဖြစ်ပြီးတောင်ထူထပ်သောကြောင့်လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးသည်။ အဓိကကျွန်းများပေါ်တွင်သာ ရထားလမ်းနှင့် ကားလမ်းများရှိသည်။ ကျွန်းစု နိုင်ငံဖြစ်သည့်အားလျော်စွာ ပင်လယ်ရေကြောင်းသွားလာမှု အရေးပါသည်။

မနီလာဆိပ်ကမ်းသည် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံးပင်လယ်ကူးသင်္ဘောဆိပ်ကမ်းမြို့ ဖြစ်သည်။ အခြားထင်ရှားသော ခရီးသွားဝင်ရောက်မှုအများဆုံးသင်္ဘောဆိပ်များမှာ ဆီဘူး ဆိပ်ကမ်း၊ အီလိုအီလို(Iloilo)နှင့်ပနေးကျွန်းဆိပ်ကမ်းတို့ဖြစ်သည်။ ကျွန်းများကြားတွင်ရေကြောင်း ဆက်သွယ်သော ကူးတို့လုပ်ငန်းများလည်းရှိသည်။ ဖိလစ်ပိုင်နိုင်ငံတွင် နီနွိုင်အကွီနို (Ninoy Aquino) အပြည်ပြည် ဆိုင်ရာလေဆိပ်ရှိသည်။ မနီလာ (Manila)၊ ဆီဘူး (Cebu) နှင့် ဒါဗာအို (Davao) မြို့တို့သည် လေကြောင်းအချက်အချာကျသော နေရာများဖြစ်သည်။




ပုံ(၄.၉) ဖိလစ်ပိုင်နိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးပြပုံ

## မြို့ကြီးများ

### မနီလာမက်ထရိုပိုလီတန်ဧရိယာ

မနီလာမြို့သည် တရားဝင်အမည်အားဖြင့် National Capital Region အဖြစ် သတ်မှတ်ထားသည်။ ၎င်းသည် အစိုးရရုံးစိုက်ရာမြို့ဖြစ်သည်။ မြို့ ၁၆ မြို့ကိုပေါင်းစပ်၍ မနီလာ မက်ထရိုပိုလီတန်ကို ဖွဲ့စည်းထားသည်။ စီးပွားရေးလုပ်ငန်း အချက်အချာမြို့ဖြစ်သည်။

### မနီလာမြို့ (Manila)

မနီလာမြို့သည် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဗဟိုဌာနဖြစ်သည်။ မနီလာမြို့ရှိစက်မှုလုပ်ငန်းများမှ နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်ထက်ဝက်

နီးပါးကို ထုတ်လုပ်သည်။ မနီလာမြို့တွင် ဥရောပတိုက်သား၊ စပိန်၊ တရုတ်၊ အမေရိကန်၊ မလေးနှင့် အင်ဒိုနီးရှားလူမျိုးများလည်း နေထိုင်ကြသည်။ နိုင်ငံ၏အရေးပါသော ဆိပ်ကမ်းလည်း ရှိသည်။

**ကွီဇုန်စီတီး(Quizon City)**

ကွီဇုန်စီတီးသည် အုပ်ချုပ်ရေးမြို့ဖြစ်ပြီး လူဦးရေအရ ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံးမြို့ ဖြစ်သည်။ လူဦးရေအထူထပ်ဆုံးမြို့ ဖြစ်သည်။

အခြားထင်ရှားသောမြို့များမှာ မင်ဒါနာအိုကျွန်းပေါ်ရှိ ဒါဗာအိုနှင့် ဇမ်းဘိုအန်ဒါမြို့၊ ဆီဘူး ကျွန်းပေါ်ရှိ ဆီဘူးမြို့၊ နေးဂရော့စ်ကျွန်းပေါ်ရှိ ဘာကိုလော့မြို့နှင့် ပနေးကျွန်းပေါ်ရှိ အီလိုအီလိုမြို့များ ဖြစ်သည်။

**အဓိကအချက်များ**

- ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအတွင်း တည်ရှိသော ကျွန်းစုနိုင်ငံဖြစ်သည်။
- ဖိလစ်ပိုင်နိုင်ငံသည် တောင်ထူထပ်သော ကျွန်းများဖြစ်ပြီး မီးတောင်အများအပြားရှိသော နိုင်ငံဖြစ်သည်။
- ဖိလစ်ပိုင်နိုင်ငံသည် အပူပိုင်းမိုးသစ်တောရာသီဥတုရရှိသည်။ ကျွန်းအများစုကို အပူပိုင်း မိုးသစ်တောဖုံးလွှမ်းလျက် ရှိသည်။
- မနီလာမြို့ရှိအမျိုးသားပြတိုက်သည် ရှေးဟောင်းယဉ်ကျေးမှုများစွာရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သည့် အဓိကနေရာဖြစ်သည်။
- ဖိလစ်ပိုင်နိုင်ငံရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ဘုရားကျောင်းများစွာတို့သည် ယူနက်စကိုအဖွဲ့ကြီး၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သတ်မှတ်ခြင်းခံရသည်။
- အဓိကတွင်းထွက်ပစ္စည်းများမှာ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ နီကယ်တို့ ဖြစ်သည်။
- ခရီးသွားလုပ်ငန်းသည် ဖိလစ်ပိုင်နိုင်ငံ၏ အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။
- မနီလာမြို့သည် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော်ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ဖိလစ်ပိုင်နိုင်ငံ၏ တည်နေရာ၊အကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်တို့ကို မြေပုံနှင့်တကွ ရှင်းပြပါ။

၂။ ဖိလစ်ပိုင်နိုင်ငံ၏ လူမျိုးများနှင့် ယဉ်ကျေးမှုအကြောင်းကို ရှင်းပါ။

၃။ ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရသည့် အကြောင်းရင်းများကို ရေးပါ။

# အခန်း(၅)
# လက်တွေ့ပထဝီဝင်

**နိဒါန်း**

- ပထဝီဝင်ဘာသာရပ်ကို လေ့လာမှတ်သားရာတွင် မြေပုံသည် မရှိမဖြစ်လိုအပ်သော အထောက်အကူပစ္စည်းဖြစ်သည်။ ဤအပိုင်းတွင် ဒေသတစ်ခု၏ပထဝီဝင်အကြောင်းအရာများကို စုံလင်စွာဖော်ပြနိုင်သော မြေပုံများဖြစ်သည့် မြေပြင်လက္ခဏာပြမြေပုံများ (Topographic Maps)အကြောင်းနှင့် ပကတိမြေပြင်၏ ပုံသဏ္ဌာန်အနေအထားကို အမှန်ကန်ဆုံးဖော်ပြနိုင်သည့် ကွန်တိုမြေပုံများအကြောင်းကို ရှင်းလင်းဖော်ပြထားသည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသောအကြောင်းအရာ**

- သတ္တမတန်းတွင် မြေပုံအမျိုးအစားများကို လေ့လာသိရှိခဲ့ပြီး မြေပြင်လက္ခဏာပြမြေပုံ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သိရှိခဲ့ပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။**

- မြေပြင်လက္ခဏာပြမြေပုံနှင့် ကွန်တိုမြေပုံများကို ဖော်ပြတတ်မည်။
- မြေမျက်နှာသွင်ပြင်အနိမ့်အမြင့် ဖော်ပြမှုနည်းလမ်းများကို ဖော်ပြတတ်မည်။
- မြေမျက်နှာသွင်ပြင် အမျိုးမျိုး၏ ကွန်တိုပုံများကို ဖော်ပြတတ်မည်။
- ကွန်တိုမြေပုံကို လေ့လာဖတ်ရှုတတ်မည်။

## ၅.၁ မြေပြင်လက္ခဏာပြမြေပုံများ (Topographic Maps)

**သင်ခန်းစာမိတ်ဆက်**

- မြေပြင်လက္ခဏာပြမြေပုံများမှာ ဒေသတစ်ခု၏ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်၊ စီးဆင်းနေသောမြစ်ချောင်းများ စသည့်သဘာဝမြေပြင်လက္ခဏာရပ်များ၊ လူတို့ပြုပြင်ဖန်တီးထားသည့် မြို့ရွာများ၊ လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို တိုင်းတာရေးဆွဲဖော်ပြထားသော မြေပုံများဖြစ်ကြသည်။

ကမ္ဘာမြေပြင်ပေါ်ရှိ သဘာဝအခြင်းအရာများ၊ လူနှင့်လူတို့ဖန်တီးထားသော အခြင်းအရာများ၏ ဆက်နွယ်ပျံ့နှံ့ပုံကို မြေပုံများပေါ်တွင်တင်ပြရေးဆွဲကြသည်။ အကြောင်းအရာတစ်ခုကိုအထူးပြုရေးဆွဲပြသသောအထူးပြုမြေပုံများရှိသကဲ့သို့ သဘာဝလက္ခဏာရပ်များ၊ လူမှုရေးလက္ခဏာရပ်

များ၊ စီးပွားရေးလက္ခဏာရပ်များကိုအမျိုးအစားစုံလင်စွာရေးဆွဲတင်ပြသောအထွေထွေမြေပုံများလည်းရှိသည်။

ကွန်တိုမြေပုံဆိုသည်မှာ ဖော်ပြပါမြေပြင်ဒေသ၏ မြေပြင်အနိမ့်အမြင့်အား နည်းလမ်းတစ်ခု သုံး၍ ဥပမာအားဖြင့် ကွန်တိုလိုင်းများဆွဲသား၍လည်းကောင်း၊ မြေပြင်အနိမ့်အမြင့်အား အရောင်အနုအရင့်ခြယ်သ၍သော်လည်းကောင်း ဖော်ပြထားသောမြေပုံကို ကွန်တိုမြေပုံဟု ခေါ်သည်။

မြေပြင်လက္ခဏာပြမြေပုံမှာဖော်ပြပါဒေသ၏မြေမျက်နှာသွင်ပြင်အရမြေပြင်အနိမ့်အမြင့်ကို လည်းကောင်း၊ မြေပြင်ပေါ်ရှိ ပထဝီဝင်ဆိုင်ရာ အခြင်းအရာများ၊ မြစ်ချောင်းများ၊ အင်းအိုင်များ၊ လူနေထိုင်ရာဒေသများ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ စိုက်ပျိုးမြေများစသည့် မြေအသုံးချမှုကိုလည်းကောင်း ယှဉ်တွဲဖော်ပြသောမြေပုံကို မြေပြင်လက္ခဏာပြမြေပုံဟုခေါ်သည်။

မြန်မာနိုင်ငံတွင် အသုံးပြုနေသော UTM (Universal Transverse Mercator Projection) မြေပုံ၊ အရိပ်ချစနစ်သုံးမြေပုံ (Map Projection) များကို

- စကေး ၁ း ၅၀၀၀၀ မြေပုံ
- စကေး ၁ း ၁၀၀၀၀၀ မြေပုံ နှင့်
- စကေး ၁ း ၂၅၀၀၀၀ မြေပုံ ဟူ၍ ထုတ်ဝေထားသည်။
- ၁း ၁၀၀၀၀၀၀ စကေးဖြင့် တစ်နိုင်ငံလုံးပြသနိုင်သော မြေပုံချပ်များလည်း ထုတ်ဝေပြီး ၎င်းတို့ကို နံရံကပ်မြေပုံ (Wall Map)အဖြစ် အသုံးပြုနိုင်သည်။

### ၅.၁.၁ မြေပြင်လက္ခဏာပြမြေပုံတွင်ပါဝင်သောအင်္ဂါရပ်များ

#### (၁) မြေပုံရေးဆွဲထားသောဘောင်

မြေပုံရေးဆွဲထားသောဘောင်မှာ မြေပုံ၏အဓိကအစိတ်အပိုင်းဖြစ်သည်။ ၁ း ၅၀၀၀၀ မြေပုံတွင်လတ္တီကျုနှင့်လောင်ဂျီကျုအကွာအဝေး၁၅မိနစ်ပတ်လည်အတွင်းရှိကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင် ပါဝင်သည့် ပထဝီဝင်ဆိုင်ရာ လက္ခဏာရပ်များကို ရေးဆွဲဖော်ပြထားသည်။ မြေပုံအတိုင်းအတာသည် စကေးအလိုက် ပြောင်းလဲရေးဆွဲထားသည်။ မြေပုံဘောင်ပတ်လည်တွင် လတ္တီကျု၊ လောင်ဂျီကျုတို့၏ တန်ဖိုးများနှင့် ဂရစ်မျဉ်းတန်ဖိုးများကို ရေးမှတ်ထားသည်။ ဂရစ်မျဉ်းများကို မီတာ ၁၀၀၀ စီ စိတ်ပိုင်းဖော်ပြထားသည်။

#### (၂) မြေပုံအနားသတ်ဘောင်

မြေပုံရေးဆွဲထားသော ဘောင်၏အပြင်ပိုင်းတွင် မျဉ်းထူဖြင့် အနားသတ်ရေးဆွဲထားသော ဘောင်ဖြစ်သည်။

#### (၃) ရည်ညွှန်းချက်

မြေပုံ၏အောက်လက်ဝဲဘက်တွင် မြေပုံပေါ်ပါသင်္ကေတများကို ရှင်းလင်းဖော်ပြထားသော

ရှည်ညွှန်းချက်ရှိသည်။

**(၄) မြေပုံစကေး**

မြေပုံ၏အောက်ဘက်အလယ်တွင် စကေးကိုစာတန်းစကေးဖြင့်လည်းကောင်း၊ ပုံပြစကေးဖြင့် လည်းကောင်း ဖော်ပြထားသည်။ မြေပုံ၏အောက်ဘက်လက်ယာဘက်တွင် စကေးအလိုက် ဆက်စပ်နေသော မြေပုံချပ်အမှတ်စဉ်များနှင့် လတ္တီကျုလောင်ဂျီကျုမျဉ်း၊ ဂရစ်မျဉ်းနှင့် အရပ်မျက်နှာ ညွှန်ပြချက်ကို မှတ်သားဖော်ပြထားသည်။

**(၅) မြေပုံခေါင်းစဉ်**

မြေပုံခေါင်းစဉ်ပိုင်းတွင် မြေပုံရေးဆွဲထားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြေပုံ၏ အမှတ်စဉ်ကို ဖော်ပြထားသည်။

## ၅.၁.၂ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့်အခြေအနေဖော်ပြမှုနည်းလမ်းများ

မြေမျက်နှာသွင်ပြင်အနိမ့်အမြင့်ကို နည်းသုံးမျိုးဖြင့် ဖော်ပြလေ့ရှိသည်။

(၁) အရောင်ခြယ်ပြသခြင်း

(၂) ဟက်ရှာမျဉ်းများ ဆွဲသားပြသခြင်းနှင့်

(၃) ကွန်တိုမျဉ်းများ ရေးဆွဲပြသခြင်းတို့ ဖြစ်သည်။

မြေပုံများပေါ်တွင် မြေပြင်အနိမ့်အမြင့်အခြေအနေများကို ဖော်ပြသောနည်းလမ်းများ အနက်အရောင်ခြယ်ပြသခြင်းနှင့် ဟက်ရှာမျဉ်းများဆွဲသားဖော်ပြခြင်းသည် မြေပုံဖတ်ရှုရာတွင် လွယ်ကူသော်လည်း တည်နေရာအလိုက် အမြင့်အတိအကျ ဖတ်ရှုနိုင်ခြင်း မရှိပေ။ ကွန်တိုမျဉ်းများဖြင့် ရေးဆွဲဖော်ပြထားသော မြေပုံတွင် မြေပြင်အနိမ့်အမြင့် အခြေအနေများကို တည်နေရာအလိုက် အတိအကျ တိုင်းတာဖော်ပြနိုင်သည်။

**(၁) အရောင်ခြယ်ပြသခြင်း**

မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ကွဲပြားမှုကို ပေါ်လွင်စေရန် အရောင်တစ်မျိုးတည်းကို အထူအပါးခွဲခြား၍လည်းကောင်း၊ အရောင်အမျိုးမျိုးခွဲခြား၍လည်းကောင်းပြသနိုင်သည်။ အနိမ့်မှ အမြင့်သို့ ဆေးသားပါးရာမှ ပို၍ထူအောင်ခြယ်လေ့ရှိသည်။ အရောင်ခွဲခြားရေးမှုတွင် အနိမ့်ပိုင်းများကို ဖျော့သောအရောင်၊ အမြင့်ပိုင်းများတွင်ရင့်သောအရောင်များ အသုံးပြုတတ်သည်။ အချို့ မြေပုံများတွင် မျဉ်းအစိပ်အကျဲဖြင့် ရေးဆွဲပြသည်။

**(၂) ဟက်ရှာမျဉ်းများဆွဲသားပြသခြင်း**

ဟက်ရှာမျဉ်းဆိုသည်မှာ အမြင့်မှအနိမ့်သို့ရေစီးရမည့်လမ်းကြောင်းကိုညွှန်ပြသောမျဉ်းတို

များ ဖြစ်သည်။ ဆင်ခြေလျှောမတ်စောက်သောနေရာတွင် ဟက်ရှာမျဉ်းများကို ခပ်စိပ်စိပ် ဆွဲသား ထားသည်။ ဟက်ရှာမျဉ်းကျဲကျဲ ရေးဆွဲသောနေရာများတွင် ဆင်ခြေလျှောမှာ ပြေပြစ်သည်။

**(၃) ကွန်တိုမျဉ်းများရေးဆွဲပြသခြင်း**

ကွန်တိုဆိုသည်မှာ ပင်လယ်ရေမျက်နှာပြင်မှ အမြင့် သို့မဟုတ် အနိမ့် တူညီသောနေရာများကို ဆက်သွယ်ရေးဆွဲထားသောမျဉ်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေများကို မြေပြင်တွင် သွားရောက်တိုင်းတာခြင်းဖြင့်ဖြစ်စေ၊ ကောင်းကင်ဓာတ်ပုံများရိုက်၍ တိုင်းတာခြင်းဖြင့် ဖြစ်စေ ရရှိနိုင်သည်။ မြေပြင်လက္ခဏာပြမြေပုံများတွင် အများအားဖြင့် ကွန်တိုမျဉ်းများကို အသုံးပြု လေ့ရှိသည်။

မြေပြင်လက္ခဏာပြမြေပုံများတွင် မြေပြင်အနိမ့်အမြင့် အခြေအနေများကို ကွန်တိုမျဉ်းများဖြင့် တိကျစွာရေးဆွဲဖော်ပြထားသည်။ ၎င်းမျဉ်းများ၏ အမြင့်များကို ကောင်းကင်ဓာတ်ပုံများမှ အခြေခံ၍ တည်နေရာအတိအကျ တိုင်းတာရေးဆွဲဖော်ပြထားခြင်းဖြစ်၍ ထိုမျဉ်းများမှတစ်ဆင့် တိုင်းတာရရှိသော အမြင့်များကို အသုံးပြု၍ ခေတ်မီပထဝီဝင် သတင်းအချက်အလက်နည်းပညာ (Geographic Information Systems-GIS)တွင် မြေပြင်အနိမ့်အမြင့်နှင့်ပတ်သက်သည့် သတင်း အချက်အလက်စနစ်များ တည်ဆောက်နိုင်သည်။ ထိုမှရရှိသော မြေပြင်အနိမ့်အမြင့် အခြေအနေ များအပေါ်မူတည်၍ ကွန်ပျူတာစနစ်ပေါ်တွင် အပေါ်ဘက်၊ အောက်ဘက်၊ ဘေးဘက် သုံးဖက် မြင်ရုပ်လုံးကြွ မြေပြင်အခြေအနေများကို လေ့လာကြည့်ရှုနိုင်သည်။

**အဓိကအချက်များ**

- မြေပြင်လက္ခဏာပြမြေပုံမှာ ဖော်ပြပါဒေသ၏ မြေမျက်နှာသွင်ပြင်အရ မြေပြင်အနိမ့် အမြင့်ကိုလည်းကောင်း၊ မြေပြင်ပေါ်ရှိ ပထဝီဝင်ဆိုင်ရာ အခြင်းအရာများ၊ မြစ်ချောင်း များ၊ အင်းအိုင်များ၊ လူနေထိုင်ရာဒေသများ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ စိုက်ပျိုးမြေများ စသည့် မြေအသုံးချမှုကိုလည်းကောင်း ယှဉ်တွဲဖော်ပြသောမြေပုံကို မြေပြင်လက္ခဏာပြမြေပုံ ဟုခေါ်သည်။
- မြေပြင်လက္ခဏာပြမြေပုံတွင်ပါဝင်သောအင်္ဂါရပ်များမှာ မြေပုံရေးဆွဲထားသောဘောင်၊ မြေပုံအနားသတ်ဘောင်၊ ရည်ညွှန်းချက်၊ မြေပုံစကေးနှင့် မြေပုံခေါင်းစဉ်တို့ဖြစ်သည်။
- မြေပြင်လက္ခဏာရပ်များကို အရောင်ခြယ်ပြသခြင်းနည်း၊ ဟက်ရှာမျဉ်းများဆွဲသား ဖော်ပြခြင်းနည်းနှင့် ကွန်တိုမျဉ်းများရေးဆွဲပြသခြင်းနည်းတို့ဖြင့် ဖော်ပြနိုင်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ မြေပြင်လက္ခဏာပြမြေပုံ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

၂။ မြေပြင်လက္ခဏာပြမြေပုံတွင် ပါဝင်သောအင်္ဂါရပ်များကို ရှင်းပြပါ။

၃။ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့် အခြေအနေဖော်ပြမှုနည်းလမ်း ၃ မျိုးကိုဖော်ပြပါ။

## ၅.၂ ကွန်တိုမြေပုံများ

**သင်ခန်းစာမိတ်ဆက်**

- ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ချင်းတူညီသော နေရာတစ်လျှောက် မြေပုံပေါ်တွင် သတ်မှတ်ရေးဆွဲထားသော မျဉ်းကို အမြင့်တူပြမျဉ်း သို့မဟုတ် ကွန်တိုမျဉ်းဟုခေါ်သည်။ ကွန်တိုမျဉ်းများဖြင့်ရေးဆွဲထားသော မြေပုံများကို ကွန်တိုမြေပုံဟုခေါ်သည်။
- ကွန်တိုမြေပုံများကို မြေပြင်ပေါ်ရှိ တည်နေရာ အမြင့်များကို တိုင်းတာခြင်းဖြင့်လည်းကောင်း၊ မြေပြင်လက္ခဏာပြမြေပုံများကိုအခြေခံ၍လည်းကောင်း ရေးဆွဲနိုင်သည်။

ကွန်တိုမြေပုံသည် အပေါ်မှစီး၍ ကြည့်လျှင်မြင်ရမည့် မြေမျက်နှာသွင်ပြင်အခြေအနေကို ဖော်ပြထားသည့်ပုံဖြစ်သည်။ ကွန်တိုမျဉ်းများသည်စိတ်ကူးဖြင့်ဖော်ပြထားသောမျဉ်းများဖြစ်သည်။ မြေပြင်လက္ခဏာပြမြေပုံပါ မြေမျက်နှာသွင်ပြင်အခြေအနေများကို နားလည်သဘောပေါက်ရန်၊ ကွန်တိုမျဉ်းများအကြောင်းကို နားလည်ရန်လိုအပ်သည်။

ပုံ (၅. ၁)တွင် ထုပုံနှင့်ကွန်တိုမြေပုံကို နှိုင်းယှဉ်ဖော်ပြထားသည်။ ကွန်တိုမြေပုံ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာသိမြင်နိုင်ရန် လက်တွေ့ပြုလုပ်ကြည့်နိုင်သည်။ ၅ လက်မခန့်မြင့်သော တောင်ကုန်းငယ်တစ်ခု ပြုလုပ်ပါ။ ရွှံ့စေး၏ ပုံတူကို ရွှံ့စေးပုံစံငယ်တစ်ခု ပြုလုပ်ပါ။ ရွှံ့စေး တောင်ကုန်းကို ၁ လက်မအမြင့်တိုင်းတွင် အမှတ်အသားများပြုလုပ်ပြီး ထိုအမှတ်များကို ဆက်ပါ။ ထို့နောက် တောင်ပုံတူကို အပေါ်မှစီး၍ လေ့လာပါ။ အပေါ်စီးမှကြည့်လျှင် မြင်ရသည့် ကွန်တိုမျဉ်းများ၏ အနေအထားအတိုင်း ကွန်တိုမြေပုံတစ်ခု ရေးဆွဲပါ။ ထို့နောက် ပုံတူနှင့် ကွန်တိုမြေပုံတို့ကို နှိုင်းယှဉ်ကြည့်ပါ။ တောင်ထိပ်၊ တောင်ခြေရင်းတို့သည် ကွန်တိုမြေပုံ၏ မည်သည့် အပိုင်းတွင်ရှိသည်ကို လေ့လာပါ။




ပုံ (၅.၁)

အဌမတန်း

ပုံ (၅. ၂)တွင် ပင်လယ်ရေပြင်အထက်အမြင့်ပေများကို ဖော်ပြထားသည်။ တူညီသောအမြင့်ပေရှိသည့်အမှတ်အသားများကိုဆက်သွယ်လိုက်သောအခါပုံ(၅. ၃)တွင်ဖော်ပြထားသည့်အတိုင်း ကွန်တို မြေပုံရရှိနိုင်သည်။




ပုံ (၅.၂)




ပုံ (၅.၃)

**အမြင့်ပေမှတ်သားနည်း**

ကွန်တိုမျဉ်းများ ရေးဆွဲပြီးသောအခါ အမြင့်ပေများကို မှတ်သားထားပြီး ဖော်ပြထားသည်။ ကွန်တိုမြေပုံတစ်ခုတွင် အမြင့်ပေကွာခြားချက်တစ်မျိုးသာလျှင် အသုံးပြုသည်။ ဥပမာ - ၁၀၀ ပေ၊ ၂၀၀ ပေ၊ ၃၀၀ ပေ စသည်ဖြင့် ပေ ၁၀၀ စီကွာခြား၍သော်လည်းကောင်း၊ ၅၀ ပေ၊ ၁၀၀ ပေ၊ ၁၅၀ ပေ စသည်ဖြင့် ပေ ၅၀စီ ကွာခြား၍လည်းကောင်းထားနိုင်သည်။

ကွန်တို အမြင့်ပေ မှတ်သားနည်း နှစ်မျိုးရှိရာ ၎င်းတို့မှာ

(က) ကွန်တိုမျဉ်းကြောင်းပေါ်တွင် မှတ်သားနည်း

(ခ) ကွန်တိုမျဉ်းကြောင်း၏မြင့်ရာဘက်တွင်ကပ်၍ မှတ်သားနည်း။ ပုံ (၅. ၄)က နှင့် (၅. ၄) ခ တို့သည် မှန်သောမှတ်သားနည်းများ ဖြစ်ကြသည်။ ပုံ (၅. ၅) ကနှင့် ပုံ (၅. ၅) ခ တို့သည် မှားသောမှတ်သားနည်းများ ဖြစ်သည်။




ပုံ (၅. ၄) (က)
မှန်သောမှတ်သားနည်း




ပုံ (၅. ၄) (ခ)
မှန်သောမှတ်သားနည်း

ပုံ (၅. ၅) (က)
မှားသောမှတ်သားနည်း




ပုံ (၅. ၅) (ခ)
မှားသောမှတ်သားနည်း




**မြေမျက်နှာသွင်ပြင်အမျိုးမျိုး၏ ကွန်တိုပုံများ**

ပကတိမြေပြင်လက္ခဏာများ အမျိုးမျိုးကွဲပြားနေသကဲ့သို့ ကွန်တိုမြေပုံများသည်လည်း မြေပြင်လက္ခဏာကိုလိုက်၍ ကွဲပြားခြားနားနေသည်။ ထို့ကြောင့် မြေမျက်နှာသွင်ပြင်အမျိုးမျိုး၏ ကွန်တိုပုံများကို လေ့လာရန်လိုအပ်သည်။

## ဆင်ခြေလျှော

ကွန်တိုမျဉ်း တစ်ကြောင်းနှင့် တစ်ကြောင်း နီးကပ်စွာတည်ရှိလျှင် မတ်စောက်သော ဆင်ခြေလျှော ရှိသည်။ ကွန်တိုမျဉ်းတစ်ကြောင်းနှင့်တစ်ကြောင်း ဝေးကွာစွာတည်ရှိလျှင် ပြေပြစ်သော ဆင်ခြေလျှောရှိသည်။




ပုံ (၅.၆)




ပုံ (၅.၇)ညီညာသောဆင်ခြေလျှော

ကွန်တိုမျဉ်းတစ်ကြောင်းနှင့် တစ်ကြောင်း အကွာအဝေး တူညီလျှင် ညီညာသောဆင်ခြေလျှောရှိသည်။ ကွန်တိုမျဉ်းများသည် အနိမ့်ပိုင်းကျဲ၍ အမြင့်ပိုင်းတွင်စိပ်လျှင် ခွက်သော ဆင်ခြေလျှော ရှိသည်။




ပုံ (၅.၈) ခုံးသောဆင်ခြေလျှော

ကွန်တိုမျဉ်းများသည် အနိမ့်ပိုင်းတွင်စိပ်၍ အမြင့်ပိုင်းတွင် ကျဲလျှင် ခုံးသောဆင်ခြေလျှော ရှိသည်။

### တောင်နှင့်တောင်ကုန်း

ဆင်ခြေလျှောအောက်ခြေမှ အထက်ဘက်သို့ ဆင်ခြေလျှော မတ်စောက်သောကုန်းမြေကို တောင်ဟု ခေါ်ပြီး တောင်ထက်နိမ့်သောအပိုင်းကို တောင်ကုန်းဟု ခေါ်သည်။ ပုံ (၅.၉) သည် ကတော့ပုံ တောင်ကုန်းတစ်ခု၏ ပုံဖြစ်သည်။




ပုံ (၅.၉) တောင်နှင့်တောင်ကုန်း

## ကုန်းပြင်မြင့်

အနိမ့်ပိုင်းတွင် ကွန်တိုမျဉ်းများစိပ်ပြီး အမြင့်ပိုင်းတွင် ကွန်တိုမျဉ်း အလွန်ကျဲနေလျှင် ကုန်းပြင်မြင့်ဖြစ်သည်။



ပုံ (၅.၁၀) ကုန်းပြင်မြင့်

## တောင်တန်းနှင့်တောင်ကြား

တောင်ပုံ ကွန်တိုမျဉ်းများ နီးကပ်စွာသွယ်တန်းတည်ရှိနေလျှင် တောင်တန်းဖြစ်သည်။ တောင်ထိပ်တစ်ခုနှင့်တစ်ခုကြားရှိ အလွန်နိမ့်ကျစွာတည်ရှိသောနေရာမှာ တောင်ကြားဖြစ်သည်။



ပုံ (၅.၁၁) တောင်တန်းနှင့်တောင်ကြား




ပုံ (၅.၁၂) တောင်စွယ်

**တောင်စွယ်**

ကွန်တိုမျဉ်းများ နိမ့်ရာဘက်သို့ ကွေးထွက်နေသော နေရာသည် တောင်စွယ် ဖြစ်သည်။

**ချိုင့်ဝှမ်း**

ကွန်တိုမျဉ်းများ မြင့်ရာဘက်သို့ ကွေးထွက်နေသော နေရာသည် ချိုင့်ဝှမ်းဖြစ်သည်။

**မြစ်ချောင်း**

ကွန်တိုမျဉ်းများသည် သာမန်အားဖြင့် တစ်ကြောင်းနှင့်တစ်ကြောင်းဖြတ်သွားခြင်း မရှိပေ။ ကွန်တိုမျဉ်းများကို ကန့်လန့်ဖြတ်၍နေသောမျဉ်းကောက်သည် မြစ် သို့မဟုတ် ချောင်းဖြစ်သည်။ မြစ်ချောင်းတို့သည် ချိုင့်ဝှမ်းတစ်လျှောက်စီးဆင်းပါက မြစ်ချောင်းဖြတ်သော နေရာ၌ ကွန်တိုမျဉ်းများသည် မြင့်ရာဘက်သို့ ကွေ့ဝင်နေသည်။




ပုံ (၅.၁၃) မြစ်၊ ချောင်း

ကွန်တိုမြေပုံတွင် မြစ်ချောင်းတိုင်းသည် ကွန်တိုမျဉ်းကို အစဉ်ဖြတ်မည် မဟုတ်ပေ။ ညီညာသောမြေပြင်ကိုဖြတ်သန်းစီးဆင်းနေသော မြစ်ချောင်းတို့သည် ကွန်တိုမျဉ်းနှင့်အပြိုင် တည်ရှိနေနိုင်သည်။

ကွန်တိုမြေပုံများကို မြေပြင်လက္ခဏာပြမြေပုံများမှ ထုတ်နုတ်ရေးဆွဲ၍သော်လည်းကောင်း၊ မြေပြင်ပေါ်တွင်မြေတိုင်းကိရိယာတစ်ခုခုဖြင့် တိုင်းတာ၍သော်လည်းကောင်း ရေးဆွဲနိုင်သည်။

ပုံ (၅. ၁၄) သည် မြေပြင်လက္ခဏာပြမြေပုံမှ ထုတ်နုတ်ရေးဆွဲထားသော ကွန်တိုမြေပုံဖြစ်သည်။

ထိုကဲ့သို့ ရေးဆွဲထားသောပုံများကို အသုံးပြု၍လည်း ဒေသတစ်ခု၏ ရုပ်ဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ ပထဝီဝင်အခြေအနေများကို ဖတ်ရှုလေ့လာနိုင်သည်။ ထိုမြေပုံများရေးဆွဲရာတွင် အသုံးပြုသောမြေပုံသင်္ကေတများကိုလည်း မြေပြင်လက္ခဏာပြပုံများတွင် အသုံးပြုသော သင်္ကေတများအတိုင်း အသုံးပြုနိုင်သည်။

**သင်္ကေတများ ရည်ညွှန်းချက်**

ကွန်တိုမြေပုံများတွင် ရေးဆွဲထားသော သွင်ပြင်လက္ခဏာရပ်များကို မြေပြင်လက္ခဏာပြမြေပုံများတွင် အစဉ်အလာအားဖြင့် သုံးစွဲသည့်သင်္ကေတများဖြင့် ဖော်ပြလေ့ရှိသည်။



ကွန်တိုမြေပုံဖတ်ရှုရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကွန်တိုမြေပုံကို ဖတ်ရှုလေ့လာတတ်ရန် လိုအပ်သည်။ ထိုသို့လေ့လာရာ၌ ကွန်တိုမျဉ်းများ၏အကြောင်းကို ကြေညက်စွာသိရှိနားလည် သဘောပေါက်ထားမှသာ မြေပုံပေါ်တွင်ပါရှိသည့်ကွန်တိုမျဉ်းများ၏ အနေအထားကိုကြည့်၍ ပကတိမြေပြင်အသွင်အပြင်ကို သိရှိနိုင်မည်။
- ကွန်တိုမြေပုံတွင်ဖော်ပြထားသော ရည်ညွှန်းချက်များ ဖြစ်သည့် မြို့ရွာ၊ လမ်း၊ သစ်တော၊ တူးမြောင်းစသည့်အမှတ်အသားများကိုကြည့်ရှုလေ့လာပြီး မြေပုံပါဒေသတစ်ခု၏ သဘာဝအခြေအနေ၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို စုံလင်စွာသိရှိအောင် လေ့လာနိုင်မည်။ သို့မှသာ မြေပုံပါဒေသ၏အကြောင်းအရာကို ဖတ်ရှုရေးသားနိုင်မည် ဖြစ်သည်။
- ကွန်တိုမြေပုံများပေါ်တွင် အရပ်မျက်နှာအညွှန်းကိုလည်းဖော်ပြလေ့ရှိသည်။ ထိုအရပ်မျက်နှာအညွှန်းအရ မြေပုံပါအခြင်းအရာများ၏ တည်နေရာဆက်နွယ်မှုများကို ဖော်ပြနိုင်သည်။
- ကွန်တိုမြေပုံ၏အောက်တွင် ထိုမြေပုံ၏အလျားလိုက်စကေးကို ဖော်ပြထားလေ့ရှိသည်။ အလျားလိုက်စကေးဆိုသည်မှာ ပကတိမြေပြင်ပေါ်ရှိ အမှတ်နှစ်နေရာ၏ အလျားလိုက်အကွာအဝေးကို မြေပုံပေါ်တွင် အကျဉ်းချုံးဖော်ပြထားသော သတ်မှတ်ချက်ပင်ဖြစ်သည်။ ထိုစကေးကို အသုံးပြု၍ တည်နေရာများ၏ အကွာအဝေးကို တိုင်းတာတွက်ချက်နိုင်သည်။
- ကွန်တိုမြေပုံပါဒေသ၏ အလျားအနံကို တိုင်းတာ၍ စကေးအရ မြေပြင်အကွာအဝေးကို ရှာပြီး အလျားနှင့်အနံကို မြှောက်ကာ ထိုဒေသ၏ မြေပြင်ဧရိယာကို တွက်ချက်နိုင်ပါသည်။

**ပုံ(၅.၁၄) ကို လေ့လာပြီး အောက်ပါတို့ကို ဖြေဆိုပါ။**

၁။ ဤပုံတွင်ပါရှိသည့် ဒေသ၏ဧရိယာသည် မည်မျှရှိသနည်း။

၂။ ဤပုံသည် ကွန်တိုအမြင့်ပေခြားနားခြင်း မည်မျှဖြင့်ရေးဆွဲထားသောပုံဖြစ်သနည်း။

၃။ ဤပုံပါဒေသ၏ တောင်တန်းများသည် မည်ကဲ့သို့သွယ်တန်းနေသနည်း။

၄။ ကသဘတောင်သည် မည်မျှမြင့်သနည်း။

၅။ သင်းတော်ချောင်းသည် မည်သည့်ဘက်မှ မည်သည့်ဘက်သို့ စီးဆင်းသနည်း။

၆။ ရေတွင်းဖြူနှင့် ဒရိုးရွာကို အဖြောင့်တိုင်းလျှင် မိုင်မည်မျှကွာဝေးသနည်း။

၇။ ဤဒေသကို ဖြတ်သန်းသွားသော မီးရထားလမ်းသည် မည်သည့်မြို့များကို ဆက်သွယ်ထားသနည်း။

၈။ ဤဒေသတွင် မည်သည့်စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသနည်း။

ကျိုက်ထော်၊ သိမ်ဆိပ် ပတ်ဝန်းကျင်မြေပုံ




ပုံ (၅.၁၄)

မှတ်ချက်။ ။ အောက်ပါမျဉ်းစကေးကိုအသုံးပြုပြီးတိုင်းတာတွက်ချက်နိုင်ပါသည်။

၁ မိုင် ၀ မိုင် ၁ မိုင် ၂ မိုင် ၃ မိုင်

**အဖြေ**

၁။ ဤပုံတွင်ပါရှိသည့် ဒေသ၏ဧရိယာသည် ၂၉ စတုရန်းမိုင်ဖြစ်ပါသည်။

၂။ ဤပုံသည် ကွန်တိုအမြင့်ပေခြားနားခြင်း ပေ ၁၀၀ ဖြင့် ရေးဆွဲထားသောပုံဖြစ်ပါသည်။

၃။ ဤပုံပါဒေသ၏ တောင်တန်းများသည် မြောက်မှ တောင်သို့ သွယ်တန်းနေပါသည်။

၄။ ကဿဖတောင်သည် ပေ ၈၀၀ ကျော်မြင့်ပါသည်။

၅။ သင်းတော်ချောင်းသည် အရှေ့မြောက်မှ အနောက်တောင်သို့ စီးဆင်းနေပါသည်။

၆။ ရေတွင်းဖြူနှင့် ဒရိုးရွာကို အဖြောင့်တိုင်းလျှင် ၇ မိုင် ကွာဝေးပါသည်။

၇။ ဤဒေသကို ဖြတ်သန်းသွားသော မီးရထားလမ်းသည် ရန်ကုန်မြို့နှင့် သထုံမြို့များကို ဆက်သွယ်ထားပါသည်။

၈။ ဤဒေသတွင် ရော်ဘာခြံစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

**အဓိကအချက်များ**

- ကွန်တိုဆိုသည်မှာ ပင်လယ်ရေမျက်နှာပြင် အမြင့် သို့မဟုတ် အနိမ့် တူညီသောနေရာများကို ဆက်သွယ်ရေးဆွဲထားသောမျဉ်း ဖြစ်သည်။
- ကွန်တိုမြေပုံတစ်ခုတွင် အမြင့်ပေကွာခြားချက်တစ်မျိုးသာလျှင် အသုံးပြုသည်။
- ကွန်တိုမြေပုံများသည်လည်း မြေပြင်လက္ခဏာကိုလိုက်၍ ကွဲပြားခြားနားနေသည်။
- ကွန်တိုမျဉ်းများသည် သာမန်အားဖြင့် တစ်ကြောင်းနှင့်တစ်ကြောင်းဖြတ်သွားခြင်း မရှိပေ။
- ကွန်တိုမျဉ်းများကို ကန့်လန့်ဖြတ်၍နေသောမျဉ်းကောက်သည် မြစ် သို့မဟုတ် ချောင်း ဖြစ်သည်။
- ကွန်တိုမြေပုံတွင်ဖော်ပြထားသော ရည်ညွှန်းချက်များဖြစ်သည့် မြို့၊ ရွာ၊ လမ်း၊ သစ်တော၊ တူးမြောင်းစသည့် အမှတ်အသားများကို ကြည့်ရှုလေ့လာပြီး မြေပုံပါဒေသတစ်ခု၏ သဘာဝအခြေအနေ၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို စုံလင်စွာသိရှိအောင် လေ့လာနိုင်မည်ဖြစ်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ကွန်တိုမြေပုံ၏ အဓိပ္ပာယ်ကိုရှင်းပြပါ။

၂။ ကွန်တိုမျဉ်းများ၏ အနေအထားများကို လေ့လာ၍ မြေမျက်နှာသွင်ပြင်ကို မည်သို့ ခွဲခြား နိုင်သနည်း။